ရှေးဟောင်းမြင့်မြတ်ခန္ဓာမှစတင်၍
(ကျွင်းရှောင်ယောက်)

မူရင်း စာစဉ်အမည် ; Scoring the Sacred Body of the Ancients from the Get-go

မူရင်း စာရေးသူ ; God j

ဘာသာပြန် ; နိုင်လင်းအောင်

အခန်း (၂၇၁) မျိုးဆက်သုံးခု ရှေးဦးဝိညာဉ်၊ ရူးသွပ်ဖွယ် အောင်မြင်မှုများ၊ ဆယ့်လေးနှစ်ဖြင့် တုန်ထျန်းနယ်ပယ်က နှုးလွန်းသည်။

ကျောက်စင်မြင့်ပေါ်တွင် တင်ပျဉ်ခွေထိုင်နေသော ကျွင်းရှောင်ယောက်၏ တကိုယ်လုံးကို ရောင်စုံမီးတောက်များက တောက်လောင်သွားသည်။

ထိုရှိကောရာဇမီးသည် အလွန်ပြင်းထန်သောကြောင့်
အခြားပါရမီရှင်များဆိုလျှင် ကိုးဆယ်ရာခိုင်နှုန်းက
ကျဆုံးသွားရမည် ဖြစ်သည်။

ကျွင်းရှောင်ယောက်ကတော့
ကြိုတင်ပြင်ဆင်မှုတစ်စုံတစ်ရာမရှိဘဲ
နီဗာနားနယ်ပယ်ကို တိုက်ရိုက် ချိုးဖြတ်ခဲ့ပေသည်။

ထို့နောက် တုန်လှုပ်စရာတစ်ခု ဖြစ်လာသည်။

ထိုရှိကောရာဇမီးက ကျွင်းရှောင်ယောက်ကို
မည်သည့်အန္တရာယ်မျှ မဖြစ်စေခဲ့ပေ။

ကျွင်းရှောင်ယောက်၏ ခန္ဓာကိုယ်တစ်ခုလုံးက
ထိုရှိကောရာဇမီးဖြင့် လောင်ကျွမ်းမှုဒဏ်ကို
ခံစားခဲ့ရသည်။

သို့သော်လည်း သူ့အမူအရာက အနည်းငယ်မျှ
မပြောင်းလဲဘဲ နာကျင်မှု အရိပ်အယောင်ပင် မရှိပေ။

သူပုံစံသည် တရားထိုင်နေသော ရဟန်းတစ်ပါးနှင့်ပင်
တူလှသည်။

ကျွင်းရှောင်ယောက်၏ ခန္ဓာကိုယ်ထဲတွင် သန်မာသော
သွေးနှင့် စွမ်းအားတို့က ဆူပွက်နေလေသည်။

"ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ"

ဝမ်ချမ်၊ ရှောင်မိုရှန်း၊ ကျိုချင်းရီနှင့်
အခြားသူများလည်း အံ့ဩလွန်း၍ ပါးစပ်ပင်
ပြန်မစေ့နိုင်ကြတော့ပေ။

နီဗာနားနယ်ပယ်သည် အခက်အခဲကြီး၍
ပြင်ဆင်မှုမရှိပါက ကျဆုံးသွားတတ်သည်။

သူတို့ကဲ့သို့ ထိပ်တန်း ပါရမီရှင်များသည်ပင်
နီဗာနားနယ်ပယ်သို့ ချီုးဖြတ်ပါက ဆေးလုံး၊
အင်မော်တယ်ဆေးပင်၊ တာအိုကာကွယ်သူများ...
စသည်တို့ကို လိုအပ်သည်။

ကျွင်းရှောင်ယောကကတော့
တစ်ယောက်တည်းဖြစ်ပြီး ဘာအကူအညီမှမပါဘဲ
တိုက်ရိုက်စတင်ခဲ့ပေသည်။

သို့သော်လည်း သူ့အတွက် ဘာမန္တရာယ်မျှ ရှိပုံမရပေ။

"တာအိုရောင်းရင်း အစ်ကိုရှောင်ယောက်ကို
နားလည်ပြီလို့ ငါထင်ခဲ့တာ၊ အခုတော့..."

ကျွင်းရှောင်ယောက်၏ လူပ်ရှားမှုက ကျိုချင်းရီကို
ပြောစရာစကား ကင်းမဲ့သွားစေခဲ့သည်။

အံ့ဩစရာဆိုတာထက် ဘာမှပြောစရာမရှိတော့ပေ။

ကျွင်းရှောင်ယောက်၏ ခန္ဓာကိုယ်နှင့်
အစစ်အမှန်ဝိညာဉ်က ပြောင်းလဲစပြုလာသည်။

သူ ထိုရှိကေရာဇ်မီးကို ခံနိုင်ရခြင်းက
အကြောင်းရှိသည်။

ထိုအကြောင်းရင်းမှာ ကျွင်းရှောင်ယောက်၏
ခန္ဓာကိုယ်ရှိ နတ်ဘုရား၏မူလကြောင့် ဖြစ်သည်။

ကျွင်းရှောင်ယောက်က သူ့ခန္ဓာကိုယ်ကို ကာကွယ်ရန်

စကြဝဠာ၏ မူလစွမ်းအား ကြီးမျှင်တစ်ခုကို
ထုတ်လွှတ်လိုက်သည်။

ထို့ကြောင့် ကောရာဇမီးက ပိုအားကောင်းလျှင်ပင်
ကျွင်းရှောင်ယောက်ကို ပြင်းပြင်းထန်ထန်
ထိခိုက်စေနိုင်မည် မဟုတ်ပေ။

ထိုရှိကောရာဇမီးက ပိုမိုပြင်းထန်လေလေ၊
ကျွင်းရှောင်ယောက်၏ ရိတ်သိမ်းမှုက
ကြီးလေလေဖြစ်သည်။

သူ့စိတ်ထဲတွင် အစစ်အမှန်ဝိညာဉ်က
ရောင်စုံကောရာဇမီးတွင် နစ်မြုပ်ပြီး နက်နဲသော
အသွင်ကူးပြောင်းမှုကို စတင်လာသည်။

ဤချိုးဖြတ်မှုက ခုနစ်ရက် ခုနစ်ည

ကြာမြင့်ခဲ့ပေသည်။

ဝမ်ချမ်နှင့် အခြားလူများကလည်း ထွက်ခွာမသွားဘဲ
ဂရုတစိုက် စောင့်ကြည့်နေခဲ့ကြသည်။

ဌင်းတို့အတွက် ကျွင်းရှောင်ယောက်ကို
ဝင်ရောက်စွက်ဖက်ရန် သို့မဟုတ် နှောင့်ယှက်ရန်တော့
အစီစဉ်မရှိပေ။

အကြောင်းမှာ ဌင်းတို့က ကျွင်းရှောင်ယောက်နှင့်
နီးကပ်နေသရွေ့ ထိုရှိကောရာဇ်မီးသည်
ဌင်းတို့ကိုလည်း လောင်ကျွမ်းမည် ဖြစ်သည်။

ဝမ်ချမ်နှင့် အခြားသူများသည်
ကျွင်းရှောင်ယောက်မဟုတ်ဘဲ ဤမီးတောက်ကို
ခံနိုင်ရည်မရှိကြပေ။

"အစ်ကိုရှောင်ယောက် အောင်မြင်မှာ သေချာတယ်"
ကျန်းလေ့လီက မစိုးရိမ်တော့ပေ။

ကျွင်းရှောင်ယောက်က သူ့ကိုယ်ပိုင်လမ်းကိုပင်
ဖွင့်လှစ်သွားနိုင်သည်၊ ဤနီဗာနားက
ဘာမျှဖြစ်နိုင်ပါမည်နည်း။

ကျွင်းရှောင်ယောက်၏ အသိစိတ်နန်းတော်အတွင်းရှိ
စိတ်ဝိညာဉ်သည် နောက်ဆုံးတွင် ပုံသဏ္ဌာန်အဖြစ်သို့
ပြောင်းလဲသွားခဲ့သည်။

ပုံမှန်အားဖြင့် ဝိညာဉ်သည် မီးလောင်ကျွမ်းခြင်းကို
အကြောက်ရွံ့ဆုံး ဖြစ်သင့်သည်။

ယခုမူ ကျွင်းရှောင်ယောက်၏ အစစ်အမှန်ဝိညာဉ်က လုံးဝ မကြောက်ပေ။

မီးတောက်များ၏ လောင်ကျွမ်းမှုအောက်မှာပင် စိတ်ဝိညာဉ်က ပြောင်းလဲသွားခဲ့သည်။

ဤတွင် ပန်းသုံးပွင့် ထွက်ပေါ်လာခဲ့၏။

ပန်းတစ်ပွင့်က နှစ်များ၏ အရှိန်အဝါဖြင့် အတိတ်တွင် ရှိပုံရပေသည်။

ပန်းတစ်ပွင့်သည်ကား အမှန်တစ်ဝက် အမှားတစ်ဝက်နှင့် အနာဂတ်တွင် တည်ရှိနေသကဲ့သို့ အချိန်အပိုင်းအစများအတွင်း၌ ရှိနေသည်။

နောက်ဆုံးပန်းပွင့်ကတော့ အနှိုင်းမဲ့
ကြီးကျယ်ခမ်းနားပြီး တောက်ပကာ မြင့်မြတ်သည်။
ၚင်းပေါ်တွင်ကား ရှေးဦးဝိညာဉ်က ကြာပန်းသဏ္ဌာန်
ထိုင်နေလေသည်။

ၚင်းက ကျွင်းရှောင်ယောက် သေးသေးလေးနှင့်တူပြီး
တကိုယ်လုံးမှာလည်း အင်မော်တယ်ချီများ
ပြည့်နှက်နေသည်။

"ဒါက..."

ကျွင်းရှောင်ယောက်လည်း သူ၏ အသိစိတ်အတွင်းကို
အံ့အားသင့်စွာဖြင့် ကြည့်လိုက်သည်။

သူ၏ နတ်နန်းတော်တွင် အတိတ်၊ ပစ္စုပ္ပန်နှင့်
အနာဂတ်ကို ကိုယ်စားပြုသည့် ပန်းသုံးပွင့်
ပေါ်လာသည်။

ပန်းသုံးပွင့်တွင် ပစ္စုပ္ပန်ပန်းတစ်ပွင့်တည်းသာ
ရှေးဦးဝိညာဉ်ကိုယ်ပွားကို ထင်ရှားစေခဲ့၏။

တခြားပန်းနှစ်ပွင့်သည်ကား ဘာမျှမရှိပေ။

'ဒါက ရှေးဦးဝိညာဉ်သုံးခုများလား'

ကျွင်းရှောင်ယောက် အလွန်အံ့သြသွားသည်။

ထိုအကြောင်းကို ကျွင်းမိသားစု၏
လျှို့ဝှက်ကျမ်းတစ်ခုအတွင်း၌
အမှတ်မထင်တွေ့မြင်ခဲ့ဖူးသည်။

တတိယရှေးဦးဝိညာဉ်မှာ အရှားပါးဆုံး
ရှေးဦးဝိညာဉ်ဖြစ်သည်။

ၚင်းကို အောင်မြင်စွာ လေ့ကျင့်နိုင်ပါက အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဟူသော ရှေးဦးဝိညာဉ်သုံးခုက ပန်းများပေါ်တွင် ကြာပန်းသဏ္ဌာန် ထိုင်နေပေလိမ့်မည်။

ၚင်းရှေးဦးဝိညာဉ်များတွင် တစ်ခုကျန်နေသေးသရွေ့ မသေဆုံးဘဲ ရှင်သန်နေနိုင်မည် ဖြစ်သည်။

ယင်းက အလွန်ကြောက်စရာကောင်းပြီး ကောင်းကင်ကိုပင် ဆန့်ကျင်နိုင်ပေသည်။

ထို့ပြင် ရှေးဦးဝိညာဉ်သုံးခုတွင် အမျိုးမျိုးသော အထူးစွမ်းရည်များ ရှိပြီး ယခုအချိန်တွင် ရှင်းပြရန်မှာ ခက်ခဲသည်။

ကျွင်းရှောင်ယောက်သည်ပင်
ရှေးဦးဝိညာဉ်သုံးခုအဖြစ် ပြောင်းလဲနိုင်လိမ့်မည်ဟု
မမျှော်လင့်ထားပေ။

ဤသည်မှာ ထိပ်တန်းအဆင့်ရှိ ဝိညာဉ်ဖြစ်သည်မှာ
သေချာသည်။ ခေတ်ကာလတစ်လျှောက်လုံး ၎င်းနှင့်
ယှဉ်နိုင်သော ရှေးဦးဝိညာဉ်များ မရှိခဲ့ပါချေ။

'ဒီတစ်ခေါက် ရိုတ်သိမ်းရတာ တကယ်ကောင်းတာပဲ'

ကျွင်းရှောင်ယောက် ကိုယ်တိုင်ပင်
သက်ပြင်းချလိုက်မိသည်။

သူ၏ အင်မော်တယ်မျိုးစေ့က နတ်ဘုရား၏မူလ
ဖြစ်သည်။

သူ၏ရှေးဦးဝိညာဉ်ကလည်း

ခေတ်များတစ်လျှောက်တွင် အစွမ်းထက်ဆုံးသော
ရှေးဦးဝိညာဉ် ဖြစ်၏။

ရှေးဦးဝိညာဉ်သုံးခု ဖွဲ့စည်းလာပြီးနောက်တွင်...

အစောပိုင်း နီဗာနာနယ်ပယ်။

အလယ်အလတ်အဆင့် နီဗာနာနယ်ပယ်။

နှောင်းပိုင်း နီဗာနာနယ်ပယ်။

နီဗာနာနယ်ပယ် သေးငယ်သော ပြီးပြည့်စုံမှု။

နီဗာနာနယ်ပယ် ကြီးမားသော ပြီးပြည့်စုံမှု။

ကျွင်းရှောင်ယောက်က အဆင့်ငယ်ငါးခုနှင့်
နယ်ပယ်ကြီးတစ်ခုကို ထပ်မံဖြတ်ကျော်သွားပြန်သည်။

သူ့ပတ်ဝန်းကျင်က ပါရမီရှင်များလည်း
ဘာပြောရမည်မှန်းမသိတော့ပေ။

သူတို့အတွက်တော့ နီဗာနားနယ်ပယ်မှာ
အလွန်အန္တရာယ်ကြီးလှသည်။

သို့ရာတွင် ကျွင်းရှောင်ယောက်
ရက်အနည်းငယ်ကြာအောင် တင်ပျဉ်ခွေထိုင်နေပြီး
အလွယ်တကူ ကျော်ဖြတ်သွား၏။

"ဆက်မယ်"

ကျွင်းရှောင်ယောက်၏ မျက်လုံးများက
တောက်ပနေပြီး ဖြတ်ကျော်ခြင်းကို မရပ်တန့်ပေ။

အချိန်ကြာမြင့်စွာ စုဆောင်းထားသည်များက
ဤအခိုက်တွင် ထောက်ပံ့နေသည်။

နီဗားနားနယ်ပယ်မှ တစ်ဖန် ဖြတ်ကျော်လိုက်သော်
တုန်ထျန်းနယ်ပယ်သို့ ရောက်၏။

တုန်ထျန်းနယ်ပယ်တွင် ရှေးဦးဝိညာဉ်နှင့်
အင်မော်တယ်မျိုးစေ့များကြားမှ ပဲ့တင်ထပ်သံဖြစ်ပြီး
အတွေးတစ်ချက်ဖြင့်
ကောင်းကင်ဘုံသို့ရောက်နိုင်သည်။

တုန်ထျန်းကို ဘုရင်နယ်ပယ်ဟုလည်း ခေါ်သည်။

ဘုရင်လက်နက်ဟုခေါ်သော လက်နက်များသည်
ဘုရင်နယ်ပယ်များ အသုံးပြုသည့် မှော်ရတနာများ
ဖြစ်ကြသည်။

တုန်ထျန်းကိုဖြတ်ကျော်လျှင် နတ်မီးတောက်သို့
ရောက်၏။

နတ်မီးတောက်ပြီးလျှင်တော့ သူတော်စင်နယ်ပယ်သို့
အရောက်သွားသည့် အဆင့်ကိုးခုသို့
ရောက်ရှိလေတော့သည်။

ကျွင်းရှောင်ယောက်၏ မျိုးဆက်သုံးခု
ရှေးဦးဝိညာဉ်နှင့် နတ်ဘုရား၏မူလ နှစ်ခုစလုံးမှာ
တကယ့်ထိပ်တန်းပင် ဖြစ်သည်။

ထိုနှစ်ခု၏ ပဲ့တင်ထပ်စွမ်းအားက စိတ်ကူးကြည့်ရန်ပင်
မလွယ်ပေ။

တုန်ထျန်းနယ်ပယ် အတားအဆီးက အလွယ်တကူပင်
ကျိုးလုနီးပါး ဖြစ်သွားသည်။

ထို့နောက် ကျွင်းရှောင်ယောက်က
ရူးသွပ်ဖွယ်ချိုးဖြတ်မှုကို ထပ်မံစတင်ခဲ့ပေသည်။

တုန်ထျန်းနယ်ပယ် အစောပိုင်းအဆင့်။

တုန်ထျန်းနယ်ပယ် အလယ်တန်းအဆင့်။

တုန်ထျန်းနယ်ပယ် နှောင်းပိုင်းသောအဆင့်။

တုန်ထျန်းနယ်ပယ် သေးငယ်သော ပြီးပြည့်စုံမှု။

တုန်ထျန်းနယ်ပယ် ကြီးမားသော ပြီးပြည့်စုံမှု။

.....

ရှော့ရသည်။

ထိတ်လန့်ရသည်။

ယင်းက မကြုံစဖူး သက်ရောက်မှုပင်။

ကျွင်းရှောင်ယောက်၏ ချိုးဖြတ်ခြင်းက
အောက်ကမ္ဘာမှ ပါရမီရှင်များ၏အသိအမြင်ကို
ပြောင်းပြန်လှန်ပစ်ခဲ့သည်။

ငါတို့ကျတော့ တောင်ပေါ်တက်နေသလိုမျိုး
ဘာဖြစ်လို့ လေ့ကျင့်ရတာလဲ။

မင်းကျတော့ လေ့ကျင့်တာက လျှောစီးနေသလိုပဲ။

ဤအောက်ကမ္ဘာအသီးသီးမှ ပါရမီရှင်အားလုံး
မိမိကိုယ်ကို သံသယဝင်လာကြသည်။

သူတို့က အမျိုက်လား။

မဟုတ်ပေ။

သူတို့က အမျိုက်လောက်တောင် မကောင်းပါချေ။

ကျွင်းရှောင်ယောက်နှင့်နှိုင်းယှဉ်လျှင် သူတို့က
အမှိုက်များထက် ပိုဝါရင့်သွားသည်။

ဤအောက်ကမ္ဘာ၏ ပါရမီရှင်များမပြောနှင့်...
ဝမ့်ချမ်နှင့် အခြားသူများပင်လျှင်
ဤမျှရက်စက်ကြမ်းကြုတ်သော အမှန်တရားကို
မမြင်လိုသောကြောင့် သူတို့၏မျက်လုံးများကို
ဖောက်ထုတ်ချင်စိတ် ဖြစ်သွားစေခဲ့သည်။

ကျွင်းရှောင်ယောက်၏ ရူးသွပ်မှုက သူတို့အတွက်
ရက်စက်လွန်းပေသည်။

သူနှင့် နှိုင်းယှဉ်ကြည့်ခြင်းက မိုက်မဲရာကျသည်။

အထူးသဖြင့် ဝမ့်ချမ်... သူသည်လည်း
ရှေးဟောင်းလူထူးဆန်းဖြစ်၍ ယခင်ကျင့်ကြံခြင်းတွင်

တုန်ထျန်းနယ်ပယ် ကြီးမားသောပြီးပြည့်စုံမှုသို့
အောင်မြင်စွာဖြတ်ကျော်နိုင်ခဲ့သည်။

ထိုအခါ ကျွင်းရှောင်ယောက်
မယှဉ်နိုင်လောက်ဘူးဟုထင်ကာ ကိုယ့်ကိုယ်ကိုယ်
ယုံကြည်မှုနည်းနည်းရှိလာခဲ့ပေသည်။

သို့သော်လည်း အဆုံးတွင် ကျွင်းရှောင်ယောက်က
အသက်ရှူချုနအနည်းငယ်အတွင်း၌
နယ်ပယ်ကြီးသုံးခုနှင့် အဆင့်ငယ် ဆယ့်ငါးခုကို
ဆက်တိုက်ဖြတ်ကျော်ပြီး သူ့ကို
ချုပ်နှောင်ထားလိုက်သည်။

ယင်းက ဝမ့်ချမ်ကို ပြောစရာစကားမဲ့စေခဲ့၏။

သို့သော်လည်း ကျွင်းရှောင်ယောက် နောက်တွင်

ပြောလာခဲ့သောစကားက ရှေးဟောင်းလူထူးဆန်းကြီး
ဝမ်ချမ်၏ တာအိုနှလုံးသားကို
ကွဲကြေလုနီးပါးဖြစ်စေခဲ့တော့သည်။

"ငါက ဆယ့်လေးနှစ်ဖြစ်ပေမဲ့
ဘုရင်အဆင့်ပဲရှိသေးတယ်၊ ဒါက
ငါမျှော်လင့်ထားတာထက် နည်းနည်းနှေးသွားတာပဲ"

ကျွင်းရှောင်ယောက်က ခေါင်းကို
အနည်းငယ်ခါယမ်းလိုက်လေသည်။ သူဟာ
သူ့အောင်မြင်မှုများအတွက် ကျေနပ်နေသော်လည်း
တိုးတက်မှုနှုန်း နှေးကွေးသည်ဟုတွေးကာ
စိတ်မကောင်းဖြစ်နေဆဲပင်။

"ဖုး"

နောက်ဆုံးတွင် ဝမ်ချမ် မထိန်းနိုင်တော့ဘဲ
သွေးတိုးကာ သွေးများအန်ထွက်လာတော့သည်။

ကျွင်းရှောင်ယောက်၊ မင်းက
တကယ်ရက်စက်တဲ့လူပဲ။

အခန်း (၂၇၂) အတိတ်နဲ့
ပစ္စုပ္ပန်ကာလတစ်လျှောက်လုံး... ငါနဲ့ ဘယ်သူက
ပခုံးချင်းယှဉ် ရပ်တည်နိုင်မှာလဲ။

ကျွင်းရှောင်ယောက်၏ စကားများက ဝမ့်ချမ်ကို
ပြင်းထန်စွာ ရိုက်ခတ်ပြီး တာအိုနှလုံးသားပင်
ပြိုလဲလုနီးပါး ဖြစ်ခဲ့ရသည်။

အသက်ဆယ့်လေးနှစ်နဲ့ တုန်ထျန်းနယ်ပယ်ကိုတောင်
ရောက်နေပြီနော်၊ ဒီအပြင် မင်းက

ဘာလို့ချင်သေးလို့လဲ။

ကောင်းကင်ဘုံကို သွားချင်တာလား။

ဝမ်ခွမ်၏ တာအိုနှလုံးသားက ခဏတာ
တုန်လှုပ်သွားခဲ့သည်။

ပုံမှန်အားဖြင့် ရှေးဟောင်းလူထူးဆန်းများ၏
တာအိုနှလုံးသားတို့သည်
ကျောက်သားကျောက်စိုင်ပမာ
မတုန်မလှုပ်ဖြစ်သင့်သည်။

သို့သော်လည်း ယခုအခါ ရှေးခေတ်ကတည်းက
တစ်ခါမျှ မပေါ်ထွက်ဖူးသော မကောင်းဆိုးရွား
ကျွင်းရှောင်ယောက်ကြောင့်
ရှေးဟောင်းလူထူးဆန်းများပင် သည်းမခံနိုင်တော့ဘဲ

တာအို နှလုံးသား ပြုလဲသွားပေပြီ။

ဝမ်ခွမ် အသက်ပြင်းပြင်းရှူပြီး စိတ်ကို
တည်ငြိမ်အောင် ထိန်းထားလိုက်သည်။

ကျိုချင်းရီ၊ ရှောင်မိုရှန်းနှင့် အခြားသူများလည်း
စိတ်မတည်ငြိမ်နိုင်တော့ပေ။

ကျွင်းရှောင်ယောက်က အင်မော်တယ်နယ်မြေကြီး၏
မျိုးဆက်သစ်ငယ်များတွင်
ပြုံဘက်ကင်းရုံသာမကဘဲ
ကျင့်ကြံခြင်းအခြေခံကလည်း မြန်ဆန်လွန်းလှသည်။

ယခုမူ ကျွင်းရှောင်ယောက်က အချိန်တိုလေးအတွင်း
အဓိကနယ်ပယ်သုံးခုနှင့် အဆင့်ငယ်ဆယ့်ငါးခုကို
ဖြတ်ကျော်သွားခဲ့ပြီ ဖြစ်သည်။

အင်မော်တယ်နယ်မြေကြီး၏ မျိုးဆက်သစ်
လူငယ်များတွင် သူ၏ကျင့်ကြံခြင်းအခြေခံက လုံးဝ
ထိပ်တန်းအဆင့်တွင်ရှိသည်။

ကျွင်းရှောင်ယောက်၏ ကျင့်ကြံခြင်းအခြေခံက
ဤမျှမသန်မာမီပင် အရပ်မျက်နှာအနှံ့ကို လုံးဝ
အနိုင်ယူနိုင်သည်။

ယခုမူကား သူ၏ ကျင့်ကြံခြင်းအခြေခံက
အထွတ်အထိပ်ကို ရောက်ရှိလာပြီဖြစ်ရာ
မည်မျှသန်မာနိုင်သနည်း။

ကျန်းလော့လီ၏ လှုပသော မျက်လုံးများကတော့
တလက်လက် တောက်ပနေတော့သည်။

အင်မော်တယ်နယ်မြေကြီးမှ ပါရမီရှင်များသည်ပင်
ကျွင်းရှောင်ယောက်က ထိုသို့တိုးတက်ခဲ့ကြောင်း
သိသွားချဲ့လျှင် မျက်လုံးကျွတ်ကျသည်အထိ
အံ့ဩသွားရမည် မဟုတ်ပါလား။

ယခုအချိန်တွင် ကျွင်းရှောင်ယောက်က
လူစွမ်းကောင်းဝိညာဉ်ယဇ်ပလ္လင်ထိပ်တွင်
ရပ်နေသည်။

သူသည် အလွန် အထီးကျန်ပြီး
မှန်းဆလို့မရနိုင်ပုံရ၏။

ဤတစ်ခေါက် လူစွမ်းကောင်းဝိညာဉ်ယဇ်ပလ္လင်တွင်
ကျွင်းရှောင်ယောက်၏ အသွင်ကူးပြောင်းမှုက
အလွန်ကောင်းသည်။

လက်ရှိသူနှင့် ယခင်ကသူသည် လုံးဝမတူညီသော တည်ရှိမှုများကဲ့သို့ပင်။

ယခုအချိန်တွင် ကျွင်းရှောင်ယောက်က သူ့နည်းသူ့ဟန်နဲ့ ဖောက်ထွက်လာခဲ့ပြီ ဖြစ်သည်။

တစ်နည်းဆိုရလျှင် ကျွင်းရှောင်ယောက်က လောကသုံးပါးမှ ခုန်ထွက်နိုင်ပြီး ဓာတ်ကြီးငါးပါး၏ ထနေးချုပ်မှုအောက်တွင် မရှိတော့ပေ။

ကောင်းကင်ကိုးခုနှင့် ကမ္ဘာဆယ်ခု ပြိုကျလျှင်ပင် ကျွင်းရှောင်ယောက်က ဘာမျှဖြစ်မည်မဟုတ်ပေ။

သူက ဤလောကနှင့် လုံးဝ အမှီအခိုကင်းသော ပုဂ္ဂိုလ်ဖြစ်ပြီး ကောင်းကင်ကိုပင် ဆန့်ကျင်နေခဲ့သူ ဖြစ်သည်။

"ရှေးခေတ်ကနေ အခုခေတ်အထိ နှစ်ဘီလီယံအချိန်မှာ ငါနဲ့ ပုခုံးချင်းယှဉ်ပြီး ဘယ်သူရပ်တည်နိုင်မှာလဲ"

ကျွဲင်းရှောင်ယောက်က လက်နှစ်ဖက်ကိုနောက်ပစ်ပြီး ရေရွတ်လိုက်သည်။

ဤသည်မှာ မောက်မာမှုမဟုတ်ဘဲ နှိုင်းတုမဲ့သော ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုပုံစံပင် ဖြစ်သည်။

ကျွဲင်းရှောင်ယောက်၏ ထူးကဲသော အသွင်အပြင်နှင့် စကားများကိုနားထောင်ကာ
ကျန်းလော့လီ၏မျက်ဝန်းထဲတွင် မြတ်နိုးမှုနှင့် ချစ်ခင်မှုများ ပြည့်နှက်သွားလေသည်။

လက်ရှိတွင် ကျွဲင်းရှောင်ယောက်၏ အနေအထားက ကျန်းလော့လီမပြောနှင့်၊ အခြားမိန်းကလေးများကိုပင်

ကြွေကျသွားစေလောက်သည်။

ရှောင်မိုရှန်းလည်း တုန်လှုပ်သွား၏။ ရုတ်တရက်
ကျွင်းရှောင်ယောက်ကို နှစ်သက်သွားကြောင်း
ခံစားလိုက်ရလေသည်။

ချင်းလျန်ကြာပန်းစိမ်းကဲ့သို့ အမှီအခိုကင်းသော
ကျိုချင်းရီပင်လျှင် ဤအခိုက်အတန့်တွင်
စိတ်တည်ငြိမ်မှု မရှိနိုင်တော့ပေ။

သူမ၏ နှလုံးသားသည် ကြာပန်းနှင့်တူပြီး
ဆန့်ကျင်ဘက်လိင်များအပေါ်တွင် ခံစားချက်မရှိပေ။

သို့သော်လည်း ဤအခိုက်အတန့်တွင် သူမ၏စိတ်က
ယိမ်းယိုင်နေပြီး နှလုံးသားကလည်း အနည်းငယ်
တုန်လှုပ်နေသည်။

နောက်လိုက်နှစ်ယောက်ဖြစ်သော ရီယုနှင့်
ရန်ချင်းယင်ကလည်း တုန်ိုင်းမရသည့် လေးစားမှုကို
ပြသခဲ့သည်။ ဤသည်မှာ သူတို့လိုက်ပါနေသော
သခင်ဖြစ်ချေသည်။

ယဇ်ပလ္လင်ထိပ်တွင်ရှိသော ကျွင်းရှောင်ယောက်က
သက်ပြင်းချကာ သူ့အမြတ်များကို အကြမ်းဖျင်း
ခွဲထုတ်လိုက်သည်။

အကုန်လျှောက်တွက်နေရလျှင်တော့ ပြီးတော့မည်
မဟုတ်ပေ။

အနှိုင်းမဲ့နတ်ဆင်ခွန်အားက ပြောင်းလဲသွားသည်။

ထာဝရအင်မော်တယ်အရိုး အရေအတွက်

တိုးလာသည်။

ကျင့်ကြံခြင်းအခြေခံကလည်း တုန်ထျန်းနယ်ပယ်သို့
ချိုးဖြတ်သွား၏။

ခန္ဓာကျမ်း၏ ဒုတိယတွဲကိုလည်း ရရှိခဲ့ပေပြီ။

သူသည် သူ၏ကိုယ်ပိုင်လမ်းကိုဖွင့်ပြီး
နတ်ဘုရား၏မူလကိုလည်း ပြောင်းလဲခဲ့သည်။

သူကိုယ်တိုင်လည်း လက်မှတ်ထိုးဝင်ရာမှ
ထိုရှိကောရာဇမီးကိုရပြီး နီဗာနာနယ်ပယ်တွင်
မျိုးဆက်သုံးခု ရှေးဦးဝိညာဉ်ကို ရရှိခဲ့ပေသည်။

"အောက်ကမ္ဘာကိုလာခဲ့တာ မမှားဘူး၊ ဒီတစ်ခေါက်

ရိတ်သိမ်းမှုက အရမ်းကြီးမားတယ်"

ကျွင်းရှောင်ယောက်လည်း စိတ်လှုပ်ရှားစွာဖြင့် သက်ပြင်းချလိုက်မိသည်။

အကယ်၍ ယခင်ကျွင်းရှောင်ယောက်သာ လက်ရှိ ကျွင်းရှောင်ယောက်ကို ရင်ဆိုင်ရပါက ကြေကွဲဖွယ်ရာ အခြေအနေတွင် ရှိနေမည်မှာ အသေချာပင် ဖြစ်သည်။

အကြောင်းမူကား ယခုကျွင်းရှောင်ယောက်ဟာ သူ့ကိုယ်ပိုင်လမ်းကိုဖောက်လုပ်ပြီး သူ့နည်းသူ့ဟန်ဖြင့် ကျွမ်းကျင်ခဲ့၍ပင် ဖြစ်သည်။

သူ၏ တိုက်ခိုက်နိုင်စွမ်းကလည်း တကယ်ကို သာမန်မဟုတ်တော့ပေ။

သူ၏ နားလည်ရခက်သော မျက်လုံးအကြည့်များက

ဝမ့်ချမ်ထံသို့ ရုတ်တရက် ကျဆင်းလာသည်။

ကျင်းရှောင်ယောက်၏ အကြည့်ကို ခံနေရသော
ဝမ့်ချမ်သည် ကြက်သီးတဖြန်းဖြန်းထပြီး
ရှေးသားရဲတစ်ကောင်က သူ့ကို
စိုက်ကြည့်နေသည်ဟုပင် ခံစားလိုက်ရသည်။

'မကောင်းတော့ဘူး၊ သွားမှ'

ဝမ့်ချမ်လည်း တုန်လှုပ်သွားကာ မဆိုင်းမတွ
လှည့်ထွက်လိုက်၏။

ကျင်းရှောင်ယောက်၏ အသွင်ကူးပြောင်းမှု
ပြီးမြောက်သောအခါ၊ ယဇ်ပလ္လင်တစ်ခုလုံးအပေါ်မှ
ကန့်သတ်ချက်များလည်း ပျောက်ကွယ်သွားခဲ့ပြီ
ဖြစ်သည်။

ထို့ကြောင့် ပါရမီရှင်များလည်း လွတ်လွတ်လပ်လပ်
ထွက်ခွာနိုင်ခဲ့ကြပေပြီ။

ဝမ်ခွမ်က ကောင်းကင်သို့ပျံတက်သွားကာ
ထွက်ပြေးရန်ကြိုးစားလိုက်သည်။

ယင်းကိုမြင်တော့ ကျွင်းရှောင်ယောက်က
ပေါ့ပေါ့ပါးပါးပြုံးကာ ခေါင်းခါယမ်းလိုက်၏။

"ဘာပဲဖြစ်ဖြစ်၊ မင်းက ရှေးဟောင်းလူထူးဆန်းပဲလေ၊
အခုလို မတိုက်ခိုက်ဘဲ ထွက်ပြေးတာက ဘယ်လိုလဲ"

ကျွင်းရှောင်ယောက်က လျစ်လျူရှုစွာ
ပြောလိုက်သည်။

ယခု ဤနေရာရှိလူများကိုကြည့်လျှင် သူ့အပေါ်

အငြိုးထားသည့်လူက ဝမ်ချမ်သာရှိသည်။

ရှောင်မိုရှန်းကတော့ ယခုချိန်တွင်
သူ့ကိုဆန့်ကျင်တော့မည့် လက္ခဏာလုံးဝမရှိတော့ပေ။

ထို့ကြောင့် ကျွင်းရှောင်ယောက် ဖြေရှင်းရမည့်
တစ်ခုတည်းသော အရာမှာ ဝမ်ချမ်ပင် ဖြစ်သည်။

သူနောက်ကျောတွင် ဖြူစင်ပြီး လွတ်လပ်မှု၏
အတောင်ပံများ ထွက်ပေါ်လာသည်။

ဤသည်မှာ နတ်ဆိုးဝိညာဉ်ကို ဆေးကြောပြီးနောက်
ပြောင်းလဲလာသော နတ်ဆိုးတောင်ပံများ၏
ဆင့်ကဲပုံစံ ဖြစ်သည်။

လွတ်လပ်မှု၏အတောင်ပံများက
အနည်းငယ်တုန်ခါသွားကာ ကျွင်းရှောင်ယောက်က
အရှိန်ပြင်းပြင်းဖြင့် ထိုးတက်သွား၏။

ဤအမြန်နှုန်းက ယခင် နတ်ဆိုးတောင်ပံများထက်
အများကြီး ပိုမြန်သည်။

ကောင်းကင်ကို ဖြတ်သွားနိုင်သကဲ့သို့ တကယ့်ကို
လွတ်လပ်စွာပါပင်။

ခဏအကြာတွင် ကျွင်းရှောင်ယောက်က
ဝမ့်ချမ်အနောက်တွင် ပေါ်လာသည်။

ဝမ့်ချမ်လည်း ထိတ်လန့်သွားကာ
လမ်းကြောင်းခြောက်သွယ်
ဆမ်ဆာရာချပ်ပြားအသေးကို အလျင်အမြန်

အသုံးပြုခဲ့၏။

ကျွင်းရှောင်ယောက်ကတော့ ပန်ကေရာဇ်ဓားကို
အသုံးမပြုခဲ့ပေ။

ယခုအချိန်တွင် သူ့ကိုယ်ပိုင် ခွန်အားကို
စမ်းကြည့်ချင်နေသည်။

ကျွင်းရှောင်ယောက်က ရိုးရှင်းသော လက်သီးချက်ကို
ထုတ်ဖော်လိုက်သည်။

ဆယ်ဘီလီယံ ဂျင်ခွန်အားက
လက်မောင်းတစ်လျှောက် စီးဆင်းကာထွက်လာခဲ့၏။

ဂျင်းမှာ ဤအဆင့်တွင် ကျွင်းရှောင်ယောက်၏

အဆုံးစွန်သော ခွန်အားကို ကိုယ်စားပြုသည်။

တစ်ဆယ်ဘီလီယံ ဂျင်ခွန်အားက
ကန့်သတ်ချက်တစ်ခုဖြစ်ပြီး မျိုးဆက်တူပါရမီရှင်များ
စိတ်ကူးမယဉ်နိုင်သော စွမ်းအားတစ်ခုလည်း
ဖြစ်သည်။

"ဝုန်း"
လက်သီးချက်က ဟင်းလင်းပြင်ကိုဖြုန်ချကာ
လမ်းကြောင်းခြောက်သွယ် ဆမ်ဆာရာ
ချပ်ပြားအသေးကို တိုက်ရိုက်ထိုးချလိုက်၏။

ကျယ်လောင်သော ပေါက်ကွဲသံတစ်ချက်
ထွက်ပေါ်လာပြီး လမ်းကြောင်းခြောက်သွယ်
ဆမ်ဆာရာ ချပ်ပြားအသေးမှာ ပြင်းထန်စွာ
တုန်ခါသွားခဲ့သည်။

သို့တိုင် အလွန်ကြောက်စရာကောင်းသော
တုန်ခါအားတစ်ခုက ဝမ်ချမ်အပေါ်သို့
ကျဆင်းလာခဲ့၏။

ဝမ့်ချမ်လည်း ရင်ဘတ်ထဲတွင် တင်းကျပ်သွားကာ
သွေးအန်ပြီး လွင့်စဉ်သွားတော့သည်။

ဤမြင်ကွင်းကိုမြင်တော့ ကျိချင်းရီ၊ ရှောင်မိုရှန်းနှင့်
အခြားသူအားလုံး တုန်လှုပ်ကုန်သည်။

ၚင်းက ဆမ်ဆာရာခန္ဓာနှင့်
ရှေးဟောင်းလူထူးဆန်းဖြစ်သော်လည်း ယခုအခါ
ကျွင်းရှောင်ယောက်၏ လက်သီးတစ်ချက်တည်းဖြင့်
လွင့်စဉ်သွားခဲ့ရချေပြီ။

ဝမ်ချမ်သည် ယခင်က ကျင်းရှောင်ယောက်နှင့်
သူတပြန်ကိုယ်တပြန် တိုက်ခိုက်နိုင်သော်လည်း
ယခုအခါ အလွန်အားနည်းသွားရပြီ ဖြစ်သည်။

"ငါ့ရဲ့ ခွန်အားက အရင်ကထက် အများကြီး
ပိုသန်မာနေပြီ"

ကျင်းရှောင်ယောက်ကတော့ မအံ့သြမိပေ။

ဤတစ်ခေါက်တွင် သူ၏ကြိုးခိုင်မှုက
အလွန်အားကောင်းလာသည်။

သူ၏ လှုပ်ရှားမှုတိုင်းတွင် အရာအားလုံးကို
ဖြုန်ခွဲနိုင်သည့် ကြီးမားသော စွမ်းအားတစ်ခု ရှိသည်။

ဝမ်ချမ်က ဘုရင်နယ်ပယ်သို့ ရောက်လာသော်လည်း

ကျွင်းရှောင်ယောက်နှင့် နှိုင်းယှဉ်ရန် မဖြစ်နိုင်သေးပေ။

နောက်ဆုံးတွင် ကျွင်းရှောင်ယောက်က
ကိုယ်ပိုင်လမ်းသစ် ဖောက်ခဲ့သူ ဖြစ်သည်။

'ဒါထက် နတ်ဘုရားရဲ့မူလစွမ်းအားကို
ငါစမ်းကြည့်ဦးမှပဲ'

ကျွင်းရှောင်ယောက်က တွေးလိုက်သည်။

သူက ဝမ့်ချမ်ကို စမ်းသပ်ကျောက်တုံးတစ်တုံးအဖြစ်
လုံးဝမှတ်ယူခဲ့၏။

ကျွင်းရှောင်ယောက်၏ဒန်တျန်တွင်
နက်ရှိုင်းသောမူလက ကမ္ဘာပေါ်ရှိ အရာခပ်သိမ်းကို
ပြောင်းလဲနေပုံရပြီး ကျွင်းရှောင်ယောက်ကိုယ်ပိုင်

နည်းလမ်းတစ်ခုလည်း ရှိထားသည်။

စကြဝဠာ၏မူလ စွမ်းအားရောင်ခြည်က
ကျွင်းရှောင်ယောက်ကို ထောက်ပံ့လာသည်။

ကျွင်းရှောင်ယောက်လည်း လက်သီးချက်
ထပ်မံထုတ်ဖော်လိုက်၏။

ခဏအတွင်းမှာပင်...

ရှေးဦးဖရိုဖရဲ ပျံ့လွင့်လာသည်၊
စကြာဝဠာကိုဖန်တီးသည်၊ ကမ္ဘာကြီးသည်လည်း
ကမ္ဘာ၏မူလအစသို့ရောက်ရှိသွားသကဲ့သို့
အမှောင်ကျသွား၏။

ကျွင်းရှောင်ယောက်၏ လက်သီးချက်က
အရာခပ်သိမ်းကို ဖန်တီးပြီး
ပြန်လည်ဖျက်ဆီးနိုင်ပုံရပေသည်။

ယခုအချိန်တွင် ကျွင်းရှောင်ယောက်က ကမ္ဘာကြီးကို
ဖန်ဆင်းပြီး ကမ္ဘာကြီးကို ဖျက်ဆီးသည့်
တစ်ဦးတည်းသော အုပ်စိုးရှင်နှင့် တူသည်။

ဤလက်သီးချက်က ဝမ့်ချမ်ကို
အလွန်တုန်လှုပ်သွားစေခဲ့၏။ ယခုအချိန်တွင် သူက
သူ့မျိုးဆက်၏ ပါရမီရှင်များနှင့်
ရင်ဆိုင်ရပုံမပေါ်တော့ပေ။

ဝ
ထုအစား ...

အစစ်အမှန်နတ်ဘုရားနှင့် ရင်ဆိုင်ရသကဲ့သို့

ဖြစ်နေပေတော့သည်။

အခန်း (၂၇၃) ကျွင်းရှောင်ယောက်၏
ကြောက်မက်ဖွယ် စွမ်းအား၊ ဝမ့်ချမ်ကို ချေမှုန်းပြီး
ရှေးဟောင်းလူထူးဆန်းကို ကျွန်အဖြစ်
ဖိအားပေးခြင်း။

ယခုအချိန်တွင် ကျွင်းရှောင်ယောက်က ဖန်ဆင်းရှင်
နတ်ဘုရားတစ်ပါး ချဉ်းကပ်လာသကဲ့သို့ အလွန်တရာ
ခံ့ညားနေသည်။

အတွေးတစ်ခုဖြင့် ဖျက်ဆီးနိုင်သည်၊
အတွေးတစ်ခုဖြင့် ဖန်တီး၏။

ဤလက်သီးသည် ကမ္ဘာကြီး၏အဆုံးသတ်
ကျရောက်လာသကဲ့သို့ လူများကို
အဆုံးမဲ့ထိတ်လန့်မှုနှင့် စိတ်ပျက်အားငယ်မှုများ
ဖြစ်စေသည်။

၎င်းက လှိုင်းတွန့်မျှသာဖြစ်လျှင်ပင် စကြဝဠာ၏မူလ
စွမ်းအားက ကြီးမားသောစွမ်းအင်ကို
ထုတ်ပေးနိုင်ဆဲပင်။

ဝမ်ချမ်နှင့် အခြားသူများကို မဆိုထားနှင့်၊
ကျွင်းရှောင်ယောက် ကိုယ်တိုင်ပင် ဤစွမ်းအားကြောင့်
အနည်းငယ် အံ့သြသွားခဲ့ရသည်။

'ပျက်စီးခြင်းနဲ့ ပြန်လည်ရှင်သန်ခြင်းကို ထိန်းချုပ်တာ၊
ဒီစွမ်းအားက အရမ်းကြောက်ဖို့ကောင်းတာပဲ၊ ဒါပေမဲ့

အခုထိတော့ ဒါက အစပျိုးစအဆင့်မှာပဲ ရှိသေးတယ်'
ကျွင်းရှောင်ယောက် တွေးလိုက်မိသည်။

နတ်ဘုရား၏မူလမှာ
ကျွင်းရှောင်ယောက်၏မူလလည်း ဖြစ်သည်။

အနာဂတ်တွင် ထိုမူလက ပြောင်းလဲလာမည်ဖြစ်ပြီး
မယုံနိုင်လောက်အောင် ပြောင်းလဲမှုများ အမျိုးမျိုးကို
ဖြစ်ပေါ်လာစေပေလိမ့်မည်။

ကျွင်းရှောင်ယောက်၏ စွမ်းအားကလည်း
အားကောင်းသည်ထက် အားကောင်းလာရမည်
ဖြစ်သည်။

သူ၏လက်သီးတစ်ချက်က မြေပြင်ပြိုကျပြီး
မီတာတစ်ထောင်နီးပါးရှိသော တွင်းနက်ကြီးတစ်ခုကို

ဖြစ်စေခဲ့သည်။

အဆိုးမဲ့ အက်ကွဲကြောင်းများက ပြန့်နှံ့သွားပြီး
မြေပြင်တစ်ခုလုံး အပိုင်းပိုင်းကွဲသွား၏။

ဝမ့်ချမ်၏ တကိုယ်လုံးက မြေပြင်တွင်
ပြားသွားအောင်အရိုက်ခံရပြီး
လမ်းကြောင်းခြောက်သွယ်
ဆမ်ဆာရာချပ်ပြားအသေးကလည်း
အက်ကြောင်းများ ဖြစ်လာခဲ့တော့သည်။

သီထားရမည်မှာ ဤသည်က အဓိပဓိရတနာတစ်ခု
ဖြစ်သည်။

ဝမ့်ချမ်က လမ်းကြောင်းခြောက်သွယ်
ဆမ်ဆာရာချပ်ပြားအသေး၏ စွမ်းအားအပြည့်ကို

မပြဿနိုင်သော်လည်း ယင်းက မည်သူမဆို
အလွယ်တကူ အနိုင်ယူနိုင်သောအရာ မဟုတ်ပေ။
ရှေးဟောင်းလူထူးဆန်းကို လက်သီးတစ်လုံးဖြင့်
အနိုင်ယူလိုက်သော ကျွင်းရှောင်ယောက်ကိုကြည့်ကာ
ကျိုချင်းရီ၊ ရှောင်မိုရှန်းနှင့် အခြားသူအားလုံး
ဘာပြောရမှန်းမသိတော့ပေ။
ကျွင်းရှောင်ယောက်သာ အင်မော်တယ်နယ်မြေကြီးသို့
ပြန်ရောက်သွားပါက သူ၏ ပြိုင်ဘက်များနှင့်
ရန်သူများ မည်မျှ စိတ်ဆင်းရဲရမည်ကို
တွေးဆ၍ပင်မရတော့ပါချေ။
"အဟွတ် အဟွတ်...
ချောင်းဆိုးနေသံများ ထွက်ပေါ်လာသည်။

ဝမ်ချမ်သည် တွင်းနက်ကြီးထဲမှ တဖြည်းဖြည်းချင်း ပြန်ထွက်လာခဲ့၏။

သူ့တစ်ကိုယ်လုံး အရိုးကျိုးသွားပြီး သွေးများလည်း စွန်းထင်းနေကာ အရှိန်အဝါများပင် မတည်မငြိမ်ဖြစ်သွားသည်။

ဝမ်ချမ်၏ မျက်လုံးများတွင်ကား ကြောက်စိတ်များ ဖြစ်နေလေတော့သည်။

သူ့ခေတ်တွင် ဝမ်ချမ်က အထွတ်အထိပ်ဖြစ်ပြီး သြဇာအရှိဆုံး လူငယ်ပါရမီရှင်များထဲမှ တစ်ယောက် ဖြစ်သည်။

သို့သော်လည်း ဤခေတ်မှာတော့ ဝမ်ချမ်ဟာ မွေးဖွားလာသည်မှမကြာသေးဘဲ

ကျွင်းရှောင်ယောင်နှင့် တွေ့လိုက်ရ၍
အလွန်သနားစရာကောင်းသည်ဟု ဆိုနိုင်သည်။

မဟုတ်ပါက၊ သူသည် ဆမ်ဆာရာမြင့်မြတ်ခန္ဓာမှာ
အရှိန်အဝါကြီးစွာဖြင့်
ဆက်လက်နေနိုင်လောက်ပေသည်။

"အိုး၊ မသေသေးဘူးလား"

ကျွင်းရှောင်ယောက် အနည်းငယ် အံ့ဩသွားသည်။

ရှေးဟောင်းလူထူးဆန်းဆိုသည့်အတိုင်း တကယ့်ကို
သာမန်မဟုတ်ပေ။

အကယ်၍ ဤနေရာတွင်
အခြားခေတ်ပြိုင်ပါရမီရှင်တစ်ဦး ဖြစ်ခဲ့ပါက

အသားပြားအဖြစ် ချေမှုန်းခံရပေလိမ့်မည်။

သို့သော်လည်း ဝမ်ခွမ်မှာ အသက်ရှင်ရုံမျှသာဖြစ်ပြီး
ထပ်မံတိုက်ခိုက်ရန် ခွန်အားမရှိတော့ကြောင်း
ထင်ရှားသည်။

"ပြီးပြီ"

ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

ရှောင်ချန်းနှင့် ရန်ပန်ကဲ့သို့ အဖိုးတန်ရန်သူမဟုတ်လျှင်
ကျွင်းရှောင်ယောက်က အသက်ရှင်လျက်
မထားတတ်ပါ။

ထို့ပြင် ဤဝမ်ခွမ်ကတော့ သူ့အတွက်
အသုံးမဝင်သည့်အပြင်
ရှေးဟောင်းလူထူးဆန်းဖြစ်သောကြောင့်

ခြိမ်းခြောက်မှုအနည်းငယ်ပင် ရှိ၏။

ကျွင်းရှောင်ယောက်က ကြင်နာတတ်သော
မိန်းမပျိုလေးမဟုတ်ဘဲ ကျူးပင်ခုတ်၊
ကျူငုတ်ပါမကျန်အောင် ဖြတ်တောက်ပစ်တတ်သည်။

ကျွင်းရှောင်ယောက်၏ သတ်ဖြတ်လိုစိတ်ကို
ခံစားလိုက်ရသဖြင့် ဝမ့်ချမ်နှလုံးသားများ
အေးခဲလာသည်။

သူသည် အောက်ကမ္ဘာတွင် နှစ်ပေါင်းများစွာ
မြုပ်နှံထားခဲ့ပြီးနောက် မွေးလာသောအခါတွင်
ခေတ်ပြိုင်ပါရမီရှင်ကို သုတ်သင်ဖယ်ရှားလိုခဲ့သည်။

ရလဒ်ကတော့ ယခုကဲ့သို့ ကျဆုံးရတော့မည်။

ဝမ်ခွမ်စိတ်ထဲတွင် ဤရလဒ်က
လုံးဝလက်ခံနိုင်စရာမရှိဘဲ စိတ်မချမ်းမသာ
ဖြစ်ရသည်။

"သေ"

ကျွင်းရှောင်ယောက်၏ မျက်နှာအမူအရာက
ထူးခြားမှုမရှိပေ။ သူက လက်ဝါးဖြင့်ရိုက်ချလိုက်ရာ
မူလစွမ်းအားက စီးဆင်းလာပြီး ဟင်းလင်းပြင်ကိုပင်
ပြိုကွဲသွားစေခဲ့သည်။

ဤလက်ဝါးအောက်တွင် ဝမ်ခွမ်အနေဖြင့်
ခုခံနိုင်စွမ်းလုံးဝမရှိတော့ပေ။

ဤမြင်ကွင်းကိုကြည့်ပြီး ရှောင်မိုရှန်း၏ လှပသော
မျက်နှာလေးက တင်းမာသွားခဲ့သည်။

ဝမ်ချမ်သည် သူမ၏ မဟာမိတ်ဖြစ်ပြီး
နတ်ဆိုးအင်မော်တယ်ဂိုဏ်းသို့ ပါဝင်ရန်လည်း
ဖြစ်လာနိုင်သူ ဖြစ်ချေသည်။

သို့သော်လည်း သူမ ဝင်တားချင်လျှင်ပင် ဘာမှ
မပြောနိုင်ပေ။

ရှောင်မိုရှန်းကိုယ်တိုင် ကျွင်းရှောင်ယောက်၏စရိုက်ကို
သိသည်။

ရှောင်မိုရှန်း၏ တားမြစ်မှုဖြင့် ကျွင်းရှောင်ယောက်က
ရုပ်တန့်လိုက်မှာလား။

ယင်းက မဖြစ်နိုင်မှန်း အသိသာကြီးပင်။

ထို့ကြောင့် ရှောင်မိုရှန်းဟာ ကျွင်းရှောင်ယောက်ကို
မပျော်မရွှင် မဖြစ်စေရန် ဘာစကားမျှမပြောခဲ့ပေ။

နီးကပ်လာသော ကျွင်းရှောင်ယောက်၏
လက်ဝါးကိုကြည့်ရင်း နောက်ဆုံးတွင် ဝမ်ချွမ်
အံကြိတ်ပြီး ပြောလိုက်သည်။

"ငါအည့်ခံဖို့ ဆန္ဒရှိပါတယ်”

ထိုစကားကိုကြားရသောအခါ ကျန်းလော့လီနှင့်
တခြားသူများ အံ့သြသွား၏။

ရှေးဟောင်းလူထူးဆန်းတစ်ဦးက အမှန်တကယ်
အည့်ခံရန် စကားဟလာခဲ့ချေပြီ။

ယင်းက တကယ်ကို
မမျှော်လင့်ထားသောအရာဖြစ်သည်။

သို့သော်လည်း ကျွင်းရှောင်ယောက်၏ အမူအရာမှာ
မပြောင်းလဲသေးပေ။

သူ့အတွက်တော့ ဝမ့်ချမ်ကို ခွင့်လွှတ်သည်ဖြစ်စေ၊
ခွင့်မလွှတ်သည်ဖြစ်စေ၊ ရလဒ်က အတူတူပါပင်။

ကျွင်းရှောင်ယောက်၏ မျက်နှာက
ဘာမှမထူးခြားတာကိုမြင်တော့ ဝမ့်ချမ်
သူ့လက်သီးများကို ကျစ်ကျစ်ပါအောင်
ဆုပ်လိုက်သည်။

သူက ယခုမှနိုးထလာခြင်းဖြစ်ပြီး
သူ့အရှိန်အဝါကိုပြနိုင်သော အထွတ်အထိပ်သို့ပင်

မရောက်သေးပေ။ ဤလိုနည်းဖြင့် ဘယ်လိုလုပ်ပြီး ကျဆုံးလိုခဲ့ပါမည်နည်း။

"ခဏနေဦး၊ ကျွင်းရှောင်ယောက်... ငါ မင်းအတွက် တန်ဖိုးရှိပါတယ်"

ဝမ့်ချမ် အော်ဟစ်လိုက်သည်။

"ဟမ်"

ကျွင်းရှောင်ယောက် မျက်ခုံးပင့်တင်လိုက်၏။

ဝမ့်ချမ် ဆုံးဖြတ်ချက်ချလိုက်သည်။

ဤနည်းဖြင့် သူ မသေချင်ပေ၊ ထို့ကြောင့် နောက်ဆုံးတွင် ဈေးညှိရန်သာ တတ်နိုင်သည်။

ဝမ်ချမ်က ကျင်းရှောင်ယောက်ကို အသံပို့လွှတ်ပြီး တစ်စုံတစ်ခုပြောလိုက်သည်။

ဥပမာအားဖြင့်၊ သူသည် ဆမ်ဆာရာ နတ်ဆိုးဂိုဏ်း၏ မြင့်မြတ်သားတော်ဖြစ်ပြီး၊
ဆမ်ဆာရာနတ်ဆိုးဂိုဏ်း၏ ရတနာအိမ်ကို
ရှာဖွေနိုင်သည့် တစ်ဦးတည်းသောသူဖြစ်ကြောင်း...

ဆမ်ဆာရာရာနတ်ဆိုးဂိုဏ်း၏ ရတနာအိမ်တွင်
ကေရာဇ်လက်နက်၊ လမ်းကြောင်းခြောက်သွယ်
ဆမ်ဆာရာချပ်ပြား ရှိသည်။

မူလက ဝမ်ချမ်သည် ထိုအကြောင်းကို
အခြားသူများအား ပေါ့ပေါ့တန်တန် အသိပေးရန်
မဖြစ်နိုင်ပေ။

သို့သော်လည်း ယခုအချိန်မှာတော့ ရှင်သန်ဖို့အတွက် ဤတစ်နည်းသာ ရှိတော့သည်။

ကျွင်းရှောင်ယောက်၏ လက်ဝါးက ဝမ့်ချမ်နဖူးမှ သုံးလက်မအကွာတွင် ရပ်တန့်သွားသည်။

ဝမ့်ချမ်လည်း အေးစက်သော ချွေးများဖြင့် ဖုံးလွှမ်းနေပြီး သူ့မျက်နှာပင် ဖြူဖျော့နေသည်။

သူသာ စကားပြောနောက်ကျခဲ့ပါက ယခုအချိန်တွင် သေဆုံးသွားရလောက်ချေပြီ။

ကျွင်းရှောင်ယောက်၏ မျက်လုံးများက အရောင်တစ်ချက်လက်သွားသည်။

သူသည် ဝမ့်ချမ်၏ စကားကို တစ်ရာရာခိုင်နှုန်း
မယုံသော်လည်း ဖြစ်နိုင်သည်ဟု ခံစားရမိသည်။

"ဒီနတ်ဘုရားသားတော်ကို လှည့်စားခြင်းရဲ့
ကံကြမ္မာကို မင်းသိသင့်တယ်"

ကျွင်းရှောင်ယောက်က လျစ်လျူရှုသောအကြည့်ဖြင့်
ကြည့်လိုက်သည်။

"ဒါက သဘာဝပါပဲ၊ ဆမ်ဆာရာနတ်ဆိုးဂိုဏ်းက
အချိန်မြစ်ကြီးနဲ့ သမိုင်းမှာ ပျောက်ကွယ်သွားခဲ့တာ
ကြာပြီ၊ ဒါကြောင့် ငါတစ်ယောက်ထဲပဲ ကျန်တော့တာ၊
ငါက မင်းနဲ့ ကျွင်းမိသားစုကို ဘယ်လိုလုပ်ပြီး
လှည့်စားဝံ့မှာလဲ"

ဝမ့်ချမ် ပြောလိုက်သည်။

ယခုအခါ သူက တစ်ယောက်တည်း...

ကျွင်းရှောင်ယောက်၏ နောက်ကွယ်မှာတော့
အင်မော်တယ်နယ်မြေကြီး၌ အင်အားကြီး
မိသားစုကြီးတစ်ခု ဖြစ်သည်။

အကယ်၍ ဝမ့်ချမ်သာ ကျွင်းရှောင်ယောက်ကို
လှည့်စားမိပါက အဆုံးတွင် သေခြင်းမှ
လွတ်မြောက်နိုင်မည် မဟုတ်ပေ။

"မင်းအသက်ရှင်နိုင်တယ်... ဒါပေမဲ့ မင်းမှာ
ကျွန်အမှတ်အသားကို စိုက်ထူထားရမယ်"

ကျွင်းရှောင်ယောက်၏ ပထမစကားတွင် ဝမ့်ချမ်
စိတ်သက်သာရာရစွာ သက်ပြင်းချလိုက်သည်။

သို့ရာတွင် ချက်ချင်းပင် သူမျက်နှာက

အကြည့်ရဆိုးသွား၏။

ကျွတ်တံဆိပ် ခတ်နှိပ်လိုက်ပါက ဝမ်ချမ်၏
သေခြင်းရှင်ခြင်းသည် ကျွင်းရှောင်ယောက်၏
အတွေးတစ်ခုအပေါ်တွင် မူတည်သွားခဲ့ပြီ ဖြစ်သည်။

သို့သော်လည်း ထိုသည်က အဓိကမဟုတ်ပေ။

အရေးအကြီးဆုံးကတော့ သူဟာ
ရှေးဟောင်းလူထူးဆန်း ဖြစ်သည်။

ရှေးဟောင်းလူထူးဆန်းကို ကျွန်တံဆိပ်
ခတ်နှိပ်လိုက်မည်ဆိုလျှင် ဘယ်သူ ယုံကြည်နိုင်မှာလဲ။

ဝမ်ချမ်က အံကြိတ်ပြီး ပြောလိုက်သည်။

“မင်း တစ်လှမ်းဆုတ်ပြီး နောက်လိုက်ဖြစ်စေလို့
မရဘူးလား"

အနည်းဆုံးတော့
နောက်လိုက်တစ်ယောက်ဖြစ်ရခြင်းက
ကျွန်အမှတ်အသားစိုက်တာလောက် မပြင်းထန်ပါချေ။

ကျွင်းရှောင်ယောက်က
ကိုယ်ပိုင်လမ်းကိုပင်ဖောက်လုပ်ခဲ့သူ ဖြစ်သည်။
မတော်တဆ တစ်ခုခုမဖြစ်ခဲ့လျှင် သူ၏အနာဂတ်က
တောက်ပနေလိမ့်မည်။

ထို့ကြောင့် ကျွင်းရှောင်ယောက်၏
နောက်လိုက်တစ်ဦးဖြစ်လာခြင်းမှာ လက်မခံနိုင်စရာ
မဟုတ်ပေ။

"နောက်လိုက်... လောလောဆယ်တော့
ငါမလိုချင်သေးဘူး။ နောက်ပြီး မင်းမှာ ငါနဲ့ညှိနှိုင်းဖို့
အရည်အချင်း မရှိဘူး"

ကျွင်းရှောင်ယောက်၏မျက်နှာက ဘာမျှမထူးခြားပေ။

ထိုစကားကြောင့် ဝမ့်ချမ် ရှက်ရွံ့သွားခဲ့သည်။

သူသည် ဂုဏ်သိက္ခာရှိသော
ရှေးဟောင်းလူထူးဆန်းဖြစ်သော်လည်း
ယခုအချိန်တွင် နောက်လိုက်ဖြစ်လာရန်ပင်
အရည်အချင်းပင်မရှိပေ။

ကျွင်းရှောင်ယောက်က စိတ်မရှည်ဖြစ်လာဟန်ဖြင့်
အနည်းငယ် မျက်မှောင်ကြုတ်သွားသည်။

ဆမ်ဆာရာနတ်ဆိုးဂိုဏ်း၏ ရတနာသိုက်က

အလွန်ဆွဲဆောင်မှုရှိသော်လည်း ၎င်းကို ရယူရန် မလိုအပ်ပါ။

ရနိုင်လျှင်ဖြင့် ကောင်းသည်။

မရရင်လည်း ကိစ္စနရှိပါချေ။

ကျွင်းရှောင်ယောက် စိတ်မရှည်ကြောင်းမြင်ပြီးနောက် ဝမ့်ချမ်လည်း အသက်ပြင်းပြင်းရှူကာ ဒူးထောက်ထိုင်ချလိုက်သည်။

အသက်ရှင်သန်ရန်အတွက် ဝမ့်ချမ် လက်ခံရတော့မည်။

ထိုမြင်ကွင်းကြောင့် ကျွင်းရှောင်ယောက်၏

မျက်နှာပေါ်တွင် ထူးဆန်းသည့်အမူအရာတစ်ခု ပေါ်လာသည်။

ဆမ်ဆာရာနတ်ဆိုးဂိုဏ်းမှ ရှေးဟောင်းလူထူးဆန်းမှာ တကယ့်လူတစ်ယောက်ပင်။

ပုံမှန်အားဖြင့် ရှေးဟောင်းလူထူးဆန်းများ၏ စိတ်နေစိတ်ထားက ခေတ်ပြိုင် ပါရမီရှင်များနှင့် ယှဉ်လို့မရပေ။

ယခုမူ ဝမ့်ချမ်က အသိစိတ်နန်းတော်ကိုဖွင့်ပြီး ကျင်းရှောင်ယောက်၏ ကျွန်တံဆိပ်ခတ်ခြင်းကို ခွင့်ပြုလာခဲ့ပြီ ဖြစ်သည်။

ထိုအချိန်မှစ၍ ဤရှေးဟောင်းလူထူးဆန်းကို ကျင်းရှောင်ယောက်က လုံးဝထိန်းချုပ်ထားနိုင်ခဲ့ပေပြီ။

ဤသတင်းကိုသာ အင်မော်တယ်နယ်မြေကြီးမှ
လူများသိလျှင် ဘယ်လောက်ထိ
စိတ်အနှောင့်အယှက်ဖြစ်မလဲ မခန့်မှန်းနိုင်တော့ပေ။

အကြောင်းမူကား
ကျွင်းရှောင်ယောက်၏ကျွန်ဖြစ်လာသူမှာ ခေတ်ပြိုင်
ပါရမရှင်မဟုတ်ဘဲ မင်းသမီးလုံကျိကဲ့သို့သော
ရှေးဟောင်းလူထူးဆန်းတစ်ဦး
ဖြစ်နေသောကြောင့်ပင်တည်း။

အခန်း (၂၇၄) ရည်ရွယ်ချက်ပြီးမြောက်ပြီ၊
အောက်ကမ္ဘာသို့ခရီး၏ အဆုံး၊
ပါရမီရှင်ဟူသောအဓိပ္ပာယ်ကို ဖော်ဆောင်ရန်။

ပျက်ဆီးခြင်းကောင်းကင်
အင်မော်တယ်နယ်မြေကြီးမှာတော့ မင်းသမီးလုံကျိ၏
ဂုဏ်သတင်းက အထွတ်အထိပ်ရောက်နေပြီလားဟု
မေးစရာပင်မလိုပေ။

အကယ်၍ ဝမ့်ချမ်သည်လည်း ကျွင်းရှောင်ယောက်နှင့်
မတွေ့ဆုံခဲ့လျှင် အင်မော်တယ်နယ်မြေကြီးသို့
ဘေးကင်းစွာ သွားရောက်နိုင်သင့်သည်။

ထိုအချိန်တွင် သူ၏ဂုဏ်သတင်းကလည်း
မင်းသမီးလုံကျိထက် များစွာ
အားနည်းမည်မဟုတ်ပေ။

ယခုတော့ မင်းသမီးလုံကျိကဲ့သို့
ရှေးဟောင်းလူထူးဆန်းတစ်ယောက်ဟာ

ကျွင်းရှောင်ယောက်၏ ကျွန်ဖြစ်သွားခဲ့ပြီ ဖြစ်သည်။

ဒီမြင်ကွင်းက နည်းနည်းတော့
စိတ်ကူးယဉ်ဆန်ပေသည်။

"အစ်ကိုရှောင်ယောက်က အံ့ဩဖို့ကောင်းလိုက်တာ၊
ဒါက ငါ့အတွက် ဒါပထမဆုံးမြင်ဖူးတာပဲ"

ကျန်းလော့လီ၏ မျက်လုံးများက တောက်ပနေသည်။

ရှေးခေတ်မှ ယနေ့ခေတ်အထိ
ရှေးဟောင်းလူထူးဆန်းတစ်ဦး မွေးဖွားလာတိုင်း
ခေတ်ပြိုင် ပါရမီရှင်များကို လွှမ်းမိုးနိုင်ခဲ့ကြသည်သာ
ဖြစ်သည်။ ၎င်းတို့က ပါရမီရှင်များကိုပင်
ကျွန်ပြုနိုင်စွမ်းရှိပေသည်။

ယခုမူ ကျွင်းရှောင်ယောက်က

ရှေးဟောင်းလူထူးဆန်းကို ကျွန်ပြုခဲ့ပြီ ဖြစ်သည်။

ထို့ပြင် ဝမ်ချမ်က စမှတ်တစ်ခုမျှသာ
ဖြစ်နိုင်ချေရှိသည်။

အနာဂတ်တွင် ကျွင်းရှောင်ယောက်က
အခြားရှေးဟောင်းလူထူးဆန်းများကိုပင်
ကျွန်ပြုမည့်ပုံရပေသည်။

ဥပမာအားဖြင့်၊ မင်းသမီးလုံကျိုက ကောင်းမွန်သော
ပစ်မှတ်တစ်ခုပင်။

"သခင်"
ဝမ်ချမ်က လက်ယှက်ပြီး ကျွင်းရှောင်ယောက်ကို
ဦးညွတ်ပြလိုက်သည်။ သူသည် အနည်းငယ်
စိတ်မသက်မသာဖြစ်နေသော်လည်း

ဘာမျှမတတ်နိုင်ပေ။

အခြားသူ၏ တံစက်မြိတ်အောက်တွင်
ခေါင်းငုံ့ထားရမည် ဖြစ်သည်။

"အင်း၊ မင်း စိတ်မပူပါနဲ့၊ ဒီနတ်ဘုရားက မင်းကို
အမြဲအရှက်ခွဲနေမှာ မဟုတ်ဘူး၊ မင်းရဲ့ကတိကို
ဖြည့်ဆည်းနိုင်သရွေ့ ငါ့ကျွန်အဖြစ်က
သဘာဝအတိုင်း လွတ်မြောက်လာလိမ့်မယ်"

ကျွင်းရှောင်ယောက်က လျစ်လျူရှုစွာ
ပြောလိုက်သည်။

သူမှာ လူများကို ကျွန်အဖြစ် ခေါ်ဆောင်သည့်
အလေ့အထလည်း မရှိပါဘူး။

ဟုတ်သည်၊ ယင်းက အကြွင်းမဲ့တော့ မဟုတ်ပေ။

အချို့ကိစ္စများတွင် လက်ခံပေးရသည်။

ကျွင်းရှောင်ယောက်၏ စကားကိုကြားမှ ဝမ်ချွမ်လည်း
သက်ပြင်းတစ်ချက်ချကာ ပြောလိုက်သည်။

"ကျေးဇူးတင်ပါတယ် သခင်လေး၊ ဒါပေမယ့်
ရတနာအိမ်က မွေးဖွားလာရင် အခွင့်အရေးတချို့
လိုအပ်တယ်။ ဘာပဲဖြစ်ဖြစ် အချိန်တန်ရင်
ရှာတွေ့နိုင်ဖို့ သဘာဝအတိုင်း ကြိုးစားပေးပါ့မယ်"

ဝမ်ချွမ်တစ်ဦးတည်းဆိုလျှင်
ဆမ်ဆာရာနတ်ဆိုးဂိုဏ်း၏ ရတနာအိမ်ကို
တစ်ယောက်တည်း ဝါးမျိုရန်မလွယ်ပါ။

သူကိုယ်တိုင်လည်း ကျွင်းမိသားစု၏အကာကွယ်ကို

လိုအပ်သည်။

ထိုအချိန်တွင် သူ၏ကျွန်တံဆိပ်မှလည်း
လွတ်မြောက်စေနိုင်ပေလိမ့်မည်။

ကျင်းရှောင်ယောက် ခေါင်းညိတ်လိုက်သည်။
မည်သို့ဆိုစေ ဝမ့်ချမ်၏စိတ်ထဲတွင်
ကျွန်တံဆိပ်ခပ်နှိပ်ထားသောကြောင့်
လျှို့ဝှက်ကကံစည်မည်ကိုမကြောက်ပါ။

ယခုအချိန်တွင် ကျင်းရှောင်ယောက်၏
အောက်ကမ္ဘာသို့လာရခြင်း ရည်ရွယ်ချက်က
လုံးဝပြီးသွားပြီဖြစ်သည်။

ယခုမခါ အရာအားလုံး ပြီးပြည့်စုံသွားပုံရပေသည်။

ကျွင်းရှောင်ယောက်၏ ရိုတ်သိမ်းမှုက
ယခင်မျော်လင့်ထားသည်ထက်ပင်
များစွာကျော်လွန်ခဲ့သည်။

ကျွင်းရှောင်ယောက်က သစ်ပင်တစ်ပင်သာ
လိုအပ်ခဲ့သော်လည်း နောက်ဆုံးမှာတော့
သစ်တောတစ်ခုလုံးကို ရရှိခဲ့ပေသည်။

"အောက်ကမ္ဘာမှာတာ တချို့အရာတွေလုပ်ပြီးရင်
အင်မော်တယ်နယ်မြေကြီးဆီ ပြန်နိုင်ပြီ"

ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

အပြစ်သားဆယ်ယောက်က
လုံးဝပျက်စီးသွားပြီသော်လည်း ပြီးမြောက်ရမည့်
ကိစ္စအချို့ ရှိနေပါသေးသည်။

"အစ်ကိုရှောင်ယောက်၊ ချင်းရီ
အရင်သွားပါတော့မယ်။ အစ်ကိုရှောင်ယောက်
အင်မော်တယ်နယ်မြေကြီးမှာ တန်ခိုးပြမှာကို
မကြာခင်တွေ့ရဖို့ မျှော်လင့်တယ်"

ကျိုချင်းရီက နှုတ်ဆက်ပြီး တစ်ယောက်တည်း
ထွက်သွားခဲ့သည်။

ယခုအချိန်ထိ သူမဟာ အမှုအခုကင်းသော
ကြာပန်းလေးတစ်ပွင့်ကဲ့သို့ ရှိနေဆဲပင်။

ကျွင်းရှောင်ယောက် စွမ်းဆောင်မှုက သူမ၏
နှလုံးသားကို အနည်းငယ် တုန်လှုပ်စေခဲ့သော်လည်း
ယေဘုယျအားဖြင့်တော့ ငြိမ်သက်နေဆဲပင်
ဖြစ်သည်။

ကြီးကျယ်ခမ်းနားသော အပြိုင်ကမ္ဘာကြီးတွင်
ကျွင်းရှောင်ယောက်က
တောက်ပသောကြယ်ပွင့်အသစ် ဖြစ်နိုင်သော်လည်း
သူတစ်ယောက်တည်းမဟုတ်သည်မှာ
အသိသာကြီးပင် ဖြစ်သည်။

လူသားအင်မော်တယ်ဂိုဏ်း၏
သူတော်စင်တစ်ယောက်အနေဖြင့် သူမဟာ
လျှို့ဝှက်ချက်အချို့ကို သိနေပါသေးသည်။

အနာဂတ်တွင် ရှေးဟောင်းလူထူးဆန်းများ၊
ကေရာဇ်သားတော်များနှင့် အခြားပါရမီရှင်များ
မွေးဖွားလာခဲ့ဦးမည်သာ ဖြစ်သည်။

ထိုအချိန်တွင် ကျွင်းရှောင်ယောက်က သူ၏
လက်ရှိအနေအထားနှင့် ပြိုင်ဘက်ကင်းမှုကို

ထိန်းသိမ်းထားနိုင်ပါဦးမလား။

ယင်းက ပြောဖို့ခက်သည်။

ထို့ကြောင့် ကျိုချင်းရီ၏နှလုံးသားသည် အလွန်မင်း
မတုန်လှုပ်ခဲ့ပေ။

နောက်ဆုံးတွင် ရယ်မောနိုင်သူက အောင်နိုင်သူ
ဖြစ်သည်။

အပြိုင်ကမ္ဘာကြီးက ယခုအချိန်မှ စတင်ရုံသာ
ရှိသေးသည်။

ထွက်ခွာသွားသော ကျိုချင်းရီ၏
နောက်ကျောကိုကြည့်ကာ

ကျွင်းရှောင်ယောက်၏မျက်လုံးများက
လေးနက်သွားခဲ့သည်။

ကျိုချင်းရီက လျှို့ဝှက်ချက်အချို့ကို သိပုံရပြီး
သူ့အပေါ်ထားရှိသော သဘောထားကလည်း
ပြောင်းလဲသွားသလို ခံစားရပေသည်။

သို့သော်လည်း ကျွင်းရှောင်ယောက်က
အလေးအနက်ထားပြီး တွေးမနေတော့ပါ။

ကျွင်းရှောင်ယောက်နှင့် ကျိုချင်းရီ၏ ပတ်သက်မှုက
အနည်းငယ် အမျိုးအစားခွဲရခက်သည်။

သူငယ်ချင်းဟုပြောရန်က အဝေးမှာရှိနေဆဲပင်။

ထို့အတူ ရန်သူဟု ဆိုရန်လည်း မလုံလောက်ပြန်ပါ။

ကျိုရွှမ်ကို အကြောင်းပြု၍ သူနှင့်ကျိမိသားစုဟာ
အနည်းငယ် ကိစ္စလေးများရှိထားသော်လည်း
ကျိချင်းရီက သူ့အပေါ်တွင် ပြတ်ပြတ်သားသား
အမုန်းတရား မပြသခဲ့ပါချေ။

ကျိချင်းရီက သူ့ကို ပစ်မှတ်ထားရန်
အစပြုခြင်းမရှိသောကြောင့်
ကျွင်းရှောင်ယောက်ကလည်း သဘာဝအတိုင်း
အနှောက်အယှက်မပေးလိုတော့ပါ။

ရှောင်မိုရှန်းကတော့ ထွက်မသွားဘဲ
ဝမ့်ချမ်ကိုကြည့်ကာ သက်ပြင်းချလိုက်သည်။

မူလက သူသည် ဝမ့်ချမ်ကိုစုဆောင်းကာ

နတ်ဆိုးအင်မော်တယ်ဂိုဏ်းသို့ ခေါ်သွားလိုခဲ့သည်။
ထို့နောက် ဆမ်ဆာရာနတ်ဆိုးဂိုဏ်း၏
ရတနာအိမ်ကိုပြန်လည်ရယူရန်
နည်းလမ်းရှာချင်ခဲ့ပေသည်။

ယခုတော့ ဤသည်မှာ မဖြစ်နိုင်တော့ပုံရသည်။

ရှောင်မိုရှန်းအနေဖြင့် ဝမ့်ချမ်အတွက်
ကျွင်းရှောင်ယောကကို စောကားရန်မှာ
လုံးဝမဖြစ်နိုင်ပေ။

"သွားရအောင်"

ကျွင်းရှောင်ယောက်က သူ့လက်ကို
ဝှေ့ယမ်းလိုက်သည်။

ကျန်းလော့လီ၊ ရီယု၊ ရန်ချင်းယင်နှင့် ဝမ့်ချမ်တို့လည်း

လိုက်ပါသွားခဲ့ကြလေသည်။

ရှောင်မိုရှန်း၏ မျက်လုံးက
အရောင်တစ်ချက်လက်သွားပြီးနောက်
ကျွင်းရှောင်ယောက်အနောက်ကို လိုက်လာခဲ့သည်။

"နင် ငါတို့နောက်ကို ဘာလိုက်လုပ်တာလဲ"

ကျန်းလော့လု၏ မျက်လုံးများက သူ့အစာကို
ကာကွယ်နေသော ကြက်ကလေးကဲ့သို့
သတိတရားများ ပြည့်နှက်လာသည်။

"အိုး၊ သိပ်သတိမထားပါနဲ့၊ ငါတို့ဟာ အရင်က
အချင်းချင်း မသိကြပေမဲ့ အခုတော့
သူငယ်ချင်းဖြစ်နေကြပြီ မဟုတ်လား"

ရှောင်မိုရှန်းက အပြစ်ကင်းစင်ဟန်ဖြင့်
မျက်တောင်တဖျတ်ဖျတ်ခတ်လိုက်သည်။

"ဘယ်သူက နင့်သူငယ်ချင်းလဲ။ ငါတို့က
တစ်ယောက်ကိုတစ်ယောက် လုံးဝသိကြတာ
မဟုတ်ဘူး

ကျန်းလော့လီက ဒေါသတကြီးဖြင့် ပြောလိုက်သည်။

ရီယုနှင့် ရန်ချင်းယင်ကတော့
ဘာမျှမပြောတတ်တော့ပေ။

သူမက ရှောင်မိုရှန်းနှင့် ရင်ဆိုင်နေရုံမျှသာ ဖြစ်သည်။

ယခုအခါ ရှောင်မိုရှန်း၏သဘောထားက
သုံးရာခြောက်ဆယ်ဒီဂရီ ပြောင်းလဲသွားခဲ့ပြီ
ဖြစ်သည်။

သို့သော်လည်း ဤအပြောင်းအလဲက
ကျွင်းရှောင်ယောက်ကြောင့်ပဲဆိုတာ
သူတို့သိပြီးသားပင်။

ကျွင်းရှောင်ယောက်သည်
ရှေးဟောင်းလူထူးဆန်းကိုပင်
အလွယ်တကူဖိနှိပ်နိုင်သောကြောင့် ရှောင်မိုရှန်းဟာ
သဘာဝအတိုင်း သူနှင့် ရန်သူမဖြစ်လိုခဲ့ပေ။

"အစ်ကိုရှောင်ယောက်က ကိုယ်ပိုင်လမ်းကို
ဖွင့်လှစ်ခဲ့ပြီလေ၊ ဒါကြောင့် သူများကလည်း
မဟာတာအို အသိအမြင်တွေကို ဖလှယ်ချင်ခဲ့တာပါ"

ရှောင်မိုရှန်းက ပြောလိုက်သည်။

"တကယ်လား"

ကျန်းလော့လီ၏ မျက်လုံးများတွင် သံသယစိတ်များ

ပေါ်လာသည်။

"ဟုတ်တာပေါ့၊ ငါက အစ်ကိုရှောင်ယောက်ရဲ့
အရှည်ကို သိချင်တယ်၊ နောက်ပြီး ငါ့ရဲ့
အတိမ်အနက်ကိုလည်း သိစေချင်တယ်"

ရှောင်မိုရှန်းက လေးလေးနက်နက် ပြောလိုက်သည်။

ယင်းကိုကြားတော့ ကျွင်းရှောင်ယောက်၏
မျက်နှာအမူအရာမှာ အနည်းငယ် ထူးဆန်းသွားသည်။

ဤကိစ္စက အနည်းငယ် သိုင်းလောကဆန်သလို
ဘာကြောင့်ခံစားနေရပါသနည်း။

သို့သော်လည်း ကျွင်းရှောင်ယောက်က
ပြောလိုက်သည်။

"မလိုပါဘူး၊ ငါ့အရှည်က မင်းတွေးကြည့်လို့တောင်
မရနိုင်ဘူး"

"မင်းရဲ့ အတိမ်အနက်ကတော့...
မင်းရဲ့အရပ်ကိုကြည့်ရင် သိနိုင်တယ်"

ကျွင်းရှောင်ယောက်၏စကားက ရှောင်မိုရှန်းကို
ခဏတာ အံ့အားသင့်ပြီး
မျက်နှာနရဲသွားစေခဲ့ပေသည်။

သူ့စကားများကို အဓိပ္ပါယ်များစွာရှိပြီဟု
ထင်မှတ်ထားခဲ့မိပေသည်။

ရလဒ်အနေဖြင့် သူဟာ ပညာရှင်တစ်ယောက်နှင့်
တွေ့ဆုံခဲ့ရသည်။

ရှောင်မိုရှန်းက ကျွင်းရှောင်ယောက်ကိုကြည့်ကာ ပြောလိုက်သည်။

"ဒါက မမှန်ပါဘူး၊ အစ်ကိုရှောင်ယောက်က မကြိုးစားဘဲ တခြားသူတွေရဲ့ အတိမ်အနက်ကို ဘယ်လိုသိနိုင်မှာလဲ"

"မဟုတ်ဘူး၊ ခြေတစ်လှမ်းနဲ့ မင်းရဲ့အစာအိမ်ကိုရောက်ပြီး အဆုတ်ကိုတောင် တွန်းသွားမိမှာ ငါကြောက်တာ။ အဲဒီအခါကျရင် နတ်ဆိုးအင်မော်တယ်ဂိုဏ်းက ငါ့ကို အလုပ်ရှုပ်စေလိမ့်မယ်"

ကျွင်းရှောင်ယောက်က ပြတ်ပြတ်သားသားပြောလိုက်သည်။

တစ်ဖက်တွင် ကျန်းလော့လီက

ဤရုပ်ထွေးသောများကိုနားထောင်ကာ မျက်လုံး
ကလယ်ကလယ်ဖြစ်နေသည်။

ရှောင်မိုရှန်း၏ မျက်နှာကတော့ သွေးကဲ့သို့
နီရဲနေတော့သည်။

သူမ၏ ဘဝတစ်လျှောက်လုံး အခြားသူများကိုသာ
လှောင်ပြောင်နေခဲ့သည်။

ရလဒ်အနေဖြင့် ယခုတော့ ဤလှောင်ပြောင်မှုဟာ
နောက်ပြန်မဆုတ်နိုင်တော့အောင်
ရူးသွပ်လာနေခဲ့ချေပြီ။

"နောက်ထပ် ဘာပြောချင်သေးလဲ"

ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

"တော်ပါပြီ...ရပါပြီ၊ အစ်ကိုလေးရှောင်ယောက်က အရမ်းဆိုးတာပဲ"

ရှောင်မိုရှန်းလည်း အနည်းငယ်ရှက်ရွံ့ကာ တုံ့ဆိုင်းသွားခဲ့သည်။

ကျွင်းရှောင်ယောက်က သူမ၏စကားများကို အတည်မှတ်ယူကာ
မျှော်လင့်မထားသောအရာများအား စိတ်အားထက်သန်စွာ လုပ်မိမည်ကို သူမ အမှန်တကယ် ကြောက်မိသည်။

ရှေးဟောင်းမြင့်မြတ်ခန္ဓာ၏ နတ်ကျောက်ကပ်က အလွန်ကျော်ကြား၏။ ၎င်းကို ရတနာဟုပင်ခေါ်ဆိုနိုင်ပြီး အချိန်ကြာမြင့်သည်အထိ နောက်ယိုင်သွားမည် မဟုတ်ပေ။

သူမကိုသာ ကျွင်းရှောင်ယောက်က
အမှန်တကယ်ဖောက်ပြားခဲ့မည်ဆိုလျှင်
အင်မော်တယ်နယ်မြေကြီး၏ ယောကျ်ားထုက
အမှန်ပင် ကျွင်းမိသားစုထံသို့ ရောက်လာနိုင်ကြသည်။

ရှောင်မို့ရှန်း တိတ်ဆိတ်သွားသောအခါမှ
ကျန်းလော့လီမှာ စိတ်သက်သာရာရသွားသည်။

သို့သော်လည်း သူမက ခေါင်းကိုလှည့်ကာ
ကျွင်းရှောင်ယောက်ကို စူးစမ်းဟန်ဖြင့်ကြည့်ပြီး
ပြောလိုက်သည်။

"အစ်ကိုရှောင်ယောက်၊ ခြေတစ်လှမ်းနဲ့
အစာအိမ်ထဲရောက်ပြီဆိုတာ ဘာကို ဆိုလိုတာလဲ"

ကျန်းလော့လီ၏ စူးစမ်းလိုစိတ်ရှိသော

ကလေးငယ်တစ်ဦးကဲ့သို့ အသွင်အပြင်ကို
မြင်ရသောအခါ ကျွင်းရှောင်ယောက်က
ခြောက်ကပ်ကပ်ဖြင့် ချောင်းဟန့်လိုက်သည်။

"မမေးနဲ့ကလေး၊ ဒါက လူကြီးတွေသာ နားလည်တဲ့
အရာပဲ"

"ဟွန့်၊ မပြောနေပါ့... လော့လီက ကိုယ့်ဘာသာ
နားလည်လာလိမ့်မယ်"

ကျန်းလော့လီက နှုတ်ခမ်းစူလိုက်သည်။

ကျန်းလော့လီ၏ တစ်ဒဿမငါးမီတာ
အရပ်ပုတုတုလေးကိုကြည့်ကာ ကျွင်းရှောင်ယောက်
တွေးလိုက်သည်။

သူမကိုယ်တိုင် ဤအကြောင်းကို အနှေးနှင့်အမြန်

နားလည်လာရပေလိမ့်မည်။

ထို့နောက် ကျွင်းရှောင်ယောက်နှင့်
အခြားသူများလည်း အက်ကြောင်းဆယ်ခု
ကမ္ဘာလောကအတွင်းမှ ပြန်လည်
ထွက်လာခဲ့ကြသည်။

တစ်ချိန်တည်းမှာပင် ပျက်ဆီးခြင်းကောင်းကင်
အင်မော်တယ်နယ်မြေကြီး၌ ရှူးသွပ်ဖွယ်
သတင်းတစ်ခု ပျံ့နှံ့လာသည်။

ကျွင်းမိသားစု၏ နှစ်သွယ်မျက်လုံး ကျွင်းလုံခန်းက
ဘိုးဘွားနဂါးသိုက်မှ မင်းသမီးလုံကျိနှင့် အတူ
ရှာနေပေလိမ့်မည်။

ကျွင်းရှောင်ယောက်က အင်မော်တယ်နယ်မြေကြီးကို

ပြန်မလာသေးသည့်အတွက် ကျွင်းလုံခန်းဟာ
ကျွင်းမိသားစု၏ ဂုဏ်သိက္ခာအတွက်
ရုပ်တည်နေရမည် ဖြစ်သည်။

ဤတိုက်ပွဲ၏ရလဒ်က ဘာများဖြစ်လာပါသနည်း။

ၚင်းက အထွတ်အထိပ်သို့ ပြန်ရောက်လာသော
နှစ်သွယ်မျက်လုံး ကျွင်းလုံခန်းလား။

သို့မဟုတ် ခေတ်ပြိုင်ပါရမီရှင်များကို လွှမ်းမိုးနေသော
ရှေးဟောင်းလူထူးဆန်းပဲလား။

လူတော်တော်များများက ယင်းကို
စောင့်မျှော်နေခဲ့ကြသည်။

အချိန်တစ်ခုအတွင်း အင်အားစုအသီးသီးမှ
ပါရမီရှင်များဟာ ချိန်းဆိုရာသို့
ဦးတည်လိုက်ကြသည်။

ဤသည်မှာ ရှားရှားပါးပါး တိုက်ပွဲကြီးတစ်ခု
ဖြစ်လာမည့်အပြင် ပါရမီရှင်ဟူသောအဓိပ္ပာယ်ကို
ထင်ရှားစေအည့် တိုက်ပွဲတစ်ခုလည်း ဖြစ်သည်။

အခန်း (၂၇၅) အောက်ကမ္ဘာ၏အဆုံးသတ်၊
အတင့်ရဲသောဖန့်ဟန်ပါ၊ ရှောင်ချန်းကိုသတ်ရန်
အချိန်တန်ပြီ။

ကျွင်းလုံခန်းနှင့် မင်းသမီးလုံကျိတို့၏ တိုက်ပွဲကြောင့်
အင်မော်နယ်မြေကြီးတွင် လေပြင်းများ

တိုက်ခတ်စပြုလာချိန်တွင်...

ဆန့်ကျင်ဘက်မှာတော့ အောက်ကမ္ဘာများက ပြန်လည်ငြိမ်သက်သွားခဲ့သည်။

ကမ္ဘာဆယ်ခု၏ အရှုပ်တော်ပုံလည်း နောက်ဆုံးတွင် ပြီးဆုံးသွားပေပြီ။

တိုက်ကြီးဆယ်ခုရှိ သဘာဝစွမ်းအင်များကိုတော့ အက်ကြောင်းဆယ်ခု ကမ္ဘာလောကမှ လုံးဝ စုပ်ယူလုနီးပါး ဖြစ်ခဲ့သည်။

ထို့ကြောင့် တိုက်ကြီးတစ်ခုစီ၏ ဝိညာဉ်စွမ်းအင်သည် လမ်းဆုံးသို့ရောက်သည့်နှယ် ဖြစ်နေသည်။

အပြစ်သားဆယ်ယောက်၏
ယခင်မငြိမ်မသက်မှုများအပြင်
ကောင်းကင်သားတော်တယ်ဦးကြောင့်
ဖြစ်ပေါ်လာသော ဖရိုဖရဲတချို့ကြောင့်...

ကမ္ဘာဆယ်ခုလုံးက ပျက်စီးနေပြီး
မရေမတွက်နိုင်သော အင်အားစုများ
ပြိုလဲသွားကြရသည်။

သို့သော်လည်း ထိုအရာများက
ကျွင်းရှောင်ယောက်နှင့် မဆိုင်ပါ၊ အနည်းဆုံးတော့
သူဟာ ကမ္ဘာကြီးကို ဂရုစိုက်သည့်
သူတော်စင်တစ်ယောက် မဟုတ်ပါချေ။

ကျွင်းရှောင်ယောက်နှင့် အခြားသူများလည်း
အက်ကြောင်းဆယ်ခု ကမ္ဘာလောကမှ

ပြန်ထွက်လာခဲ့ကြသည်။

သူတို့က ယခင်ဝင်လာသော နေရာမှပင်
ပြန်ထွက်လာခဲ့ကြပေသည်။

အလုံးစုံတိုက်ကြီး၊ ပင်လယ်နက်ပိုင်းတွင်...

မူလက ငြိမ်သက်နေသော ပင်လယ်ပြင်သည်
ပေါက်ကွဲသံနှင့်အတူ ပေါက်ကွဲထွက်သွားသည်။

အမျိုးမျိုးသော ပင်လယ်သားရဲများလည်း အရိုး၊
အသားများ ဖွာလန်ကျဲသွားကာ သွေးများဖြင့်
နီရဲသွား၏။

ထို့နောက်တော့ ရေနက်ပိုင်းတွင် ပုံရိပ်ငါးခု

ထွက်ပေါ်လာတော့သည်။

ယင်းက ကျွင်းရှောင်ယောက်၊ ကျန်းလော့လီ၊ ရီယု၊ ရန်ချင်းယင်နှင့် ရှောင်မိုရှန်းတို့ ဖြစ်သည်။

ကျွင်းရှောင်ယောက်တို့ ထွက်လာသောအချိန်တွင်...

တုန်ရွှမ်ဘိုးဘေးနှင့် အခြားသူများ ပေါ်လာသည်။

"ဂုဏ်ယူပါတယ် သခင်လေး၊ အကျိုးအမြတ်အပြည့်နဲ့ ပြန်ရောက်လာခဲ့ပြီ"

တုန်ရွှမ်ဘိုးဘေး၊ ကူယွမ်နှင့် တခြားသူများလည်း ကျွင်းရှောင်ယောက်ကို တညတညွတ်တည်း ဦးညွတ်လိုက်ကြသည်။

ဂျင်းတို့က ကျွင်းရှောင်ယောက်ကို
စောင့်မျော်နေခဲ့ကြခြင်း ဖြစ်သည်။

ထိုအချိန်တွင် တုန်ရွမ်ဘိုးဘေးနှင့် အခြားသူများ၏
အကြည့်များက ကျွင်းရှောင်ယောက်အပေါ်သို့
ကျရောက်လာသည်။

ထိုအခါ သူတို့မျက်လုံးများ ရုတ်တရက်
အေးခဲသွားကာ အံ့အားသင့်မှုများလည်း ဖြစ်လာခဲ့၏။

ဂျင်းတို့အားလုံး ကျွင်းရှောင်ယောက်ထံမှ
ခြိမ်းခြောက်မှုကို အမှန်တကယ် ခံစားလိုက်ရသည်။

"ဒါက ဘယ်လိုဖြစ်ရတာလဲ"

တုန်ရွမ်ဘိုးဘေးနှင့် ကူယွမ်လည်း အံ့အားသင့်စွာဖြင့်

တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

သိထားရမည်မှာ ၎င်းတို့က သူတော်စင်များ
ဖြစ်ချေသည်။

ယခုမူ ကျွင်းရှောင်ယောက်၏ကျင့်ကြံခြင်းအခြေခံက
တုန်ထျန်းနယ်ပယ် ဘုရင်တစ်ပါးမှန်း
သူတို့သိကြသည်။

သို့သော်လည်း တုန်ထျန်းဘုရင်တစ်ပါးက
သူတော်စင်တစ်ပါးကို ခြိမ်းခြောက်ခြင်းမပြုနိုင်ပေ။

'သခင်လေးက အက်ကြောင်းဆယ်ခု ကမ္ဘာလောကမှာ
မထင်မှတ်ထားတဲ့ အခွင့်အရေးတစ်ခု ရှိနေပုံရတယ်'

တုန်ရွှမ်ဘိုးဘေးလည်း ဘာမျှမပြောနိုင်တော့ပေ။

ကျွင်းမိသားစုက တန်ဖိုးထားသော
ပါရမီရှင်ဆိုသည့်အတိုင်း ကျွင်းရှောင်ယောက်၏
တုံးတက်မှုနှုန်းမှာ တကယ်ကို
ကြောက်စရာကောင်းလှသည်။

ၚင်းတို့အမြင်တွင် ကျွင်းရှောင်ယောက်က
အစွမ်းထက်ဆုံးသော ပါရမီရှင် ဖြစ်သည်။

တုန်ရွမ်ဘိုးဘေးလည်း သိပ်မကြာခင်မှာပင်
ကျွင်းရှောင်ယောက်က သူတို့ကို ကျော်သွားနိုင်မည်ဟု
ခံစားနေခဲ့ရသည်။

"ခင်ဗျားတို့လည်း ပင်ပန်းခဲ့ရပြီ၊ အခု
ရှေးဟောင်းနတ်ဘုရားမျိုးနွယ်ကို
အရင်သွားကြည့်ရအောင်"

ကျွင်းရှောင်ယောက်က ပေါ့ပေါ့ပါးပါး
ပြောလိုက်သည်။

တုန်ရွမ်ဘိုးဘေးနှင့် အခြားသူများလည်း
ခေါင်းညိတ်လိုက်လေသည်။ ၎င်းတို့အနေဖြင့်
ကျွင်းရှောင်ယောက်က ဘယ်လိုအခွင့်အရေးမျိုး
ရလာသလဲဟု မေးရန်တော့ သဘာဝအတိုင်း
မဖြစ်နိုင်ပေ။

နောက်ဆုံးတွင် သူတို့က ကျေးကျွန်များသာ
ဖြစ်သည်။

တစ်ချိန်တည်းမှာပင်၊ အက်ကြောင်းဆယ်ခု
ကမ္ဘာလောက၏ အခြားဝင်ပေါက်တွင်...

ရွှေရောင်ချပ်ဝတ်နှင့် လူလတ်ပိုင်းအရွယ်

အမျိုးသားတစ်ယောက်မှာ နှလုံးသားများ
လေးလံလာသည်။

သူသည် ပန်ဝူနတ်ဘုရားမင်းဆက်၏
ဗိုလ်ချုပ်တစ်ဦးဖြစ်ပြီး ရန်ပန်၏
တာအိုကာကွယ်သူလည်း ဖြစ်ချေသည်။

သို့သော်လည်း နောက်ကွယ်တွင်ကား ၎င်းသည်
ပန်ဝူကေရာဇ်သခင်၏ လူဖြစ်သည်။

အောက်ကမ္ဘာမှာရှိစဉ် ရန်ပန်ကို ဂရုစိုက်ရန်
ပန်ဝူကေရာဇ်သခင်က မှာကြားထားခဲ့၏။

ရန်ပန်၏ ကံတရားဆက်နွယ်မှုအရ ၎င်းသည်
ပန်ကေရာဇ်ဓားကို စုဆောင်းရန်
ဖြစ်နိုင်ခြေအရှိဆုံးသူပင် မဟုတ်ပါလား။

သူက အောက်ကမ္ဘာတွင် အခြားစားနှစ်ချောင်းကို စုဆောင်းရန်အတွက် ဖြစ်နိုင်သည်။

တကယ်လည်း အောက်ကမ္ဘာကို ရောက်လာပြီးနောက် ရန်ပန်၏ကံမှာ အလွန်ကောင်းမွန်ခဲ့ပြီး အခွင့်အရေးများစွာကို ရရှိခဲ့သည်။ ထို့အတွက် ဗိုလ်ချုပ်သည် ဘာမျှမပြောနိုင်ခဲ့ပေ။

ရန်ပန်က ကံကောင်းခြင်း၏ အချစ်တော် ဖြစ်သည်။

အဆုံးတွင် ရန်ပန်က အက်ကြောင်းဆယ်ခု ကမ္ဘာလောကအတွင်းသို့ ဝင်ရောက်သွားခဲ့သည်။ ထိုအခါမှာတော့ နယ်ပယ်ကန့်သတ်ချက်ကြောင့် ဗိုလ်ချုပ်မှာ မဝင်ရောက်နိုင်တော့ပေ။

ယခုမူ ပါရမီရှင်တချို့က ပြန်လည်ထွက်ပေါ်လာပြီး အက်ကြောင်းများလည်း ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်သည်။

သို့တိုင် ရန်ပန်ကတော့ ပေါ်မလာတော့ပါ။

ဗိုလ်ချုပ်က သူ့လက်ကို အနည်းငယ်မြှောက်ကာ ကျိုးပဲ့နေသော အသက်ကတ်ကို ကြည့်လိုက်သည်။

'သူတကယ် ကျဆုံးသွားခဲ့ပုံရတယ်၊ ဒါပေမဲ့ သူ့ထက်ပိုအရေးကြီးတာက ပန်ဟွမ်အသက်ဓားပါ ပါသွားခဲ့တာပဲ'

ဗိုလ်ချုပ်၏မျက်နှာက သုန်မှုန်သွားခဲ့သည်။

ဤခရီးစဉ်က သူ့မိန်းမကော စစ်သည်ကိုပါ

ဆုံးရှုံးလိုက်ရသကဲ့သို့ပင်။

ယခုဆိုလျှင် ရန်ပန်ကျဆုံးသည့်အကြောင်းကို
ပန်ဝူကေရာဇ်သခင်လည်း သိထားပြီးဖြစ်နိုင်သည်။

ထိုအခါ ဘယ်လောက်ထိ ဒေါသထွက်သွားမည်ကို
ပန်ဝူကေရာဇ်သခင်သာ သိနိုင်ပေလိမ့်မည်။

'ပြန်သွားပြီး အရင်သတင်းပို့တာကောင်းမယ်'

ဗိုလ်ချုပ်လည်း သက်ပြင်းချကာ
လှည့်ထွက်သွားတော့သည်။

တစ်ဖက်တွင်၊ ကျွင်းရှောင်ယောက်နှင့်
အခြားသူများက ရှေးဟောင်းနတ်ဘုရားမျိုးနွယ်ထံသို့
ပြန်သွားခဲ့ကြသည်။

တာ့ယင်မင်းဆက်၏ တာ့ယင်ကောရာဇနှင့်
အခြားသူများလည်း ထိုနေရာတွင် ရှိနေကြဆဲပင်။

ကျွင်းရှောင်ယောက်က ဘာမှမပြောဘဲ
အလင်းနှင့်အရိပ်ကျောက်ကို ထုတ်ယူလိုက်သည်။

ဖန့်ဟန်သည် ရန်ပန်တို့နှင့် ပူးပေါင်းပြီး
ကျန်းလော့လီကိုဖမ်းဆီးကာ ကျွင်းရှောင်ယောက်ကို
အကျပ်ကိုင်ခဲ့ပုံများအား
အလင်းနှင့်အရိပ်ကျောက်တွင်
မှတ်တမ်းတင်ထားခဲ့၏။

ယင်းကိုမြင်ပြီးနောက် တာ့ယင်မင်းဆက်ရှိလူတိုင်း
တုန်လှုပ်သွားကြတော့သည်။

တာ့ယင်ကောရာဇလည်း စိတ်ထဲမှ တုန်လှုပ်သွားကာ အမြန်ပြောလိုက်သည်။

"ဒီသားမိုက်က အခွင့်အရေးနည်းနည်းရတာနဲ့ ဝံ့ကြွားတတ်လာပြီ၊ သူက သခင်လေးကိုတောင် ပုန်ကန်ဝံ့တဲ့အတွက် အပြစ်ပေးသင့်ပါတယ်"

တာ့ယင်ကောရာဇက ကျွင်းရှောင်ယောက်ရှေ့တွင် တိုက်ရိုက် ဒူးထောက်ချလိုက်သည်။

ဖန့်ဟန်ကိုလည် သူ့နှလုံးသားထဲတွင် ပြင်းပြင်းထန်ထန် ကြိမ်းမောင်းခဲ့လေသည်။

ဖန့်ဟန်သည် ယခင်က မိုက်မဲသော မင်းသားတစ်ဦးမျှသာဖြစ်ပြီး တာ့ယင်ကောရာဇ၏ အာရုံစိုက်မှုဖြင့်ပင် မထိုက်တန်ခဲ့ပေ။

နောက်ပိုင်းတွင် အခွင့်အရေးရပြီး
ကြီးပြင်းလာသောအခါမှသာ ပို၍
အလေးအနက်ထားလာမိခြင်း ဖြစ်သည်။

သို့သော်လည်း တာ့ယင်ကေရာဇ်ဟာ ဖန့်ဟန်က
ဤမျှအတင့်ရဲပြီး ကျွင်းရှောင်ယောက်ကို
လှုပ်ရှားဝံ့မည်ဟု မမျှော်လင့်ထားပေ။

ကျွင်းရှောင်ယောက် ဒေါသထွက်လာလျှင်
တာ့ယင်မင်းဆက်တစ်ခုလုံး ပျက်စီးသွားနိုင်ကြောင်း
သူတို့အားလုံး သိကြသည်။

ထို့ပြင် သူတို့အနေဖြင့် ဘာမျှပြန်လုပ်နိုင်မည်
မဟုတ်ပေ။

'ဒီသားမိုက်က ငါတို့အားလုံးကိုပါ ဆွဲခေါ်သွားဖို့

ကြိုးစားခဲ့တာပဲ'

တာ့ယင်ကေရာဇ် ဒေါသတကြီးဖြစ်ကာ စိတ်ထဲမှ
ကျိန်ဆဲလိုက်သည်။

သူဟာ ဖန်ဟန်အလောင်းကို ဆွဲထုတ်ပြီး
အကြိမ်တစ်ရာ ကြိမ်းမောင်းရန်ပင်
မစောင့်နိုင်တော့ပေ။

"ဖန်ဟန်က ဒီလိုလူတစ်ယောက်ဖြစ်မယ်လို့
မမျှော်လင့်ထားဘူး။ သူ့ကို အထင်လွဲခဲ့တယ်"

ကျွင်းရင်အာက ပြောလိုက်သည်။

ယခင်က သဟာ စိတ်သဘောထား
ကောင်းသည့်အတွက် ဖန်ဟန်ကို ကူညီပေးခဲ့မိသည်။

ရလဒ်အနေဖြင့် ဖန့်ဟန်က ဝံပုလွေကဲ့သို့
ရည်မှန်းချက်ကြီးလာကာ ကျွင်းရှောင်ယောက်ကိုပင်
လုပ်ကြံဝံ့သည်အထိ ဖြစ်လာခဲ့ပေပြီ။

"တောင်းပန်ပါတယ်သခင်လေး၊ ဒါတွေအားလုံးက
ကျွန်မကြောင့်ပါ"

ကျွင်းရင်အောက သူ့ကိုယ်သူအပြစ်တင်ကာ
တောင်းပန်လိုက်သည်။

"မင်းနဲ့ဘာမှမဆိုင်ပါဘူး"

ကျွင်းရှောင်ယောက်က ခေါင်းခါယမ်းလိုက်လေသည်။

"ရင်အောက အတင့်ရဲပြီး တောင်းဆိုပါရစေ၊
သခင်လေးအနေနဲ့ ကောဇ်နဲ့ တခြားသူတွေကို
ခွင့်လွှတ်နိုင်မယ်လို့ မျှော်လင့်ပါတယ်၊
သူတို့အားလုံးက ကျွင်းမိသားစုအတွက်ပဲ

ကြိုးစားနေခဲ့ကြတာပါ"

ကျွင်းရင်အာက နူတ်ခမ်းကိုကိုက်ပြီး
ကျွင်းရှောင်ယောက်ကို ဦးညွှတ်လိုက်သည်။

သူမက အောက်ကမ္ဘာတွင် နှစ်အတော်ကြာနေခဲ့ပြီး
တာ့ယင်ကေရာဇ်နှင့် အခြားသူများကလည်း သူမကို
ကောင်းမွန်စွာ ဂရုစိုက်ခဲ့ကြသည်။

ထို့ကြောင့် ကျွင်းရင်အာသည် တာ့ယင်မင်းဆက်ကို
ဘာမျှမဖြစ်စေလိုခဲ့ပေ။

"ငါက ဒီလောက်ထိရက်စက်ပုံရနေလို့လား၊
လူတစ်ယောက်ရဲ့ အပြစ်ကြောင့် အခြားသူကို
ဘယ်လိုလုပ်ပြီး အပြစ်ဖို့နိုင်မှာလဲ"

ကျွင်းရှောင်ယောက်က ပေါ့ပေါ့ပါးပါးပြုံးကာ
ခေါင်းခါယမ်းလိုက်သည်။

စုဇီချုံနှင့် အခြားသူများကတော့
ထိုစကားကိုကြားသောအခါ
သွေးအန်ချင်သွားခဲ့ကြသည်။

တစ်ယောက်အတွက် အိမ်အထိလိုက်ပြီး
ဖျက်ဆီးခဲ့တာ ဘယ်သူလဲ။

"သခင်လေးရဲ့ကြင်နာမှုအတွက် မင်းဆက်ကိုယ်စား
ကျေးဇူးအများကြီးတင်ပါတယ်"

တော့်ယင်ကေရာဇ်က ဦးညွတ်လိုက်သည်။

ကျွင်းရင်အာလည်း ချိုသာစွာ ပြုံးလိုက်လေသည်။
သူမ၏ မျက်လုံးများမှာလည်း မြတ်နိုးမှုတို့
ဖြစ်လာခဲ့မိသည်။

ကျွင်းရှောင်ယောက်က အစွမ်းထက်ရုံသာမကဘဲ
ရုပ်ရည်ကလည်း ချောမောသည်၊ ထို့ပြင်
ပြောစရာမရှိလောက်အောင် နူးညံ့သိမ်မွေ့ပြီး
စိတ်ရှည်သည်းခံတတ်သေးသည်။

ကျွင်းရင်အာလည်း ကျွင်းရှောင်ယောက်၏
ဆွဲဆောင်မှုအောက်တွင် နှလုံးသား
အရည်ပျော်သွားသလို ခံစားလိုက်ရသည်။

"ကျွတ်ကျွတ်... အစ်ကိုလေးရှောင်ယောက်က
တကယ်ကို အပေါင်းအသင်းကောင်းတာပဲ"

ရှောင်မိုရှန်းက သက်ပြင်းချလိုက်သည်။

"နင်က စကားအရမ်းများတာပဲ၊ ငါတို့နောက်ကို
လိုက်ခဲ့ဖို့ ဘယ်သူက ပြောလို့လဲ"

ကျန်းလော့လီက မကျေမနပ်ဖြင့် ပြောလိုက်သည်။

"ခြေထောက်ဆိုတာ လူတွေသွားဖို့ ရှိနေတာပဲလေ၊
သူလိုတဲ့နေရာကို သွားမှာပေါ့"

ရှောင်မိုရှန်းက ပြီးကာ ပြောလိုက်၏။

လောလီပေါ့ နှစ်ယောက်က
အချီအချပြောဆိုလိုက်ကြသည်။

ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

"ရင်အာ၊ အင်မော်တယ်နယ်မြေကြီးကိုပြန်ဖို့ ငါနဲ့အတူ
လိုက်ခဲ့ပါတော့၊ အောက်ကမ္ဘာတွေကိုတော့
ရှေးဟောင်းနတ်ဘုရားမျိုးနွယ်နဲ့
တာ့ယင်ကေရာဇ်တို့ဆီ လွှဲအပ်ခဲ့ပါမယ်"

"ကောင်းပါပြီ၊ ငါတို့ ကောင်းကောင်း
ဂရုစိုက်ထားလိုက်ပါမယ်"

တာ့ယင်ကေရာဇနှင့် ရှေးဟောင်းနတ်ဘုရားမျိုးနွယ်၏
ဘိုးဘေးလည်း တပြိုင်နက်တည်း
ပြန်ဖြေလိုက်ကြသည်။

အောက်ကမ္ဘာကို စီစဉ်ပြီးသည်နှင့်
အင်မော်တယ်နယ်မြေကြီးသို့ ပြန်လာနိုင်စွမ်းရှိပေပြီ။

ထို့ကြောင့် အောက်ကမ္ဘာကိုစောင့်ရှောက်ရန် လူချို့ကို
ထားခဲ့လျှင်ရသည်။

"အောက်ကမ္ဘာရဲ့ကိစ္စက နောက်ဆုံးတော့
ပြီးဆုံးသွားခဲ့ပြီ၊ ငါမရှိခင် အချိန်အတွင်း
အင်မော်တယ် နယ်မြေကြီးမှာ ဘာတွေဖြစ်နေပြီလဲ
မသိဘူး"

"ဒါထက် ရှောင်ချန်းကိုလည်း သတ်သင့်တယ်"

ကျွင်းရှောင်ယောက်၏ နှုတ်ခမ်းများက အနည်းငယ်
တွန့်ကွေးသွားခဲ့သည်။

ရှောင်ချန်းတွင် အသုံးဝင်မှု လုံးဝမရှိတော့ပါ။

ထို့ကြောင့် သူနောက်ကွယ်တွင်
ရှိမုန်းစရာကောင်းသည့် လှည့်ကွက်များကို
မလုပ်နိုင်တော့ရန် ထာဝရ တားမြစ်လိုက်သင့်သည်။

မင်းသမီးလုံကျိုကိုတော့...

ကျွင်းရှောင်ယောက် အနည်းငယ် စဉ်းစားနေမိသည်။

သူမ၏ မူလခန္ဓာကိုယ်အဖြစ် ပြောင်းလဲစေကာ
သတ်စားရမလား။

သို့မဟုတ် သူမကို စီးတော်အဖြစ် အသုံးပြုရမလား။

အခန်း (၂၇၆) သူဌေးကြီးအဆင့်

ကျွင်းရှောင်ယောက် အင်မော်တယ်နယ်မြေကြီးသို့
ပြန်လာပြီ၊ ကျန်းစန်းယီ၏ အတွေးများ။

ရက်အနည်းငယ်ကြာ စီစဉ်ပြီးနောက်
ကျွင်းရှောင်ယောက်သည် တခြားသူများနှင့်အတူ
အလုံးစုံတိုက်ကြီးမှ ထွက်ခွာသွားခဲ့သည်။

ကျွင်းရှောင်ယောက်က
အင်မော်တယ်နယ်မြေကြီးသို့မပြန်မီ
ဆန်းကျယ်ကောင်းကင်တိုက်ကြီးကို သွားခဲ့၏။။

နာလန်လော်ရှီးကို အင်မော်တယ်နယ်မြေကြီးသို့
လေ်သွားရမည့်ကိစ္စအား သူမမေ့သေးပေ။။

ထို့ပြင် ကြယ်ခွဲနတ်ဘုရားရုပ်သေးများကိုလည်း
နာလန်မိသားစုထံ လွှဲပြောင်းပေးရမည်ဖြစ်သည်။

ဤကြယ်ခွဲနတ်ဘုရားရုပ်သေးများသည်
အင်မော်တယ်နယ်မြေကြီး၌
အသုံးသိပ်မဝင်သောကြောင့် အောက်ကမ္ဘာတွင်
ထားခဲ့ခြင်းက ပိုကောင်းသည်။။

ကျွင်းရှောင်ယောက်က

ဆန်းကျယ်ကောင်းကင်တိုက်ကြီးကို
ထပ်မံသွားဦးမည်ဆိုတာကိုကြားတော့ ရှောင်မိုရှန်းမှာ
ဆက်မလိုက်တော့ပေ။

သို့သော်လည်း မထွက်ခွာခင်မှာ
အင်မော်တယ်နယ်မြေကြီး၌ ကျွင်းရှောင်ယောက်နှင့်
ပြန်တွေ့မည်ဟုပြောခဲ့သည်။

ထုအချုနကျရင် အရှည်နှင့် အတမအနကကု
စမ်းကြည့်ရပေမည်။

ကျွင်းရှောင်ယောက်လည်း ဖြူစင်ပုံရသလောက်
သိုင်းသမဆန်ဆန် ပြောဆိုတတ်သည့်
ထုမနးကလေးကို လျစလျူရှုလုကသည်။

သူ့အတွက်နှင့် နတ်ဆိုးအင်မော်တယ်ဂိုဏ်းကို

ပြဿနာမရှာလိုသေးပေ။

ရက်အနည်းငယ်ကြာပြီးနောက်
ကျွင်းရှောင်ယောက်တို့အဖွဲ့ဟာ
ဆန်းကျယ်ကောင်းကင်တိုက်ကြီးသို့ရောက်ပြီး
နာလန်မိသားစုထံ သွားခဲ့သည်။

ကျွင်းရှောင်ယောက် ရောက်ရှိလာတာကိုမြင်သောအခါ
နာလန်လော်ရှီးက အလွန်ဝမ်းသာသွားပြီး
အရှေ့ထွက်လာကာ ဦးညွတ်လိုက်သည်။

"သူကောပဲလား"

ကျန်းလော့လီ၏မျက်လုံးက အူတိုမှုများ
လှုစ်ဟလာသည်။

ရန်ချင်းယင်၊ ကျွင်းရင်အာ၊ နာလန်လော်ရှီး။

သူတို့အားလုံးက ကျွင်းရှောင်ယောက်ကို
သဘောကျကြပြီး ၎င်းတို့မျက်လုံးများကလည်း
ကြည်ညိုလေးစားမှုအပြည့် ရှိနေကြလေသည်။

ဤအတွက် ကျွင်းရှောင်ယောက်လည်း
ဘာမျှမတတ်နိုင်ခဲ့ပေ။

သူက မည်သည့် မိန်းကလေးကိုမျှ တမင်တကာ
ပရောပရည် မလုပ်ဘူးပဲ ထိုသို့လုပ်နေရန်လည်း
ပျင်းရိသည်။

ထို့ကြောင့် သူ၏ ဆွဲဆောင်မှုကိုသာ
အပြစ်တင်ရပေတော့မည်။

"ဒါထက် အင်မော်တယ်နယ်မြေကြီးကိုမပြန်ခင်
ရှေးဟောင်းမြင့်မြတ်တောင်တန်းကို တခါတည်း
ကူညှိုင်းပေးထားခဲ့မယ်

ကျွင်းရှောင်ယောက်က ပေါ့ပေါ့ပါးပါး
ပြောလိုက်သည်။

ယခင်ကတော့ ဆန်းကျယ်ကောင်းကင်တိုက်ကြီး၏
လူသားမျိုးနွယ်ကို သူတို့ဘာသာ
ဖြေရှင်းခွင့်ပေးခဲ့ချင်မိသည်။

သို့သော်လည်း အလုံးစုံတိုက်ကြီးရှိ
ရှေးဟောင်းမြင့်မြတ်တောင်တန်းကို မြင်ပြီးနောက်
ကျွင်းရှောင်ယောက်ဟာ မြင့်မြတ်တောင်များကို
အလွန်ရှုံရှာသွားခဲ့သည်။

ထို့ပြင် သူ့ခွန်အားကလည်း
အလွန်တိုးတက်လာသောကြောင့် ဓားသရုန်
ကျောက်တစ်လုံးကို လိုအပ်ခဲ့ပေသည်။

"ဒါ...ဒါက ကောင်းဘူးမဟုတ်လား"

နာလန်ကျန်းလည်း အံ့အားသင့်သွားသည်။

ကျွင်းရှောင်ယောက်၏လေသံတွင်
ရှေးဟောင်းမြင့်မြတ်တောင်ကို ဖျက်ဆီးရန်က
ထမင်းစားရသောက်သည့်နှယ် ပေါ့ပေါ့ပါးပါးဟု
ဘာကြောင့်ခံစားနေရပါသနည်း

နောက်ရက်အနည်းငယ်တွင် ကျွင်းရှောင်ယောက်က
လူတစ်စုကိုခေါ်ကာ
ရှေးဟောင်းမြင့်မြတ်တောင်တန်းသို့
တိုက်ရိုက်သွားခဲ့သည်။

ကြယ်ခွဲနတ်ဘုရားရုပ်သေးခြောက်ခုအပြင်
တုန်ရွှမ်ဘိုးဘေးတို့ပါပြီး
ကျွင်းရှောင်ယောကကိုယ်တုံးကလည်း
အလွန်တိုးတက်လာသည်။ ထို့ပြင်
သူ့ကိုယ်သူကာကွယ်ရန် ပန်ကောဇ်များလည်း
ရှိသေးသည်။

ထို့ကြောင့် ဤတိုက်ပွဲဟာ သဘာဝအတိုင်း
သည်းထိတ်ရင်ဖို မရှိခဲ့ပါချေ။

နာရီအနည်းငယ်အတွင်းမှာပင် တိုက်ပွဲပြီးသွားကာ
တောင်တစ်ခုလုံး ပြုကျသွားခဲ့သည်။

ဆန်းကျယ်ကောင်းကင်တိုက်ကြီး၏
အန္တရာယ်များလည်း လုံးဝ ဖြေရှင်းနိုင်ခဲ့ပြီ။

ကျွင်းရှောင်ယောက်၏ တိုက်ခိုက်နိုင်စွမ်းက
လူတိုင်းကို ထိတ်လန့်စေခဲ့သည်ည်။

သူက တုန်ထျန်းဘုရင်သာ ဖြစ်သေးသည်။

သူက နတ်မီးတောက်နယ်ပယ်များကို သာမက...
ဟင်းလင်းပြင်နတ်ဘုရားများကိုပင် ဖြေရှင်းနိုင်သည်။

ယင်းက တကယ်ကို မယုံနိုင်စရာဖြစ်ပြီး
စိတ်ကူးယဉ်လို့ပင် မရတော့ပါ။

ကျွင်းရှောင်ယောက်၏ခွန်အားက သူ့မျိုးဆက်များနှင့်
ဝေးကွာလာပြီး မျိုးဆက်ဟောင်းများကိုပင်
ဦးတည်သွားနေပြီ ဖြစ်သည်။

ရှေးဟောင်းမြင့်မြတ်တောင်ကိုဖြေရှင်းပြီးနောက်၊
ကျွင်းရှောင်ယောက်သည် တခြားသူများကိုခေါ်ပြီး
အင်မော်တယ်နယ်မြေကြီးသို့ ပြန်လာခဲ့လိုက်သည်။

ကိုယ်ပိုင်လမ်းကိုဖွင့်နိုင်ခဲ့သော
ကျွင်းရှောင်ယောက်သာ အင်မော်တယ်နယ်မြေကြီးကို
ပြန်လာပါက
မည်မျှတုန်လှုပ်ချောက်ချားဖွယ်ဖြစ်မည်ကို
စိတ်ကူးယဉ်နိုင်သည်။

ယခုတော့ အင်မော်တယ်နယ်မြေကြီး၏
သူဌေးကြီးအဆင့်ပါရမီရှင် ဘီလူးတစ်ကောင်သည်
ဘုရင်လမ်းကိုစတင်ရန် ပြန်လာနေခဲ့ပြီ ဖြစ်သည်။

.....

ပျက်ဆီးခြင်းကောင်းကင် အင်မော်တယ်နယ်မြေကြီး၊
တောက်ရှန်တောင်။

တောက်ရှန်တောင်သည် အင်မော်တယ်နယ်မြေကြီး၏
တာအိုစီရင်စုသုံးထောင်အနက်မှ တစ်ခုဖြစ်သော
တောက်ကျိုးစီရင်စုထဲတွင် ရှိသည်။

တောင်ရှန်တောင်သည် အလွန်ကျော်ကြားသော
အခွင့်ကောင်းနေရာတစ်ခုဖြစ်သည်။ ဤနေရာတွင်
ပုဂ္ဂိုလ်တစ်ဦးက အဓိပဓိနယ်ပယ်သို့
ချိုးဖြတ်ဖူးကြောင်း ကောလဟာလများပင် ရှိ၏။

ယနေ့တိုင် တောက်ရှန်တောင်ကို သန်မာသော
တာအိုအင်အားသက်များက လွှမ်းခြုံထားဆဲဖြစ်ပြီး
တာအိုကိုနားလည်လိုသော ပါရမီရှင်များအတွက်

နေရာတစ်ခုပင် ဖြစ်သည်။

သို့သော်လည်း ယနေ့တွင်၊
တောက်ရှန်တောင်တစ်ခုလုံးက မကြုံစဖူး
သက်ဝင်လှုပ်ရှားနေပြီး အရပ်ရပ်မှ အင်အားစုများ
စုစည်းလျက်ရှိသည်။

ပတ်ဝန်းကျင်ကို ကြည့်လိုက်ပါက အဆုံးမဲ့
လူအုပ်ကိုသာ မြင်ရပေလိမ့်မည်။

တောက်ရှန်တောင်က နာမည်ကျော်ကြားသော်လည်း
ဤမျှလူစုလူဝေးဖြစ်သည်အထိ ကျော်ကြားရန်တော့
မဖြစ်နိုင်ပေ။

ထိုအတွက် တစ်ခုတည်းသော အကြောင်းအရင်းမှာ
ကျွင်းမိသားစုမှ ကျွင်းလုံခန်းနှင့် ဘိုးဘွားနဂါးသိုက်၏

ရှေးဟောင်းလူထူးဆန်း မင်းသမီးလုံကျိတို့၏
တိုက်ပွဲကြောင့်သာ ဖြစ်သည်။

မင်းသမီးလုံကျိ၏ ဂုဏ်အသရေအကြောင်းကိုတော့
များစွာပြောနေစရာ မလိုတော့ပေ။
ရှေးဟောင်းလူထူးဆန်းဆိုသည့် နာမည်ကပင်
အကြောင်းမဲ့ပါရမီကို ကိုယ်စားပြုနိုင်သည်။

ထို့ပြင် သူမတွင် ရှေးဟောင်းနဂါးပြာကေရာဇ်၏
သွေးမျိုးဆက်လည်း ရှိသေးသည်။ သူမသည်
မျိုးဆက်သုံးခုအတွင်း ဆင်းသက်လာသူ
မဟုတ်သော်လည်း ထိုသည်ကပင်
အလွန်မွန်မြတ်နေခဲ့ပြီ ဖြစ်သည်။

သို့ရာတွင် သူ့ပြိုင်ဘက် ကျွင်းလုံခန်းကလည်း
အားမနည်းပါချေ။

ကျွင်းမိသားစု၏
အသန်မာဆုံးမျိုးဆက်သစ်နေရာကိုတော့
ကျွင်းရှောင်ယောက်က ယူဆောင်ထားခဲ့ပြီ ဖြစ်သည်။

သို့ရာတွင် ယင်းက ကျွင်းလုံခန်းကို
အားနည်းနေသည်ဟု မဆိုလိုပါချေ။

ကျွင်းရှောင်ယောက် အင်အားမပြမီတွင်
ကျွင်းလုံခန်းက ကျွင်းမိသားစုမှ
မျိုးဆက်သစ်လူငယ်များ၏ ခေါင်းဆောင်ဖြစ်ခဲ့သည်။

သူ၏ နှစ်သွယ်မျက်လုံးကြောင့်လည်း
အင်မော်တယ်နယ်မြေကြီးမှ
လူငယ်မျိုးဆက်ကြားတွင် သဘာဝအတိုင်း
ထိပ်တန်းပုဂ္ဂိုလ်ဖြစ်ခဲ့သည်။

ယခင်က မင်းသမီးလုံကျိန့် ကျွင်းလုံခန်းသည်
တစ်ကြိမ်တိုက်ခိုက်ခဲ့ဖူးသော်လည်း အနိုင်အရှုံးကို
မခွဲခြားနိုင်ခဲ့ပါ။

သို့သော်လည်း ထိုအချိန်တွင် မင်းသမီးလုံကျိ၏
အခြေအနေက အထွတ်အထိပ်သို့
မရောက်သေးသကဲ့သို့၊ ကျွင်းလုံခန်းကလည်း
နှစ်သွယ်မျက်လုံးကို အသုံးမပြုခဲ့ပေ။

သို့သော်လည်း ယခုအချိန်မှာတော့
သူတို့နှစ်ယောက်ကြားမှ ပြိုင်ဆိုင်မှုဟာ
ပို၍ပြင်းထန်လာတော့မည် ဖြစ်သည်။

ဤအခိုက်အတန့်တွင် တောက်ရှုန်တောင်၌
လူသားမျိုးနွယ်အပြင် မျိုးနွယ်ခြားများလည်း

ရှိနေခဲ့ကြသည်။

ထိုအချိတွင် အဝေးမှ ကောင်းကင်ယံ၌
လှေငယ်တစ်စင်း ချဉ်းကပ်လာသည်။
လှေငယ်ပေါ်မှာလည်း လူတစ်စုက မတ်တပ်ရပ်ကာ
လိုက်ပါကြလေသည်။

"ဒါ မြင့်မြတ်ဝိညာဉ်အကယ်ဒမီက လူတွေပဲ၊
သူတို့ကလည်း တကယ်ပဲ လာခဲ့တာလား"

ထိုလူများကိုမြင်တော့ တစ်ယောက်က အံ့အားသင့်စွာ
ပြောလိုက်သည်။

ယေဘူယျအားဖြင့် မြင့်မြတ်ဝိညာဉ်အကယ်ဒမီသည်
အင်အားစုများကြားမှ မည်သည့်တိုက်ပွဲများတွင်မျှ
ပါဝင်ခြင်းမရှိသလို၊ လူစုလူဝေးနေရာများကိုလည်း
လာကြည့်လေ့မရှိပေ။

ယခုမူ မြင့်မြတ်အကယ်ဒမီက
အမှန်တကယ်ပေါ်လာခဲ့ပြီ ဖြစ်သည်။
ယင်း၏အဓိပ္ပာယ်မှာ သာမန်မဟုတ်တန်ရာပေ။

"ဒါက ပုံမှန်ပါပဲ၊ ကျွင်းရှောင်ယောက်ရဲ့ အခြား
အထောက်အထားတစ်ခုက
မြင့်မြတ်ဝိညာဉ်အကယ်ဒမီရဲ့ မြင့်မြတ်သားတော်
ဆုတောကုလည်း မေ့မထားနဲ့ဦးလေ
တချို့ကလည်း အသံတိုးတိုးဖြင့် ပြောလိုက်ကြသည်။

ဤတစ်ခေါက်တွင် မြင့်မြတ်ဝိညာဉ် အကယ်ဒမီမှ
မဟာအကြီးအကဲအပြင် သူတော်စင်ဟွားရှီချင်းနှင့်
အခြားသူများ ပါလာခဲ့ကြသည်။

ဤတစ်ခေါက်တွင် ကျွင်းရှောင်ယောက် မလာပါ။

သို့ရာတွင် မြင့်မြတ်ဝိညာဉ်အကယ်ဒမီက
ကျွင်းမိသားစုနှင့် ရင်းနှီးသောဆက်ဆံရေးရှိနေပြီ
ဖြစ်သည်။

ပုံမှန်အတိုင်းဆိုလျှင် ဤတိုက်ပွဲက ကျွင်းလုံခန်းနှင့်
မင်းသမီးလုံကျိုကြားမှ တိုက်ပွဲဖြစ်သည်။

သို့ရာတွင် ဤသည်က ကျွင်းမိသားစုနှင့်
ရှေးဟောင်းတော်ဝင်မိသားစုကြားမှ တိုက်ပွဲဖြစ်၏။
ထို့ကြောင့် မြင့်မြတ်ဝိညာဉ်အကယ်ဒမီက
သဘာဝအတိုင်း လက်မလွှတ်နိုင်ပေ။

ထို့နောက် အထပ်မြင့်သင်္ဘောကြီးတစ်စင်းသည်
တစ်ဖန် ပျံတက်လာပြန်သည်။ ဤသင်္ဘောကြီး၏
ကုန်းပတ်ပေါ်မှာတော့ ချောမောလှပကာ

မြင့်မြတ်သော မိန်းမပျိုတစ်ဦး ရပ်နေလေသည်။

ယင်းက ပန်ဝူနတ်ဘုရားမင်းဆက်၏ မင်းသမီးကြီး ဝူမင်ယွဲ့ ဖြစ်သည်။

"ပန်ဝူဘုရားမင်းဆက်လည်း ဒီမှာပဲ၊ ဒါက တကယ့်ကို ထူးဆန်းတယ်"

လူအများက ပြောဆိုလိုက်ကြသည်။

ထို့နောက် လူတစ်စုကို တင်ဆောင်လာသော လှေပျံကြီးတစ်စင်း ပျံသန်းလာပြန်သည်။

ခေါင်းဆောင်လာသူမှာ သေမျိုးလောကမှ နတ်သမီးကဲ့သို့ မိန်းမလှတစ်ဦး ဖြစ်သည်။

သူမ၏ အပြောရောင်ပိုးဝတ်ရုံက တဖျပ်ဖျပ်ခတ်နေပြီး
တစ်ကိုယ်လုံးကလည်း တာအိုနှင့်
လိုက်လျောညီထွေရှိပုံလေသည်။ သူမက
အလွန်သပ်ရပ်ကာ လှပပြီး သန့်စင်မွန်မြတ်သည်။

ယင်းကာ ကျန်းမိသားစု၏ နတ်သမီး၊ ကျန်းစန်းယီပင်
ဖြစ်ချေသည်။

ကျန်းမိသားစု ရောက်လာသည့်အတွက်တော့
မည်သူမျှ မအံ့သြကြပေ။

နောက်ဆုံးတွင် ကျန်းမိသားစုနှင့် ကျင်းမိသားစုက
အင်္ဂျီဆင်တူ၊ ဘောင်းဘီဆင်တူ
ဝတ်ထားသောကြောင့်ပင် ဖြစ်သည်။

'ရှောင်ယောက်နဲ့ လော့လီ၊ မင်းတို့နှစ်ယောက်

အောက်ကမ္ဘာမှာ ဘယ်လိုနေကြမလဲ မသိဘူး'

ကျန်းစန်းယီက သူ့စိတ်ထဲတွင် အနည်းငယ်
သက်ပြင်းချလိုက်သည်။

ကျွင်းရှောင်ယောက်၏ အရည်အချင်းဖြင့်
မတော်တဆမှု မဖြစ်နိုင်ကြောင်း သိထားလျှင်ပင်...
နောက်ဆုံးမှာတော့ စိုးရိမ်နေဆဲပင်။

ကျန်းလော့လီက အောက်ကမ္ဘာကို
ခိုးထွက်ခဲ့ခြင်းဖြစ်သော်လည်း ကျန်းစန်းယီ သိသည်။

သို့သော်လည်း မတားမြစ်ဘဲ ကျန်းလော့လီနှင့်
ကျွင်းရှောင်ယောက်ကို အခြေအနေများ
ဖန်တီးပေးချင်ခဲ့ပေသည်။

ဟုတ်ပေသည်။

အဆင်ပြေကောင်း ပြေသွားနိုင်သည်။

ကျန်းစန်းယီ အနည်းငယ် ပြီးလိုက်လေသည်။
သို့သော်လည်း သူ သတိမပြုမိသော ခါးသီးမှု
အနည်းငယ် ရှိနေသည်။

ဘယ်အချိန်ကစခဲ့တယ်မသိသော်လည်း
ကျွင်းရှောင်ယောက်အပေါ် သူမ၏ခံစားချက်က
မူမမှန်းကြောင်း သိလာခဲ့ပေသည်။

ပထမတော့ ကျန်းစန်းယီဟာ ကျွင်းရှောင်ယောက်၏
ရှေးဟောင်းမြင့်မြတ်ခန္ဓာနှင့် ထူးခြားစွာ
ပဲ့တင်ထပ်သော သူမ၏ သန္ဓောစွမ်းအင်
တာအိုခန္ဓာအပေါ် အပြစ်တင်ခဲ့သည်။

သို့ရာတွင် အချိန်ကြာလာသည်နှင့်အမျှ
ကျန်းစန်းယီဟာ သူ့ကိုယ်သူ လှည့်စားနိုင်စွမ်းမရှိဟု
ပို၍ ခံစားလာခဲ့ရ၏။

ထို့ကြောင့် သူဟာ ဤခံစားချက်ကို
ပို၍ကြီးထွားမလာခင် ဖယ်ရှားပစ်ရန်
ကြိုးစားခဲ့မိသည်။

အရာအားလုံးက ဘာမှမဖြစ်ခဲ့သလို
အဆင်ပြေနေလိုခဲ့ပေသည်။

အခန်း (၂၇၇) အင်အားစုအားလုံး စုရုံးကြခြင်း၊
အဓိကလူများ ရောက်ရှိလာပြီ၊ ကျွင်းမိသားစုမှ

စီကွမ်များ ပေါ်လာကြခြင်း။

အချိန်များ တရွေ့ရွေ့ ကုန်လွန်သွားကာ
အင်အားစုများလည်း ပို၍များပြားလာခဲ့ပြီ။

ကျွင်းမိသားစုမှလွဲ၍
ရှေးဟောင်းတော်ဝင်မိသားစုဘက်မှ တစ်ဦးပြီးတစ်ဦး
ရောက်ရှိလာခဲ့ကြသည်။

ထိုစဉ် ဖီးနစ်အော်မြည်သံနှင့်အတူ
ဖီးနစ်ဝိညာဉ်တောင်တန်းမှ အကြီးအကဲများ
ထပ်ရောက်လာပြန်သည်။

ထိုအထဲတွင် ရင်းနှီးသော မျက်နှာများလည်း ရှိ၏။

ဟွမ်ရွမ်းရီနှင့် ဖုန့်ချင်းလင်ပင် ဖြစ်ချေသည်။

ဂင်းတို့သည် ပန်ဝူနတ်ဘုရားမင်းဆက်မှပွဲတွင်
ပါဝင်ခဲ့ကြသော်လည်း ကျွင်းရှောင်ယောက်၏
သင်ခန်းစာပေးခံခဲ့ရသည်။

ထိုစဉ် အရှေ့ဘက်မှ ခရမ်းရောင်လေပြင်းများ
တိုက်ခတ်လာပြီး သတ္တဝါတစ်စု ပေါ်လာပြန်သည်။

"အဲဒါ... ချီရှေးဟောင်းဂူပဲ၊ သူတို့လည်း
ဒီကိုရောက်လာပြီ"

လူသားမျိုးနွယ်မှ ကျင့်ကြံသူတစ်ဦးက ခပ်တိုးတိုး
ပြောလိုက်သည်။

ပထမမှာ ဘိုးဘွားနဂါးသိုက်၊ ထို့နောက်

ဖီးနစ်ဝိညာဉ်တောင်တန်း၊ ယခု ချီရှေးဟောင်းဂူ...

ရှေးဟောင်း တော်ဝင်မိသားစုများ ဆက်တိုက်
မွေးဖွားလာခြင်းသည် အပြုံင်ကမ္ဘာကြီး အမှန်တကယ်
စတင်တော့မည်အား ကိုယ်စားပြုနိုင်သည်။

ချီလင်ရှေးဟောင်းဂူကတော့ သတ္တဝါများစွာမရှိပါ၊
ၚင်းတို့က အပျော်သဘောဖြင့် ကြည့်ရှုရန်
ရောက်လာကြခြင်း ဖြစ်သည်။

"ကျွင်းမိသားစုရဲ့ ပထမစီကွမ်က မပြည့်စုံတဲ့
ချီလင်နတ်ဘုရားစွမ်းရည်ကို ဆက်ခံခဲ့တယ်လို့
ကောလဟာလတွေ ထွက်နေတယ်၊ ဒါက
တကယ်လားဆိုတာ ငါသိချင်မိတယ်"

ချီလင်ရှေးဟောင်းဂူမှ လူငယ်တစ်ဦးက လှောင်ပြောင်
ပြောဆိုလိုက်သည်။

ချီလင်ရှေးဟောင်းဂူက ၎င်းတို့၏အမွေအနှစ်များကို
အပြင်လူများထံသို့ လက်ဆင့်ကမ်းလေ့မရှိပေ။

သို့ရာတွင် အပြင်ဘက်ရှိ ရှေးဟောင်းနေရာအချို့တွင်
ရှေးဟောင်းချီလင် အမွေအနှစ်များရှိနေတတ်သည်။
ထိုအမွေအနှစ်များကိုတော့ သူတို့လည်း
တားဆီး၍မရပါချေ။

အကယ်၍ အခြားသာမန်အင်အားစု၏ ပါရမီရှင်သာ
ချီလင်မဟာနတ်ဘုရားစွမ်းရည်ကို ရခဲ့ပါက
ချီလင်ရှေးဟောင်းဂူ၏အင်အားဖြင့်
ပြန်လည်ယူငင်ရင်း သုတ်သင်ဖယ်ရှားမိလိမ့်မည်။

သို့ရာတွင် အမွေအနှစ်ရသွားသူက ကျွင်းမိသားစု၏
ပထမစီကွမ်ဖြစ်နေသောကြောင့်

ချီလင်ရှေးဟောင်းဂူလည်း အကူအညီမဲ့သွားခဲ့ရသည်။
ၚင်းတို့အနေဖြင့် ကျွင်းလုံခန်းကို ပြဿနာရှာရန်
မဖြစ်နိုင်ပါချေ။

ထိုအချိန်တွင် အဝေးရှိ ကောင်းကင်ယံ၌
တိမ်မည်းများ ပြည့်နှက်နေပြီး မှုန်မှိုင်းသော
အရိန်အဝါများ ထွက်ပေါ်လာသည်။

"ဒါ... ကြွေလွင့်နတ်ဘုရားနန်းတော်ပဲ"

တစ်ယောက်က အော်ဟစ်လိုက်၏။

အနက်ရောင် မြူခိုးထဲတွင် အရိုးဖြူများရှိသည့်
တောင်ကြီးတစ်ခုရှိပြီး အနက်ရောင်
ဝတ်စုံဝတ်ထားသော လူရိပ်အချို့လည်း ရှိနေသည်။

ကြွေလွင့်နတ်ဘုရားနန်းတော်သည်

ပျက်ဆီးခြင်းကောင်းကင်
အင်မော်တယ်နယ်မြေကြီးတွင် လူသိများသော
အင်အားစုတစ်ခု ဖြစ်သည်။

မူလက ၎င်းတို့သည် သန်မာပြီး
အရှိန်အဝါကြီးသော်လည်း မကြာသေးမီက
ဖြစ်ပျက်ခဲ့သည့်အရာများမှာ
ကြွေလွင့်နတ်ဘုရားနန်းတော်ကို
မျက်နှာပျက်စေခဲ့သည်။

ကြွေလွင့်နတ်ဘုရားနန်းတော်၏
ထိပ်တန်းပါရမီရှင်သည် အောက်ကမ္ဘာ၌
ကျင်းရှောင်ယောက်ကြောင့် သေဆုံးသွားခဲ့သည်။

သို့သော်လည်း ကြွေလွင့်နတ်ဘုရားနန်းတော်မှာ
ဒေါသမထွက်နိုင်ဘဲ ကျင်းမိသားစု၏ ဖိနှိပ်ခြင်းကို

ခံခဲ့ရပေသည်။

ဤတစ်ကြိမ် ကြွေလွင့်နတ်ဘုရားနန်းတော်
ရောက်ရှိလာခြင်းက ကျွင်းမိသားစုကို
အရှက်ရစေချင်၍သာ ဖြစ်ရမည်။

ထို့နောက် ရှေးဟောင်းမိသားစုများ အသီးသီး
ရောက်ရှိလာခဲ့ကြလေသည်။

ရဲ့မိသားစု၊ ကျိုမိသားစု၊ ဝမ်မိသားစု...

ဤရှေးဟောင်းမိသားစုများ၊
ရှေးဟောင်းတော်ဝင်မိသားစုများနှင့်
အင်မော်တယ်အင်အားစုများ ရောက်ရှိလာခြင်းသည်
နယ်ပယ်အသီးသီးကို တိတ်ဆိတ်သွားစေခဲ့သည်။

ဤတိုက်ပွဲ၏ သက်ရောက်မှုသည် ကြီးမားမည်မှန်း
သိသာထင်ရှားလှပေသည်။

အားလုံးက ရင်တထိတ်ထိတ်နဲ့ စောင့်နေခဲ့ချိန်...

နောက်ဆုံးမှာတော့ ကျွင်းမိသားစုမှ ရောက်ရှိလာခဲ့ပြီ
ဖြစ်သည်။

ဟိုးအဝေးမှ ရွှေရောင်အလင်းများ
တောက်ပလာသည်။

တစ်ဖက်တွင် ကြီးကျယ်ခမ်းနားသော
အရှိန်အဝါများဖြင့် ကောင်းကင်ဘုံကို
လွှမ်းခြုံထားသည့် နဂါးနန်းတော်တစ်ခု ပေါ်လာသည်။

ဤအရာကား မင်းသမီးလုံကျိ၏
နန်းတော်ဖြစ်ကြောင်း အားလုံးသိပေသည်။

ထို့အပြင်၊ ဘိုးဘွားနဂါးသိုက်၏
ကျွမ်းကျင်သူများနှင့်အတူ ဤတိုက်ပွဲကို
သက်သေခံရန် လုံပိကျစ်လည်း လိုက်လာသည်။

တစ်ဖက်တွင်မူ ခရမ်းရောင်စွမ်းအင်များက
အားကောင်းစွာ ဖြာထွက်လာသည်။

တည်ငြိမ်ခန့်ညားသော လူငယ်တစ်ဦးက
ချီလင်သဏ္ဌာန်သားရဲတစ်ကောင်ကိုစီးကာ
ရောက်လာခဲ့ပေသည်။

သူ၏မျက်လုံးများကို အနက်ရောင်ပိတ်ပါးစဖြင့်

ဖုံးအုပ်ထားပြီး လျှို့ဝှက်ဆန်းကြယ်သော
လမ်းများလလည်း ယှက်သန်းနေသည်။

သူ၏ အရှိန်အဝါများကတော့
တုန်ထျန်းဘုရင်နယ်ပယ်သို့ပင် ရောက်ရှိနေပေပြီ။

ယင်းက ကျွင်းလုံခန်း ဖြစ်သည်။

"နှစ်သွယ်မျက်မျက်လုံးတော့ ရောက်လာပြီဟော့၊
သူ့နယ်ပယ်ကလည်း တုန်ထျန်းနယ်ပယ်ကို
ရောက်နေပြီ"

"အရင်ကတောင် နီဗားနားနယ်ပယ်ပဲ ရောက်သေးပေမဲ့
အခု တုန်ထျန်းနယ်ပယ်ကို ရောက်နေပြီ၊ တကယ်ကို
နှစ်သွယ်မျက်လုံးဆိုတဲ့နာမည်နဲ့ ထိုက်တန်ပါပေတယ်"

"မင်းသမီးလုံကျိုကလည်း တုန်ထျန်းဘုရင်နယ်ပယ်
ကြီးမားသော ပြည့်စုံခြင်းကို ရောက်နေပြီဗျ၊ သူက
နှစ်သွယ်မျက်လုံးကို ချေမှုန်းနိုင်သေးတယ်လို့
ခန့်မှန်းရတယ်"

အဓိကလူများ ရောက်လာသည်နှင့်
ဆွေးနွေးမှုများကလည်း နေရာတိုင်းမှ
ထွက်ပေါ်လာသည်။

ယခုတစ်ကြိမ်တွင် ကျွင်းမိသားစုမှ
ဆင်းသက်လာသူက ကျွင်းလုံခန်းတစ်ဦးတည်း
မဟုတ်ပေ။

ကျွင်းကျန်းထျန်းအပါအဝင် မိသားစု အကြီးအကဲ
အများအပြား ရောက်လာကြသည်။

မျိုးဆက်သစ်လူငယ်များ ဆက်တိုက်ဆိုသလို
ပေါ်လာကြလေသည်။

ကျွင်းကျန်းကျန်၊ ကျွင်းရွယ်ဟွမ်၊
ကျွင်းဝမ်ကျဲတို့အပြင် ကျွင်းတောက်လင်း၊
ကျွင်းရှီယုန့ှင့် တခြားသူများလည်း ပါသည်။

ဤတစ်ခေါက်တွင် ကျွင်းလင်းလုံလည်း လိုက်ခဲ့၏။

ၚင်းတို့အပြင် ကျွင်းမိသားစုမှ လူငယ်များကြား၌
အတော်လေး မျက်စိကျစရာ အသွင်အပြင်နှစ်ခု
ရှိနေသည်။

ၚင်းတို့ထဲမှ တစ်ဦးမှာ နဂါးသရဖူနှင့် ရွှေရောင်
ချပ်ဝတ်တန်ဆာကို ဝတ်ဆင်ထားသည့်

လူငယ်တစ်ဦးဖြစ်သည်။ သူသည် သူရဲကောင်းဆန်ပြီး ထူးကဲသော အရှိန်အဝါမျိုး ရှိ၏။

"အဲဒါ... ကျွင်းမိသားစုရဲ့ ဒုတိယစီကွမ် ကျွင်းဝူရှန့်ပဲ၊ သူက ရှေးဟောင်းတန်ခိုးရှင်တစ်ဦးရဲ့ အမွေကို ဆက်ခံရရှိခဲ့တယ်ဆိုတဲ့ ကောလဟာလတွေ ထွက်ပေါ်နေတာ၊ သူ့ရဲ့ ခွန်အားကလည်း မျိုးဆက်သစ်လူငယ်တွေကြားမှာ အထွတ်အထိပ် တည်ရှိမှုပဲ"

ရွှေရောင်ချပ်ဝတ်ဖြင့် လူငယ်ကိုတွေ့သောအခါ လူအချို့က မနေနိုင်ဘဲ အော်ပြောလိုက်ကြသည်။

ကျွင်းမိသားစု၏ ပါရမီရှင်ထူးသော စီကွမ်များတွင်...

ဒုတိယစီကွမ်က အလွန်မြင့်မားသောအဆင့်ဖြစ်ပြီး

ကျွင်းရှောင်ယောက်နှင့် ကျွင်းလုံခန်းပြီးလျှင် ဒုတိယ ဖြစ်သည်။

နောက်တစ်ယောက်ကတော့ ဆွဲဆောင်မှုရှိသော ခန္ဓာကိုယ်အချိုးအစားနှင့် မိန်းမလှတစ်ဦး ဖြစ်ချေသည်။

သူမက အနီရောင်ဆံပင်ရှည်များကို အနောက်ဘက်တွက်စုချည်ပြီး မြင်းမြီးသဏ္ဌာန် ဖြန့်ချထားသည်။ သူမ၏ ချစ်စရာကောင်းသော မျက်နှာသည် ရဲ့ရင့်ကာ သူရဲကောင်းဆန်သော အမျိုးသမီးတစ်ဦး၏ ပုံစံမျိုး ရှိသည်။

သူမတွင် အထူးခြားဆုံးက ထူထဲပြီး ကော့ညွတ်သော မျက်ခုံးများ ဖြစ်သည်။

သူမက တင်းကြပ်သောအဝတ်အစားများကို
ဝတ်ဆင်ထားပြီး လှပသောကောက်ကြောင်းကို
ထင်ရှားစေကာ ဖြူနုသော ဝမ်းဗိုက်သားများကိုလည်း
လှစ်ဟထားလေသည်။

"ဒါက ကျွင်းမိသားစုရဲ့ တတိယစီကွမ်
ကျွင်းမူလန်ပေါ့။ သူ့မှာ စစ်နတ်ဘုရား
သွေးမျိုးဆက်ရှိတယ်လို့ ကြားတယ်။ သူက
မိန်းမဖြစ်ပေမဲ့ ဒေါသကြီးပြီး
သူ့နည်းလမ်းတွေကလည်း အရမ်းကြမ်းတယ်"

ကျွင်းမူလန်အမည်ရှိသော မိန်းကလေးကိုကြည့်ကာ
ပါရမီရှင်တချို့က ခေါင်းညိတ်လိုက်ကြသည်။

အင်မော်တယ်နယ်မြေကြီးမှာလည်း ကျွင်းမူလန်၏
ရိုက်နှက်ခြင်းကို ခံခဲ့ရသော ပါရမီရှင်များစွာ
ရှိပေသည်။

ထို့ထက် အရေးကြီးဆုံး အရာကတော့ ကျွင်းမူလန်ကို
ရန်စမိသည်ဖြစ်စေ၊ မစသည်ဖြစ်စေ...

သူမ ခံစားချက်မကောင်းသရွေ့
မိန်းမကြမ်းတစ်ဦးကဲ့သို့ ရိုက်နှက်တတ်ခြင်းပင်
ဖြစ်သည်။

"ဟားဟားဟား၊ ဒီတိုက်ပွဲက
စိတ်ဝင်စားဖို့ကောင်းတယ်"

ကျွင်းဝူရှန့်က လက်တစ်ဖက်ကိုနောက်ပစ်ကာ
ရယ်မောလိုက်သည်။

ကျွင်းမိသားစု၏ စီကွမ်များက အုပ်စုသုံးခု
ကွဲပေသည်။

တစ်ခုကို ကျွင်းလုံခန်းက ဦးဆောင်သည်။

တစ်ခုမှာ ကျွင်းရှောင်ယောက်က ဦးဆောင်၏။

ကျန်သည်ကတော့ ကျွင်းဝူရှန်၊ ကျွင်းမူလန်နှင့်
ကျန်စီကွမ်များ ဖြစ်သည်။

ၚင်းတို့က ဘယ်ဘက်မှာမှ မရပ်တည်ဘဲ ၚင်းတို့၏
သဘောထားကလည်း မရှင်းမလင်းပင် ဖြစ်သည်။

သို့ရာတွင် ယခုအခါမှာတော့ ဤတိုက်ပွဲတွင်
သူတို့တတွေလည်း ပေါ်လာပေပြီ။

"ဒီတိုက်ပွဲက ငါတို့ကျွင်းမိသားစုရဲ့ဂုဏ်သိက္ခာပဲ၊

ကျွင်းလုံခန်းသာ အနိုင်ရခဲ့ရင် ငါတို့ရဲ့
ထိပ်တန်းစီကွမ်ဆယ်ဦးစလုံးက သူ့ကို
ခေါင်းဆောင်အဖြစ် ပြန်လည်မှတ်ယူသွားနိုင်တယ်"
ကျွင်းမူလန်က ပြောလိုက်သည်။

"ဒါဆို ကျွင်းလုံခန်း နိုင်မယ်လို့ မင်းထင်လား"

ကျွင်းဝူရှန့်က မေးလိုက်၏။

ကျွင်းမိသားစု၏ ဒုတိယစီကွမ်အနေဖြင့်
ကျွင်းဝူရှန့်ဟာ ကျွင်းလုံခန်း၏အင်အားကို အသိဆုံး
ဖြစ်သည်။

"ခက်တယ်"
ကျွင်းမူလန်က ခဏစဉ်းစားပြီးနောက် တစ်ခွန်းသာ
ပြောလိုက်သည်။

သူမကိုယ်တိုင်လည်း ဤတိုက်ပွဲကို သိပ်မသေချာပေ။

"ဒါဆိုရင် စီကွမ်သုည ကျွင်းရှောင်ယောက်
ရောက်လာရင်ကော၊ မင်းသမီးလုံကျိုကို နှိုင်မလား"

ကျွင်းဝူရှန့်က ဆက်မေးလိုက်၏။

ကျွင်းမူလန်က ခဏစဉ်းစားကာ ခေါင်းခါယမ်းပြီး
ပြောလိုက်သည်။

"မသိဘူး၊ သူက ငယ်လွန်းနေသေးတယ်"

ကျွင်းမိသားစုတွင် ကျွင်းရှောင်ယောက်က
အသက်အငယ်ဆုံး ဖြစ်သည်။

ထို့ကြောင့် သူ့ကို ငယ်လွန်းသည်ဟုပြောတာ

မမှားပါဘူး။

"ဘာပဲဖြစ်ဖြစ်၊ မင်းသမီးလုံကျိုကို ဘယ်သူပဲ
အနိုင်ယူနိုင်ပါစေ၊ အဲဒီလူက ထိတန်းစီကွမ်တွေရဲ့
ခေါင်းဆောင်ဖြစ်နိုင်လိမ့်မယ်"

ကျွင်းဝူရှန့်က ပြောလိုက်သည်။

"ဒါဆို စောင့်ကြည့်ကြရအောင်"
ကျွင်းမူလန်က သူမ၏ သူရဲကောင်းဆန်သော
မျက်ခုံးကို ပင့်တင်လိုက်လေသည်။

ဤအခိုက်တွင် ရွှေရောင်နဂါးနန်းတော်အတွင်း၌
အေးစက်စက်နှင့် လျစ်လျူရှုသော စကားသံ
ထွက်ပေါ်လာသည်။

"ကျွင်းမိသားစုရဲ့ ပထမစီကွမ်၊ နင့်ရဲ့ ရှုံးနိမ့်မှုအတွက်
အဆင်သင့်ဖြစ်ပြီလား"

စကားသံနှင့်အတူ နဂါးနန်းတော်တံခါးမှ
ရွှေရောင်အလင်းများ ထွက်လာခဲ့၏။

ထို့နောက်တွင်ကား ဘုရင်မတစ်ပါးကဲ့သို့ အေးစက်ပြီး
လွှမ်းမိုးနိုင်သော လှပသည့် ပုံရိပ်တစ်ခုဟာ
သေမျိုးကမ္ဘာကို ဆင်းသက်လာတော့သည်။

အခန်း (၂၇၈) ကျွင်းလုံခန်းနှင့် မင်းသမီးလုံကျိ၊
အဆုံးအဖြတ်တိုက်ပွဲ စတင်သည်။

မင်းသမီးလုံကျိသည် အင်မော်တယ်နယ်မြေကြီး၌
ပထမဆုံး မွေးဖွားလာသော ရှေးဟောင်းလူထူးဆန်း

ဖြစ်သည်။

ရှောငါချန်းကြောင့်သာ မဟုတ်ပါက၊
မင်းသမီးလုံကျိုအဖို့ တံဆိပ်ကိုမချိုးဖြတ်မီ
အချိန်အတိုင်းအတာတစ်ခုအထိ နေရပေဦးမည်။

ယခုမူ မင်းသမီးလုံကျိုက စောစီးစွာ တံဆိပ်ကို
ချိုးဖျက်ခဲ့၍ အခြားသူများထက် ဦးဆောင်သွားခဲ့ပြီ။

သူမက ဤခေတ်တွင် မိုးနှင့်မြေ၏ကံကြမ္မာကို
ဦးဆောင်ကာ ခြေလှမ်းတိုင်းတွင် တုဖက်မဲ့သွားမည်
ဖြစ်သည်။

မင်းသမီးလုံကျိသည် လေ့ကျင့်ရာမှ
ထွက်လာပြီးနောက် အရှိန်အဝါကြီးမားစွာဖြင့်
လိုက်လံယှဉ်ပြိုင်နေခြင်းမှာ အကြောင်းရှိသည်။

အကြောင်းမှာ အပြိုင်ကမ္ဘာကြီးတွင်
ထိပ်တန်းပါရမီရှင်တချို့က မိုးနှင့်မြေ၏ကံကြမ္မာကို
အနိုင်ယူနိုင်သောကြောင့် ဖြစ်သည်။

ရှောင်ချန်းနှင့် ရန်ပန်ဆိုလျှင်လည်း
ဂင်းတို့တိုင်းပြည်များ၏ ကံကြမ္မာကို အကောင်းဆုံး
အနိုင်ယူနိုင်ပေသည်။

ရှောင်ချန်းက မိုးပြာနဂါး ရှေးဟောင်းတိုင်းပြည်၏
ကံကြမ္မာသားတော် ဖြစ်သည်။

ရန်ပန်ကတော့ ပန်ဝူနတ်ဘုရားမင်းဆက်၏
ကောင်းကင်သားတော် ဖြစ်ချေသည်။

သို့ရာတွင် တိုင်းပြည်တစ်ခု၏ ကံကြမ္မာက

အင်မော်တယ်နယ်မြေတစ်ခုလုံးနှင့်
မည်သို့ယှဉ်နိုင်ပါမည်နည်း။

လီတောက်ရွယ်၊ လင်းဖုန်း၊ ဖန့်ဟန်၊ ချင်ဟောက်နှင့်
အခြားသူများဆိုလျှင်လည်း အောက်ကမ္ဘာမှ
ကောင်းကင်သားတော်မျှသာ ဖြစ်သည်။

တိုက်ကြီးတစ်ခု၏ ကံကြမ္မာက
အင်မော်တယ်နယ်မြေကြီးတစ်ခုလုံးနှင့် နှိုင်းယှဉ်နိုင်ရန်
ဝေးကွာလွန်းလှသည်။

အတိအကျပြောရသော် မင်းသမီးလုံကျိသည်
အင်မော်တယ်နယ်မြေကြီး၏ ကံကောင်းခြင်းအတွက်
ယှဉ်ပြိုင်နေရခြင်း ဖြစ်သည်။

ဤအခိုက်တွင် မင်းသမီးလုံကျိက

ရွှေရောင်နန်းတော်အတွင်းမှ ထွက်ပေါ်လာသည်။

သူမသည် တော်ဝင်ဝတ်စုံကို ဝတ်ဆင်ထားပြီး
သေမျိုးကမ္ဘာနှင့် ဝေးကွာသော
နတ်သမီးနှင့်တူလေသည်။ သူမထံမှ အေးစက်ပြီး
မာနတရားနှင့် ကျက်သရေရှိသော
အရှိန်အဝါများလည်း ထွက်ပေါ်လာသည်။

ကျောက်စိမ်းကဲ့သို့ နဂါးချိုနှစ်ချောင်းကလည်း
အပြာရောင်ပိုးထည်မှ ဖောက်ထွက်နေရာ သူမ၏
မွန်မြတ်သောသွေးမျိုးဆက်နှင့် ကိုယ်ပိုင်လက္ခဏာကို
ပေါ်လွင်နေစေသည်။

သူမသည် အရပ်မြင့်ပြီး ခန္ဓာကိုယ်အချိုးအစားကျနစွာ
ချောမောလှပသည်။

သူမ၏ ဖြူနုကာ သွယ်လျသောပေါင်တံအစုံကလည်း အထင်အရှားပင် ဖြစ်သည်။

သူမ၏ ခြေထောက်များက ဖိနှင့် ခြေအိတ်များ မရှိပေရာ သေးသွယ်ကာ သွေးခြဥ်လုနီး ဖြူနုသော ခြေချောင်းကလေးများကိုပင် မြင်တွေ့ကြရသည်။

မင်းသမီးလုံကျိုက ခြေဗလာဖြင့်နေသော်လည်း ဘယ်သောအခါမှ ဖုန်မတက်နိုင်သောကြောင့် ဖိနပ်နှင့် ခြေအိတ်များ ဝတ်ဆင်ရန် မလိုအပ်ပါချေ။

ဤအသေးစိတ်အချက်မှ မင်းသမီးလုံကျိုသည် မည်မျှ မြင့်မြတ်ပြီး မာနကြီးကြောင်း တွေ့မြင်ရနိုင်သည်။ သူမက တကယ်ကို နဂါးမိသားစု၏ ဘုရင်မတစ်ပါး ဖြစ်ချေသည်။

မင်းသမီးလုံကျိ၏ ထွက်ပေါ်လာခြင်းက
အမျိုးသားထုကို
အသက်ပြင်းပြင်းရှူလိုက်ရစေပေသည်။

သူမက အလွန်လှသည်။

မင်းသမီးလုံကျိက အစွမ်းထက်သလို
အလွန်လည်းလှပပြီး တကယ်ကို
နတ်ဘုရားမလေးကဲ့သို့ပင် ဖြစ်သည်။

ထိုကဲ့သို့သော အမျိုးသမီးက
ယောကျ်ားတစ်ယောက်အတွက် အလွန်တရာ
ဆွဲဆောင်မှုရှိသည်။

အကယ်၍ သူမကိုသာ ရနိုင်ပါက ခံစားရမည့်
စိတ်ကျေနပ်မှုဟာ ဖော်ပြနိုင်မည် မဟုတ်ပေ။

သို့သော်လည်း ဤပါရမီရှင် လုလင်များအနေဖြင့်
ထိုအကြောင်းကို တွေးရုံမျှသာ တွေးနိုင်သည်။

မင်းသမီးလုံကျိ၏ အထောက်အထား၊ နောက်ခံနှင့်
အခြေအနေတို့ကို ဘေးဖယ်ထားလျှင်ပင်...
ခွန်အားတစ်ခုတည်းက မျိုးဆက်သစ်လူငယ်များ၏
အထွတ်အထိပ်မှာ ရပ်တည်ရန် လုံလောက်သည်။

ထို့ကြောင့် ဤဘုရင်မကို အနိုင်ယူရန်က
မဖြစ်နိုင်သလောက်ပင်။

"ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က ဒီဘုရင်မကို
မရင်ဆိုင်ရဲတာလား"

မင်းသမီးလုံကျိ၏ အသံက အေးစက်ပြီး
မာနကြီးသော အငွေ့အသက်များ အပြည့်ရှိသည်။

သို့ရာတွင် ယင်းက ဟန်လုပ်ခြင်းမဟုတ်ဘဲ သဘာဝအတိုင်းသာ ဖြစ်ချေသည်။

"ဝမ်းကွဲရှောင်ယောက်က အောက်ကမ္ဘာမှာ အခြားကိစ္စတွေကို အာရုံစိုက်နေတယ်၊ မင်းကို ကိုင်တွယ်ဖို့ကတော့ ငါနဲ့တင် လုံလောက်ပါပြီ"

ကျွင်းလုံခန်းက လက်နှစ်ဖက်ကိုနောက်ပစ်ထားပြီး လျစ်လျူရှုစွာ ပြောလိုက်သည်။

သူမျက်လုံးများကို အနက်ရောင်ပိတ်စဖြင့် ဖုံးထားသော်လည်း အလွန်နက်ရှိုင်းနေဆဲပင်။

ထိုစကားက လူများစွာကို အံ့အားသင့်စေခဲ့သည်။

"ဟင်း... သူက ကျွင်းမိသားစုရဲ့ ပထမစီကွမ်
ဖြစ်ထိုက်ပါပေတယ်၊ ဒီလိုသဘောထားမျိုးက
သာမန်ပါရမီရှင်တွေ လုံးဝ ယှဉ်လို့မရဘူး"

"ဟုတ်တယ်၊ ရှေးဟောင်းလူထူးဆန်းနဲ့
ရင်ဆိုင်နေရချိန်မှာတောင် ဒီလို လေသံနဲ့
ပြောနိုင်တာက နှစ်သွယ်မျက်လုံးရဲ့
နာမည်ဂုဏ်သတင်းနဲ့ ထိုက်တန်ပါပေတယ်"

ကျွင်းလုံခန်းကတော့ ဤစကားများကို
ဂရုမစိုက်တော့ဘဲ လျစ်လျူရှုထားလိုက်သည်။
သို့သော်လည်း ယင်းကပင်
မာနကြီးခြင်းတစ်မျိုးဖြစ်ပြီး လူမိုးကို
မျက်လုံးအရောင်လက်စေခဲ့ပေသည်။

အချို့ အမျိုးသမီးများဆိုလျှင်ပင် မျက်လုံးများ

အရောင်ပို၍လက်လာကြတော့သည်။

ကျွင်းရှောင်ယောက်က အမျိုးသမီးများကြားတွင်
ဆွဲဆောင်နိုင်စွမ်း ရှိနေသော်လည်း ကမ္ဘာကြီးနှင့်
အလှမ်းဝေးကာ မသေမျိုးတစ်ဦးကဲ့သို့
ခံစားရစေသည်။

ကျွင်းလုံခန်းကတော့ လူများနှင့်
အနည်းငယ်ပိုရင်းနှီးပြီး ပြုံးဆိုင်လိုစိတ်
ဖြစ်စေနိုင်သည်။

ကျွင်းလုံခန်းကိုယ်တိုင် မသိလိုက်ခင်မှာပင်
ပရိသိတ်များစွာကို ဆွဲဆောင်သွားနိုင်ခဲ့ပေသည်။

"နင်က သတိမဲ့နေသေးပုံပဲ။ ဒီမင်းသမီးရဲ့ခွန်အားက
နင်မှန်းဆလို့ မရနိုင်ဘူးနော်"

မင်းသမီးလုံကျိုက လျစ်လျူရှုစွာ ပြောလိုက်သည်။
သူ့မျက်နှာကို နတ်အလင်းများကြောင့်
အထင်အရှားမမြင်ရသော်လည်း မာနတရားများ
ပြည့်နှက်နေမှာတော့ အမှန်ပင်။

သူ့နောက်မလှမ်းမကမ်းမှာတော့ ရှောင်ချန်း
ရှိနေသည်။

'ဟမ့်၊ ကျွင်းရှောင်ယောက်ကျား အခုထိ မလာသေးဘူး။
သူထပ်မလာဘူးဆိုရင်တော့ ငါ
တခြားနည်းလမ်းတွေသုံးရလိမ့်မယ်'

ရှောင်ချန်း၏ မျက်လုံးများက အရောင်ပြောင်းသွားပြီး
သူ့စိတ်ထဲတွင် တွေးလိုက်သည်။

ယခုအခါ သူ၏ ခွန်အားတစ်ခုတည်းကိုအခြေခံပါက
ကျွင်းရှောင်ယောက်၏ ဆံချည်မျှင်နှင့်ပင်

မယှဉ်နိုင်တော့ပေ။

ထို့ကြောင့် အကြီစည်များကိုသာ ပြုလုပ်နေနိုင်သည်။

ထိုအချိန်တွင် တိုက်ပွဲကတော့ စတင်နေခဲ့ပြီ။

ကျင်းလုံခန်းက စတင်တိုက်ခိုက်သည်။

သူက လက်ဝါးတစ်ချက် ရိုက်ချလိုက်ရာ ရုတ်တရက်
ခရမ်းရောင်စွမ်းအင်များက အရှေ့သို့
ထွက်ပေါ်လာသည်။ ယင်းက မီးသမီးလုံကျိုထံ
ချက်ချင်း တိုးဝင်သွား၏။

"သေချာတယ်၊ ဒါက မပြည့်စုံတဲ့ ချီလင်နည်းလမ်းပဲ"

ကျင်းလုံခန်း၏ လှုပ်ရှားမှုကိုမြင်တော့ ချီလင်

ရှေးဟောင်းဂူမှ သတ္တဝါများက ခပ်တိုးတိုး
ပြောလိုက်ကြသည်။

သူတို့၏ မျက်နှာအမူအရာများကတော့
ကြည့်မကောင်းလှပေ။

ဤနည်းလမ်းကို ကျွင်းလုံခန်းက
အခြားရှေးဟောင်းတားမြစ်နယ်မြေမှ
ရရှိခဲ့ခြင်းဖြစ်သော်လည်း ချီလင်ရှေးဟောင်းဂူ၏
အပိုင်ဖြစ်သည်။

အကယ်၍ ကျွင်းလုံခန်းသာ နက်နက်ရှိုင်းရှိုင်း
ဉာဏ်အလင်းရသွားပါက ချီလင်ရှေးဟောင်းဂူကို
ရင်ဆိုင်ရန်အတွက် နည်းလမ်းများကို
တီထွင်သွားနိုင်ပေလိမ့်မည်။

သို့သော်လည်း၊ ၎င်းတို့ဟာ
ကျွင်းလုံခန်းကိုခြိမ်းခြောက်ရန် မဖြစ်နိုင်သောကြောင့်
အကူအညီ မဲ့နေခဲ့ရသည်။

ကျွင်းလုံခန်းက တိုက်ခိုက်ခြင်းကို မြင်ရသော်လည်း
မင်းသမီးလုံကျိ၏မျက်နှာအမူအရာက
မပြောင်းလဲပါချေ။

"နောက်ဆုံးအကြိမ်က ခွန်အားလောက်ပဲ
ရှိနေသေးရင်တော့ ဒီတစ်ခါ သည်းထိတ်ရင်ဖိုစရာ
မရှိဘူး"

မင်းသမီးလုံကျိကလည်း ရိုက်ချလိုက်၏။

သူမ လှုပ်ရှားသည်နှင့် တုန်ထျန်းနယ်ပယ်
ကြီးမားသော ပြီးပြည့်စုံခြင်း အရှိန်အဝါများ
ထွက်ပေါ်လာသည်။

ယင်းက လူတိုင်းကို
အမှန်တကယ်တုန်လှုပ်သွားစေသည်။

"တုန်ထျန်းနယ်ပယ် ကြီးမားသော ပြီးပြည့်စုံမှုက
ခေတ်တစ်ခုရဲ့ မျိုးဆက်သစ်လူငယ်တွေထဲမှာ
ထိပ်တန်းအဆင့်ပဲ မဟုတ်လား"

အကြီးအကဲအများအပြားက
သက်ပြင်းချလိုက်ကြသည်။

တုန်ထျန်းနယ်ပယ်ကို ဘုရင်ဟုလည်း ခေါ်ပေသည်။

ဤနယ်ပယ်သို့ ရောက်ရှိပါက အတွေးတစ်ချက်ဖြင့်
ကောင်းကင်ဘုံကို ရောက်ရှိလာနိုင်သည်။

ယေဘုယျအားဖြင့်ပြောရလျှင် လူလတ်ပိုင်းများအင်
ဣန္ဒြေအဆင့်အထိ လေ့ကျင့်နိုင်ရန် မဖြစ်နိုင်ပေ။

မင်းသမီးလုံကျိုကတော့ ဣန္ဒြေအဆင့်သို့
ရောက်နိုင်ပေရာ အံ့ဩစရာ ကောင်းလှသည်။

ဟုတ်ပေသည်၊ ထိုအထဲတွင် မမွေးဖွားသေးသော
ရှေးဟောင်းလူထူးဆန်းနှင့် ကေရာဇ်သားတော်များ
မပါဝင်ပါချေ။

တိတ်တဆိတ် လေ့ကျင့်နေသော ပါရမီရှင်အားလုံးမှာ
စိတ်ကူးမယဉ်နိုင်သော စွမ်းရည်နှင့်
ခွန်အားများရှိသည်။

မင်းသမီးလုံကျိုက လက်ဝါးကို
ဆန့်ထုတ်လိုက်သောအခါ လေထဲတွင်

နဂါးလက်သည်းတစ်ခု ပေါ်လာသည်။

ဂုင်းက နဂါးလက်ဝါးဟုခေါ်သော
နဂါးနတ်ဘုရားစွမ်းရည်၏ ဆင့်ကဲစွမ်းရည်တစ်ခု
ဖြစ်သည်။

လက်သည်းကြီး ထွက်လာသောအခါ လေထုက
ရေလှိုင်းဖြာသကဲ့သို့ တုန်ခါသွားသည်။

အင်မော်တယ်နယ်မြေကြီး၏
ဟင်းလင်းပြင်ဥပဒေသများက ခိုင်မာသောကြောင့်
တုန်ထျန်းနယ်ပယ်ဖြစ်လျှင်ပင် ဖျက်ဆီးမရနိုင်ပေ။

သို့ရာတွင် ဤအတက်အကျမျိုးကပင်
မင်းသမီးလုံကျိ၏ခွန်အားကို သက်သေပြနိုင်သည်။

ကျွင်းလုံခန်းက တုန်ထျန်းနယ်ပယ်ဖြစ်သော်လည်း
အလယ်လတ်အဆင့်သာ ရှိသေးသည်။

နောက်ဆုံးတွင် သူက ရှေးခေတ်မှ
အိပ်မောကျနေသော မင်းသမီးလုံကျိန့်မတူဘဲ
ခေတ်ပြိုင်ပါရမီရှင်တစ်ဦး ဖြစ်သည်။

မသင့်လျော်သော ဥပမာတစ်ခုပြုရလျှင်၊
ခေတ်ပြိုင်ပါရမီရှင်များက အတွေ့အကြုံမရှိသေးသော
ကစားသမားတစ်ဦးနှင့် တူသည်။

မင်းသမီးလုံကျိကဲ့သို့ ရှေးဟောင်းလူထူးဆန်းကတော့
ကစားသမားဟောင်းတစ်ဦး ဖြစ်သည်။

ဂျင်းတို့ကြားတွင် အတွေ့အကြုံနှင့် ခွန်အားက

ကွာခြားလွန်းလှသည်။

"ဝုန်း"

သူတို့နှစ်ဦး တိုက်မိသောအခါ လေထုက
ပြင်းပြင်းထန်ထန် တုန်ခါသွားခဲ့သည်။

ကျွင်းလုံခန်းကတော့ အဆင့်ငယ် နိမ့်ကျသောကြောင့်
အရေးနိမ့်သယောင် ရှိပေသည်။

သို့သော်လည်း သူ၏တိုက်ခိုက်နိုင်စွမ်းက
သန်မာသောကြောင့် အားနည်းမှုမရှိပေ။

ကျွင်းလုံခန်းက တိုက်ခိုက်မှုကို ပြောင်းလိုက်သည်။
ခရမ်းရောင် စွမ်းအင်များက စုစည်းကာ
ချီလင်အဖြစ်သို့ ပြောင်းလဲသွား၏။ ၎င်းက
မင်းသမီးလုံကျိကို ဖိနှိပ်တော့မည်ကဲ့သို့

ကောင်းကင်ယံမှ ဆင်းသက်လာတော့သည်။

မင်းသမီးလုံကျိ၏ ကျောက်စိမ်းလက်ကလည်း
လိပ်ပြာကလေးများ ဝဲပျံနေသကဲ့သို့ လျင်မြန်စွာ
လှုပ်ရှားသွားခဲ့သည်။ ယင်းက
ရွှေရောင်နဂါးတံဆိပ်အသွင် ပြောင်းလဲသွား၏။

"ဝုန်း"

ခရမ်းရောင်နှင့် ရွှေရောင်နဂါးစွမ်းအင်တို့က
တပြိုင်နက်တည်း ပေါက်ကွဲသွားရာ ကြောက်မက်ဖွယ်
စွမ်းအင်အတက်အကျများ ဖြစ်ပေါ်လာသည်။

ကျွင်းလုံခန်းလည်း ဖိအားတစ်ခု ခံစားရကာ
မျက်မှောင်ကြုတ်သွားမိ၏။

တံခါးပိတ်လေ့ကျင့်ရာမှ ထွက်လာပြီးနောက်

မင်းသမီးလုံကျိုသည် ယခင်ကထက် များစွာ
အားကောင်းလာခဲ့ပြီ ဖြစ်သည်။

သူက တုံ့ဆိုင်းမနေဘဲ ချီလင်
မဟာနတ်ဘုရားစွမ်းရည်ကို တိုက်ရိုက်ထုတ်ဖော်ခဲ့၏။

ခရမ်းရောင်ချီများကလည်း အဆုံးမဲ့ကျယ်ပြောလှစွာ
ထိုးတက်လာတော့သည်။

ထိုအခါ ရာချီသော ချီလင်ပုံရိပ်များက
မြင်းသည်တော်များကဲ့သို့ သူ့နံဘေးတွင်
ထွက်ပေါ်လာသည်။ ၎င်းတို့က မင်းသမီးလုံကျိထံ
ချက်ချင်း ပြေးဝင်သွား၏။

၎င်းက ပါရမီရှင်အားလုံးကို အမှုန့်ချေနိုင်သော
နတ်ဘုရားသိုင်းတစ်ခုပင် ဖြစ်သည်။

အခန်း (၂၇၉) ကြမ်းတမ်းသော တိုက်ပွဲ၊ ချီလင်သေခြင်းရှင်ခြင်း ဘီး၊ နှစ်သွယ်မျက်လုံး ပွင့်လာပြီ။

ကျွင်းလုံခန်းက အလွန် ပါရမီမြင့်ပြီး ဉာဏ်ထက်သူဟု ဆိုရမည်။

သူရရှိခဲ့တာက မပြည့်စုံသည့်
နတ်ဘုရားစွမ်းရည်မျှသာ ဖြစ်သည်။

သို့တိုင် ၎င်းကို နားလည်ဆင်ခြင်ပြီး အမျိုးမျိုးသော အပြောင်းအလဲများကို ဆင့်ကဲပြောင်းလဲနိုင်ခဲ့၏။

ရှေးဟောင်းချီလင်ဂူမှ သတ္တဝါများပင် ခဏတာ အံ့အားသင့်သွားခဲ့ကြသည်။

"ကံကောင်းထောက်မလို့ ချီလင် နတ်ဘုရားစွမ်းရည် အပြည့်အစုံကို သူမရခဲ့ဘူး၊ မဟုတ်ရင် သူ့ရဲ့ နားလည်သဘောပေါက်မှုက ချီလင်သားတော်နဲ့တောင် ယှဉ်နိုင်လိမ့်မယ်"

ချီလင်ရှေးဟောင်းဂူမှ တစ်ယောက်က သက်ပြင်းချကာ ပြောလိုက်သည်။

ထိုသူပြောသည့် ချီလင်ကလေးငယ်သည် နာမဝိသေသနမျိုး မဟုတ်ဘဲ ချီလင်ရှေးဟောင်းဂူ၏ ပါရမီရှင်ကို ရည်ညွှန်းခြင်း ဖြစ်သည်။

ဟုတ်ပေသည်၊ သူကလည်း တံခါးပိတ်ကျင့်ကြံနေပြီး မမွေးဖွားသေးပါ

သူ၏အဆင့်အတန်းက ဘိုးဘွားနဂါးသိုက်၏
လုံအိုထျန်းနှင့်တူပြီး သူမွေးဖွားလာပါက
အင်မော်တယ်နယ်မြေကြီးတွင် နောက်တစ်ကြိမ်
မုန်တိုင်းတစ်ခု ကျရောက်လာရပေလိမ့်မည်။

ကျွင်းလုံခန်းက အစွမ်းထက် တိုက်ခိုက်မှုကို
ထုတ်ဖော်သောအခါ... မင်းသမီးလုံကျိ၏မျက်လုံး၌
အနည်းငယ် အံ့အားသင့်မှုများ ဖြစ်ပေါ်လာသည်။

ကျွင်းလုံခန်းက သူမ မျော်လင့်ထားသည်ထက်
အနည်းငယ်ပို၍ ပြဿနာရှိနေသည်။

ဟုတ်ပေသည်၊ အနည်းငယ်သာ ဖြစ်သည်။

မင်းသမီးလုံကျိက သူ့လက်များကို လှုပ်ရှားလိုက်ရာ

ရွှေရောင်နဂါးခေါင်းတစ်လုံး ထွက်ပေါ်လာသည်။

နဂါးဦးခေါင်းက ပါးစပ်ကိုဖွင့်ကာ သံရှည်ဆွဲ၍
ဟိန်းဟောက်လိုက်၏။

တောင်တန်းကြီးတစ်ခုလုံး တုန်ခါပြီး
ကျောက်တုံးများလည်း လိမ့်ဆင်းလာတော့သည်။

အားနည်းသော ကျင့်ကြံခြင်းအခြေခံရှိသည့်
ပါရမီရှင်တချို့ဆိုလျှင် နားထဲမှ
သွေးယိုစီးလာသောကြောင့် အော်ဟစ်ကာ
နားကိုအုပ်လိုက်ကြရသည်။

မင်းသမီးလုံကျိ အသုံးပြုသောအရာမှာ
ကြောက်မက်ဖွယ်ကောင်းသော ချမ်ရှုန်နဂါးဟိန်းသံ
ဖြစ်သည်။

အစစ်အမှန်နဂါးတစ်ကောင်က ဟိန်းဟောက်လျှင်
ထောင်ချီသောတောင်များပင် ပြိုကျမည်ဟု
ကောလဟာလများ ရှိသည်။

ဤတိုက်ခိုက်မှုကတော့ ထိုပညာ၏ ဆင့်ကဲဖြစ်စဉ်
ဖြစ်ချေသည်။

ကြောက်မက်ဖွယ်ကောင်းသော အသံလှိုင်းများ၏
စွမ်းအားက ချီလင်ပုံရိပ်များကို တိုက်ရိုက်
ကွဲကြေစေခဲ့သည်။

ယင်းကိုမြင်သောအခါ ကျွင်းလုံခန်းက
နတ်ဘုရားစွမ်းအင်များကို ပေါက်ကွဲစေကာ
အကာကွယ်နည်းလမ်းများကို ထုတ်ဖော်လိုက်၏။

အသံလှိုင်းက အကာကွယ်ကို
တရစပ်ရိုက်ခတ်နေပြီးနောက် တဖြည်းဖြည်း
ရပ်တန့်သွားခဲ့သည်။

ထိုအချိန် ကျွင်းလုံခန်းက လျှို့ဝှက်ဆန်းကြယ်သော
ခြေလှမ်းဖြင့် လှမ်းပြီး ချီလင်တစ်ကောင်လို
မင်းသမီးလုံကျိုကို ခုန်အုပ်လိုက်သည်။

သူက ရှေးဟောင်းချဘဉင်တစ်ကောင်လို
ခြေတစ်ဖက်ဖြင့် ဆင်းလာသည်။

ဤသည်မှာ ချီလင်ခြေလှမ်းဟုခေါ်သော
မဟာနတ်ဘုရားသိုင်းတစ်ခု ဖြစ်သည်။

မင်းသမီးလုံကျိုက ကျောက်စိမ်းကဲ့သို့
လက်တစ်ဖက်ကိုလှုပ်ရှားပြီး တံဆိပ်တော်တစ်ခုကို

ထင်ရှားလာစေသည်။

ယင်းကလည်း အစွမ်းထက်သော
ကျောက်စိမ်းနဂါးတံဆိပ်တော် ဖြစ်သည်။

"ဝုန်း ဝုန်း..."
ပေါက်ကွဲသံများ ဆက်တိုက် ထွက်ပေါ်လာခဲ့သည်။

ချီလင်ခြေထောက်က ကျောက်စိမ်းနဂါးတံဆိပ်နှင့်
တိုက်မိသောအခါ လှိုင်းလုံးများ
ပေါက်ကွဲထွက်လာခဲ့၏။

ဤထိပ်တိုက်ရင်ဆိုင်မှုက အမှန်ပင်
ကြည့်လို့ကောင်းလှသည်။

ကျွင်းလုံခန်းက တုန်ထျန်းနယ်ပယ် အရှိန်အဝါများကို အစွမ်းကုန် ပေါက်ကွဲထားသည်။

သူက လက်ကိုဝှေ့ယမ်းလိုက်ရာ ခရမ်းရောင် စွမ်းအင်များ စုစည်းလာပြီး ခရမ်းရောင် ကစားကွက်အဖြစ်သို့ ပြောင်းလဲသွား၏။

ကျွင်းလုံခန်းက သေခြင်းရှင်ခြင်း ကြိတ်စက်ကြီးကဲ့သို့ ကစားကွက်လှည့်ဘီးကို လက်နှစ်ဖက်ဖြင့် တွန်းထုတ်လိုက်တော့သည်။

"ဘယ်လိုဖြစ်နိုင်မှာလဲ... ဒါက ချီလင် သေခြင်းရှင်ခြင်း လှည့်ဘီးမဟုတ်လား"

ချီလင်ရှေးဟောင်းဂူမှ သတ္တဝါအားလုံး မျက်လုံး ပြူးကျယ်ကုန်သည်။

ချီလင်သေခြင်းရှင်ခြင်လှည့်ဘီးက ချီလင်မျိုးနွယ်၏
စွမ်းရည်များအနက် အလွန်အစွမ်းထက်သော
တိုက်ကွက်တစ်ခုဖြစ်သည်။

ကျွင်းလုံခန်းက မပြည့်စုံသော ချီလင်စွမ်းရည်ကိုသာ
ရခဲ့သော်လည်း ဤတိုက်ခိုက်မှုအား
ထုတ်ဖော်နိုင်သည်မှာ အံ့သြစရာကောင်းလှသည်။

"သခင်လုံခန်းက တကယ်ကို အံ့သြစရာပဲ"

ကျွင်းလုံခန်း၏ နောက်လိုက်များတွင်
ကျွင်းတောက်လင်း၊ ကျွင်းရှီယုန့်ှင့် အခြားသူများ၏
မျက်နှာပေါ်တွင် စိတ်လှုပ်ရှားမှုများ ဖြစ်ပေါ်လာသည်။

ကျွင်းဝူရှန့်ှင့် ကျွင်းမူလန်လည်း အနည်းငယ်
အံ့သြသွားခဲ့ကြလေသည်။

"ကျွင်းလုံခန်းရဲ့ ခွန်အားက အားကောင်းနေတုန်းပဲ"

ကျွင်းဝူရှန့်က ခေါင်းခါယမ်းလိုက်သည်။

"အပိုတွေ၊ မဟုတ်ရင် နင် ဘယ်လိုလုပ်ပြီး
ဒုတိယစီကွမ်ပဲ ဖြစ်နေမှာလဲ"

ကျွင်းမူလန်က နှာခေါင်းရှုံ့လိုက်၏။

ကျွင်းဝူရှန့်၏ မျက်နှာက ရှုံ့မဲ့သွားခဲ့သည်။

ကျွင်းမူလန်က တကယ့်ကို ပွင့်လင်းသူတစ်ဦးဖြစ်ပြီး
ဘယ်သောအခါမှ သွယ်ဝိုက်၍ မပြောတတ်ပေ။

ကျွင်းလုံခန်း၏ တိုက်ခိုက်မှုကိုမြင်သောအခါ
မင်းသမီးလုံကျိ၏မျက်နှာအမူအရာက
ထူးခြားသွားသည်။

သူကလည်း အစစ်အမှန်နဂါး နတ်ဘုရားစွမ်းရည်ကို
ထုတ်ဖော်လိုက်၏။

"ကောင်းကင်ခွင်းမဲ့ ဘိုးဘွားနဂါး"

မင်းသမီးလုံကျိုက တိုက်ခိုက်မှု ထုတ်ဖော်လိုက်ရာ
လေထဲတွင် အလွန်ကြီးမားသော
ဘိုးဘွားနဂါးပုံရိပ်ကြီး ထွက်ပေါ်လာတော့သည်။

ဤသဏ္ဌာန်ပေါ်လာသောအခါ လူတိုင်းလိုလို
ကြောက်မက်ဖွယ်ကောင်းသော ဖိအားကို
ခံစားခဲ့ရသည်။

ကျင့်ကြံခြင်းအခြေခံ အားနည်းသူအချို့ဆိုလျှင်
ကြောက်မက်ဖွယ်ကောင်းသောဖိ
အားကိုမခံနိုင်သောကြောင့် မနေနိုင်ဘဲ

ဒူးတစ်ဖက်ထောက်ကျသွားခဲ့သည်။

"ဒါက အစစ်အမှန်ဘိုးဘွားနဂါးပဲလား"
မျိုးဆက်ဟောင်းအချို့လည်း
အသက်ပြင်းပြင်းရှူလိုက်ကြသည်။

ဘိုးဘွားနဂါးသိုက်သည် ဘိုးဘွားနဂါးကို အစွဲပြု၍
ပေးထားသော အမည် ဖြစ်သည်။

ယင်းက အလွန် ကြောက်စရာကောင်းသည့်
သတ္တဝါပင် ဖြစ်ချေသည်။

အစစ်အမှန်ဘိုးဘွားနဂါးက သာမန်ကရာဇ်များပင်
မယှဉ်နိုင်သော အင်မော်တယ်နယ်မြေကြီး၏
အထွတ်အထိပ် တည်ရှိမှုတစ်ခု ဖြစ်သည်။

"မင်းသမီးလုံကျိုက အစွမ်းထက်ဆုံးပဲ"

ဘိုးဘွားနဂါးသိုက်ရှိ သတ္တဝါအချို့မှာလည်း
အလွန်စိတ်လှုပ်ရှားသွားကာ အော်ဟစ်လိုက်ကြသည်။

ဤကဲ့သို့သော လှုပ်ရှားမှုမျိုးက
ဘိုးဘွားနဂါးသွေးပါသော မင်းသမီးလုံကျိုကဲ့သို့
သွေးမျိုးဆက် အမွေခံများသာ လုပ်နိုင်ကြသည်။

ဤသည်မှာ ဘိုးဘေးနဂါးစွမ်းအား၏
အထောက်အပံ့ကိုရသော စွမ်းအားတစ်ခု
ဖြစ်ချေသည်။

ၚင်းက ပုံရိပ်ယောင်မျှသာ ဖြစ်ပေသော်ငြား
ကောင်းကင်ကို ဖျက်ဆီးနိုင်သော စွမ်းအားတစ်ခုကို
သယ်ဆောင်လာပုံရသည်။

"ဝုန်း"

ဘိုးဘွားနဂါးပုံရိပ်မှ နဂါးလက်သည်းများ
ဖြည်းဖြည်းချင်း ထွက်လာသည်။

လက်သည်းကုတ်ခြစ်တစ်ချက်ဖြင့်
ကောင်းကင်နှင့်မြေပြင်ကို ဖြတ်လိုက်နိုင်ပုံရပြီး
အလွန်ကြောက်စရာကောင်း၏။

ကျွင်းမိသားစုမှ မျိုးနွယ်စု အကြီးအကဲတချို့ဆိုလျှင်
အချိန်မရွေးလူပ်ရှားရန် အသင့်ပြင်လိုက်ကြသည်။

ဟုတ်ပေသည်၊ ၎င်းတို့က မင်းသမီးလုံကျိကို
မတိုက်ခိုက်ဘဲ ကျွင်းလုံခန်းအား ကယ်တင်ရန်သာ
ဖြစ်သည်။

ကျွင်းလုံခန်း၏အသက်နှင့်ယှဉ်လျှင်
ကျွင်းမိသားစု၏ဂုဏ်သတင်းက ဒုတိယဦးစားပေးသာ
ဖြစ်သည်။

ကြီးမားလေးလံသော ကြောက်မက်ဖွယ် စွမ်းအားကို
ခံစားရသော်လည်း ကျွင်းလုံခန်းက
တောင်ကြီးတစ်လုံးကဲ့သို့ တည်ငြိမ်စွာ ရှိနေဆဲပင်။

သူက ချီလင် သေခြင်းရှင်ခြင်းလှည့်ဘီးကို
တွန်းထုတ်လိုက်ရာ လမ်းတစ်လျှောက်ရှိ လေထုက
တုန်ခါသွားကာ တိမ်တိုက်များလည်း
ပြိုကျသွားခဲ့သည်။

"ဝှန်း"

တိုက်ကွက်နှစ်ခု ထိပ်တိုက်တွေ့ဆုံသောအခါ မြေပြင်၌

မိုးခြိမ်းသံကဲ့သို့ဖြစ်ပြီး မိုင်ပေါင်းတစ်သိန်းအထိ ပဲ့တင်ထပ်သွား၏။

ထိုကဲ့သို့ တိုက်ခိုက်မှုအောက်တွင် ကျွင်းလုံခန်းက ခြေလှမ်းတစ်ရာ နောက်ပြန်ဆုတ်သွားရပြီး ရင်ဘတ်မှလည်း သွေးများစီးကျလာတော့သည်။

သူက ကာကွယ်ရေးနည်းလမ်းများကို အသုံးပြုလိုက်သော်လည်း ဒဏ်ရာအနည်းငယ် ရရှိခဲ့ဆဲပင်။

"ပြီးသွားပြီ၊ ကျွင်းမိသားစုရဲ့ နှစ်သွယ်မျက်လုံးက အားနည်းတဲ့ဘက်မှာ ရှိနေတယ်"

"အမှန်ပဲ၊ ရှေးဟောင်းလူထူးဆန်းတွေက ဒီလောက်ထိ အစွမ်းထက်တာလား"

ဤမြင်ကွင်းကိုမြင်တော့ လူတော်တော်များများ သက်ပြင်းချလိုက်ကြသည်။

အထူးသဖြင့် လူငယ်ပါရမီရှင်များဟာ ကျွင်းလုံခန်းကို အနိုင်ရရန် မျှော်လင့်နေခဲ့မိကြသည်။

အကြောင်းပြချက်မူကား အလွန်ရိုးရှင်း၏၊ ရှေးဟောင်းလူထူးဆန်း အောင်ပွဲခံမည်ကို မမြင်လို၍ ဖြစ်သည်။

ဤခေတ်သည် သူတို့ ခေတ်ပြိုင်ပါရမီရှင်များ၏ ခေတ်ဖြစ်သည်။

ရှေးခေတ်မှ လူထူးဆန်းက သူတို့ ဦးခေါင်းထက်တွင်

ဘာကြောင့် နေရပါမည်နည်း။

တစ်ဖက်လူက အားနည်းချက်သို့
ရောက်သွားသောအခါ မင်းသမီးလုံကျိုကလည်း
ဤအခွင့်အရေးကို သဘာဝအတိုင်း
လက်လွတ်မည်မဟုတ်ပေ။ သူက အစစ်အမှန်
ဘိုးဘေးနဂါးပုံရိပ်ယောင်ဖြင့် ဆက်တိုက်
တိုက်ခိုက်လိုက်သည်။

ကျွင်းလုံခန်းက သန်သော်လည်း ဆက်တိုက်
အရိုက်ခံရသောအခါ သွေးမအန်ဘဲ မနေနိုင်တော့ပေ။

ကျွင်းကျန်းထျန်းနှင့် အခြား ကျွင်းမိသားစု
အကြီးအကဲများလည်း နှလုံးသားများ
လေးလံလာသည်။

သူတို့ ဤနေရာတွင်ရှိနေသောကြောင့် ကျွင်းလုံခန်း၏ အသက်ကိုတော့ အန္တရာယ် အဖြစ်ခံမည် မဟုတ်ပေ။

သို့ရာတွင် သူတို့ရုံးပါက ကျွင်းမိသားစု၏ ဂုဏ်သိက္ခာကို အကြီးအကျယ် ထိခိုက်သွားရမည် ဖြစ်သည်။

ဘိုးဘွားနဂါးသိုက်ကလည်း ကျွင်းမိသားစုအား လှောင်ပြောင်ရန် ဤအခွင့်အရေးကို ဘယ်တော့မှ လက်လွတ်ခံမည်မဟုတ်ပေ။

ကျွင်းဝူရှန်၊ ကျွင်းမူလန်နှင့် အခြားသူများလည်း မျက်မှောင်ကြုတ်လိုက်ကြသည်။

ကျွင်းမိသားစု၏ ထိပ်တန်းစီကွမ်ဆယ်ဦးသည် မိသားစုအတွင်းတွင်၌ ရှိနေလျှင်တော့

အပြုံးအဆိုင်ဆက်ဆံရေးမျိုး ရှိကြသည်။

သို့သော်လည်း အပြင်လူများနှင့် ရင်ဆိုင်သောအခါ
စည်းလုံးမှုရှိ၏။ ထို့ကြောင့် ကျွင်းဝူရှန့်တို့ဟာ
သဘာဝအတိုင်း ကျွင်းလုံခန်းကို မရှုံးစေလိုပေ။

အနည်းဆုံးတော့ သရုပ်မပျက်စေလိုပါချေ။

"ပြီးပြီ"

မင်းသမီးလုံကျိုက ပုရွက်ဆိတ်တစ်ကောင်ကို
သတ်လိုသကဲ့သို့ မာနကြီးစွာဖြင့် ဖိချလိုက်သည်။

ထုအနေအထားသည် ကျွင်းမသားစုရှ
လူငယ်များစွာကို ဒေါသတကြီး ဖြစ်စေခဲ့၏။

ကျွင်းလုံခန်းက ကျွင်းမိသားစု၏ ပထမစီကွမ်
ဖြစ်သည်။ သူလိုလူက ဤသို့
အရှက်ရစေမည့်နည်းဖြင့် မည်သို့
အရှုံးပေးရပါမည်နည်း။

ကျွင်းလုံခန်းက သွေးအန်ကာ ချောင်းဆိုးလိုက်ရင်း
နှုတ်ခမ်းထောင့်မှ သွေးစီးကျလာသည်။

သူ့သောလည်း သူ့မျက်နှာကတော့ ရေခဲတုံးလို
အမြဲအေးစက်နေပြီး အပြောင်းအလဲမရှိပေ။

"နှစ်သွယ်မျက်လုံး လမ်းစဉ်ဟာ ရှေးခေတ်ကနေ
အခုထိ တုဖက်မဲ့တဲ့ လမ်းစဉ်တစ်ခုပဲ၊ သူ့ကို
အလွယ်တကူ အနုင်ယူချင်ရင် အပမကမပနေတာပ
ဖြစ်ရမယ်"

ကျွင်းလုံခန်းက ခပ်တိုးတိုး ရေရွတ်လိုက်ပြီး

ဆံပင်ရှည်များက တဖျပ်ဖျပ် လှုပ်ရှားလာသည်။

သူမျက်လုံးများကို ဖုံးအုပ်ထားသည့်
အနက်ရောင်ပိတ်ကလည်း
မီးတောက်လောင်ကျွမ်းကာ ပြာဖြစ်သွားခဲ့၏။

ကြောက်မက်ဖွယ်ကောင်းသော
မျက်လုံးအလင်းနှစ်ခုကလည်း မိုးနှင့်မြေကိုဖြုခဲ့၍
စကြဝဠာကြီးကိုပင် တုန်လှုပ်သွားစေခဲ့တော့သည်။

နှစ်သွယ်မျက်လုံး... ပွင့်လာခဲ့ပေပြီ။

အခန်း (၂၈၀) ပြင်းထန်သော တိုက်ပွဲ၊

နှစ်သွယ်မျက်လုံး၏ စွမ်းအား၊ အနိုင်အရှုံးကို
ဆုံးဖြတ်သွားသော ဘလက်ဂိုလ်းသန့်စင်ခြင်းဓား။

ၚင်းက ရှေးခေတ်နှင့် မျက်မှောက်ခေတ်တွင်
တုဖက်မဲ့သော စွမ်းရည်များထဲမှ တစ်ခုဖြစ်သည်။

တာအိုခန္ဓာသုံးထောင်တွင် ထိပ်တန်း သုံးဆယ်သို့
ဝင်နိုင်သော နှစ်သွယ်မျက်လုံးက အလွန်သန်မာသည်။

နှစ်သွယ်မျက်လုံး ဖွင့်ထားသောအခါ မိုးနှင့်မြေက
ကြည်လင်ပြီး မှိတ်ထားလျှင်တော့ အရာအားလုံး
အမှောင် အတိကျရပေလိမ့်မည်။

ၚင်းသည် ရိုးရှင်းသော
ဖော်ပြချက်တစ်ခုမျှသာဖြစ်သော်လည်း၊
မည်မျှတန်ခိုးကြီးပြီး ကြောက်စရာကောင်းကြောင်း

သက်သေပြရန် လုံလောက်သည်။

နှစ်သွယ်မျက်လုံးသည် မည်သည့်ခေတ်တွင်မဆို
ပေါ်လာပါက၊ ထိုခေတ်၏ အထွတ်အထိပ်တွင်
ရပ်တည်ပြီး ခေတ်ရေစီးကြောင်း ဖြစ်လာမည်မှာ
သေချာသည်။

ယခုမူ ကျွင်းလုံခန်း၏မျက်လုံးများကို
ဖုံးအုပ်ထားသည့် အနက်ရောင်အဝတ်စက
ပြာအတိကျသွားခဲ့ချေပြီ။

ကြောက်မက်ဖွယ်အရှိန်အဝါများဖြင့် မျက်လုံးအစုံ
ပေါ်လာသောအခါ...

မျက်လုံးမှ အလင်းတန်းတစ်ခုစီကကမ္ဘာကြီးကို
အက်ကွဲစေပြီး စကြာဝဠာကြီးကို ဖြိုခွဲလိုက်ပုံရသည်။

အရှိန်အဝါကတင် တကယ်ကို မယုံနိုင်စရာပင်။

"ကျွင်းမိသားစုရဲ့ ပထမစီကွမ်က နောက်ဆုံးမှာတော့
သူ့ရဲ့တားမြစ်ထားတဲ့ မှော်အစွမ်းတွေကို
စတင်ထုတ်ဖော်လိုက်ပြီ"

"ဟုတ်တယ်၊ ဒါက သိပ်ပြီးကြောက်ဖို့ကောင်းတယ်၊
သာမာန်ပါရမီရှင်တွေဆိုရင် တစ်ချက်တည်း
သေသွားမှာတောင် ကြောက်ရတယ်"

ကျွင်းလုံခန်းက နှစ်သွယ်မျက်လုံးကို
ထုတ်ဖော်လိုက်သောအခါ မြင်ကွင်းက အဆုံးမရှိ
ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။

နောက်ဆုံးအကြိမ်မှာတော့ ကျွင်းလုံခန်းကော

မင်းသမီးလုံကျိပါ ၎င်းတို့၏ မွေးရာပါစွမ်းရည်ကို အသုံးမပြုခဲ့ကြပေ။

အကြောင်းမူ ထိုအချိန်တွင် ကျွင်းလုံခန်း၏ နှစ်သွယ်မျက်လုံးက အသွင်ကူးပြောင်းဆဲကာလတွင် ရှိနေသောကြောင့်ပင် ဖြစ်သည်။

ယခုတော့ ကျွင်းလုံခန်းဟာ ၎င်းကို အနှောက်အယှက်မရှိဘဲ ထုတ်ဖော်နိုင်ခဲ့ပြီ။

ကျွင်းလုံခန်းက ကျွင်းမိသားစု၏ ဂုဏ်သတင်းကို ထိန်းသိမ်းရန် အစွမ်းကုန် လုပ်ဆောင်နေသည်ဟု ဆိုနိုင်သည်။

ကျွင်းလုံခန်း၏ ညာဘက်မျက်လုံးက ကြောက်မက်ဖွယ်ကောင်းသော ချီစက်တစ်ခု

ထွက်ပေါ်လာသည်။ အနက်ရောင် အလင်းတန်းသည်
မီးတောင်ကဲ့သို့ ပေါက်ကွဲထွက်ပြီး လေထုကို
လောင်ကျွမ်းသွား၏။

"ဝုန်း"

ဤအလင်းက အမှန်ပင် ပုံရိပ်ယောင်
ဘိုးဘွားနဂါးအရိပ်ကို ထိုးဖောက်ဝင်ရောက်ကာ
ပြုလဲသွားစေသည်။

ဤမြင်ကွင်းက အားလုံးကို
အသက်ပြင်းပြင်းရှူစေခဲ့ပေသည်။

နှစ်သွယ်မျက်လုံးက ထွက်ပေါ်လာသည်နှင့်
တပြိုင်နက် ဤမျှ ကြောက်စရာကောင်းသော
ခွန်အားကို ပြသခဲ့သည်။

ကျွင်းလုံခန်း ရှုံးပြီဟု ထင်ထားခဲ့သော
ကျင့်ကြံသူများလည်း ယခုအခါ တွေဝေသွားကြ၏။

မင်းသမီးလုံကျိုကတော့ ယင်းကို
မျော်လင့်ထားသကဲ့သို့ အံ့သြခြင်းမရှိပေ။

"ကောင်းတယ်၊ နှစ်သွယ်မျက်လုံးကိုမထုတ်ရင် ငါ
နည်းနည်းတော့ စိတ်ပျက်မိဦးမှာ၊ အခု ဒီမင်းသမီးက
နှစ်သွယ်မျက်လုံးရဲ့စွမ်းအားကို တွေ့မြင်ချင်တယ်"

မင်းသမီးလုံကျို၏အသံက အေးစက်ကာ
ထူးခြားမှုမရှိဘဲ ကိုယ့်ကိုယ်ကိုယ်
ယုံကြည်မှုအပြည့်ရှိသည်။

ကျွင်းလုံခန်းက နှစ်သွယ်မျက်လုံးကို
ထုတ်ဖော်ခဲ့သော်လည်း ဂရုမစိုက်သေးပေ။

ယင်းက မင်းသမီးလုံကျိုကို ပို၍ပင်
အထင်ကြီးစေခဲ့သည်။

ရှေးဟောင်းလူထူးဆန်းက
မျှော်လင့်ထားသည့်အတိုင်းပင်။

"မာနကြီးလွန်းတာက မိုက်မဲရာကျတယ်"

ကျွင်းလုံခန်း၏ မျက်လုံးများက အေးစက်သွားကာ
ထပ်မံ တိုက်ခိုက်လိုက်သည်။

နှစ်သွယ်မျက်လုံးကို ထုတ်ဖော်လိုက်သောအခါ သူ၏
စွမ်းအင်များက တဟုန်ထိုးတက်လာပြီး
သူ၏ထိုးစစ်ကလည်း ပို၍လျင်မြန်လာသည်။

အရေးကြီးဆုံးကတော့ ကျွင်းလုံခန်း၏ အရှိန်က
အလွန်မြန်နေသလို လူတိုင်း မြင်နေရခြင်းပင်

ဖြစ်သည်။

"မဟုတ်ဘူး၊ ကျွင်းလုံခန်းရဲ့အရှိန်က
ပိုမြန်လာတာတော့ မဟုတ်ဘူး၊ ဒီအစား
မင်းသမီးလုံကျိုရဲ့ အရှိန်က သူ့မျက်လုံးထဲမှာ
နှေးကွေးသွားခဲ့တာ"

တချို့က အော်ဟစ်လိုက်ကြသည်။

နှစ်သွယ်မျက်လုံးတွင် မယုံနိုင်လောက်အောင်
စွမ်းရည်အမျိုးမျိုး ရှိသည်။

ဤစွမ်းရည်များထဲမှတစ်ခုမှာ ပြိုင်ဘက်ကို
နှေးကွေးစေပြီး အားနည်းချက်တိုင်းကို ဖမ်းဆုပ်ရန်ပင်
ဖြစ်ချေသည်။

ဤအရာသည် အလွန်ကြောက်စရာကောင်းသည်၊

လင်းယုန်မျက်လုံးကဲ့သို့ သူသည် အနှေးမြင်ပြီး
ရန်သူ၏ အားနည်းချက်ကို ရှာဖွေနိုင်စွမ်းရှိပေသည်။

ယခုအခါ ကျွင်းလုံခန်းက ဤစွမ်းရည်ကို
အသုံးပြုနေခြင်း ဖြစ်သည်။

သူသည် လက်တစ်ဖက်တွင် ချီလင်စွမ်းရည်ကိုသုံးပြီး
အခြားလက်တစ်ဖက်က အဆုံးမဲ့ ဓားချီများဖြင့်
အင်မော်တယ်သတ်ဓားသိုင်းကို ပြသခဲ့သည်။

အစွမ်းထက်သော ဤလှုပ်ရှားမှုနှစ်ခုဖြင့်
ကျွင်းလုံခန်းဟာ အင်အားများကို ပြသလာ၏။

မင်းသမီးလုံကျိုလည်း ခြေလှမ်းအနည်းငယ်
နောက်ပြန်ဆုတ်သွားရတော့သည်။

"တော်ဝင်မင်းသမီး"

ဘိုးဘွားနဂါးသိုက်မှ သတ္တဝါများ မျက်နှာအမူအရာ
ပြောင်းသွားခဲ့ကြသည်။

ဆန့်ကျင်ဘက်တွင်၊ မင်းသမီးလုံကျိ၏နောက်လိုက်
နဂါးပြာဗိုလ်ချုပ်၊ နဂါးနီဗိုလ်ချုပ်၊
နဂါးနက်ဗိုလ်ချုပ်နှင့် နဂါးဖြူဗိုလ်ချုပ်တို့ကတော့
စတာလူပရှားမှု မရှိပေ။

"ကျွင်းမိသားစုက သိပ်နုံအနေတုန်းပဲ။
တော်ဝင်တော်ဝင်မင်းသမီးရဲ့ နောက်ခံနဲ့ ခွန်အားကို
သူတို့ ဘယ်လိုလုပ်ပြီး နားလည်နိုင်မှာလဲ"

"ဟုတ်တယ်၊ နှစ်သွယ်မျက်လုံးက မဆိုးပေမဲ့
မင်းသမီးကို အနိုင်ယူချင်ရင်တော့

မလုံလောက်သေးဘူး"

နဂါးဗိုလ်ချုပ်လေးယောက်က
အထင်မြင်သေးမှုအပြည့်ဖြင့် အသံလွှင့်ကာ
ပြောလိုက်ကြသည်။

ဟုတ်ပေသည်၊ မင်းသမီးလုံကျိကလည်း
ပြန်တိုက်ခိုက်နေပြီ ဖြစ်သည်။

"နဂါးကောရာဇကုဒ်၊ လေဆန်မိုးကြိုးနဂါး"

မင်းသမီးလုံကျို၏ အပြာရောင်ပိုးဝတ်စုံက
တဖျပ်ဖျပ်ခတ်ပြီး အစွမ်းထက်သော တိုက်ကွက်ကို
ထုတ်ဖော်လာသည်။

သူ့တကိုယ်လုံး စွမ်းအင်များဖြင့် ပြည့်နှက်လာကာ
မိုးကြိုးလျှပ်စီးများလည်း တောက်ပလာခဲ့၏။
နဂါးစွမ်းအင်များလည်း ထွက်ပေါ်လာကာ
ကြောက်မက်ဖွယ်ရာ မိုးကြိုးနဂါးအဖြစ် စုစည်း၍
ကျယ်လောင်စွာ ဟိန်းဟောက်လိုက်တော့သည်။

"ဒါက နဂါးဧကရာဇ်ရဲ့ အဓိပဓိပညာပဲ"

ဤကြောက်မက်ဖွယ် စွမ်းအားကို ခံစားမိသောအခါ
လူအများက အော်ဟစ်လိုက်ကြသည်။

မင်းသမီးလုံကျိသည်လည်း နောက်ဆုံးတွင် သူမ၏
ဝှက်ဖဲများထဲမှ တစ်ခုဖြစ်သော အဓိပဓိကျမ်း၊
နဂါးဧကရာဇ်ကုဒ်ကို ထုတ်ဖော်ပြသလာခဲ့ပြီ။

မိုးခြိမ်းနဂါး၏ ဟိန်းဟောက်သံက

ကောင်းကင်ကိုပြုကျစေကာ မိုးကြိုးစွမ်းအင်များဖြင့်
အရပ်လေးမျက်နှာအား ပေါက်ကွဲသွားစေခဲ့သည်။

"ဟား"

ကျွင်းလုံခန်းက အေးစက်စက်ဖြင့် အော်ဟစ်လိုက်ရာ
ညာဘက်မျက်လုံးမှ အနက်ရောင်အလင်းများ
ထွက်လာသည်။ သူ့မျက်လုံးက ကမ္ဘာကြီးကို
ဖရိုဖရဲဖြစ်စေခဲ့၏။

နှစ်ယောက်သား အကြိတ်အနယ် တိုက်ခိုက်ကြပြီး
အချိန်တိုအတွင်းမှာပင် အကြိမ်ရာချီ တိုက်မိကြကာ
ကြောက်မက်ဖွယ် စွမ်းအင်အတက်အကျများလည်း
ဆက်တိုက် ထွက်ပေါ်နေခဲ့ရသည်။

ဤသည်မှာ တုန်ထျန်းဘုရင်နှစ်ဦးနှင့်မတူဘဲ
သူတော်စက်နှစ်ပါးကဲ့သို့ပင် ဖြစ်နေခဲ့ပေပြီ။

လူတိုင်းက ရင်တထိတ်ထိတ်နှင့် စောင့်ကြည့်နေချိန်...

တိုက်ပွဲက အရေးကြီးသည့်အဆင့်ကို
ရောက်လာသည်။

ကျွင်းမိသားစု၏ နှစ်သွယ်မျက်လုံးက
အနိုင်ရသွားမလား။

သို့မဟုတ် ဘိုးဘွားနဂါးသိုက်မှ
ရှေးဟောင်းလူထူးဆန်းက ကမ္ဘာကြီးကို
လွှမ်းမိုးသွားမှာလား။

"ဝန်း"

နောက်ထပ် တိုက်မိသွားသည်။

ကျွင်းလုံခန်း ခြေလှမ်းနှစ်လှမ်း
နောက်ပြန်ဆုတ်သွားကာ သူ့မျက်လုံးများကလည်း
အနည်းငယ် လေးနက်သွားသည်။

အကြောင်းမှာ သူ၏ နှစ်သွယ်မျက်လုံးဖြင့်
စောင့်ကြည့်မှုအောက်တွင်ပင် မင်းသမီးလုံကျိုက
အားနည်းချက်နှင့် ချို့ယွင်းချက်များ မရှိသလောက်
ဖြစ်နေသည်။

"နဂါးကောရာဇ်တန့်၊ ကောင်းကင်လောင်ကျွမ်း နဂါးနီ"
မင်းသမီးလုံကျို၏ လှုပ်ရှားမှုများ တစ်ဖန်
ပြောင်းလဲသွားသည်။ အနီရောင်
နဂါးကြီးတစ်ကောင်သည် ကောင်းကင်ပြင်ကို
လောင်ကျွမ်းသွားသကဲ့သို့ မီးတောက်များဖြင့်

ထွက်ပေါ်လာခဲ့၏။

ကျွင်းလုံခန်း ရှောင်တိမ်းခဲ့သော်လည်း
ပတ်ဝန်းကျင်တစ်ခုလုံးတွင် မီးတောက်များဖြင့်
ပြည့်နှက်နေခဲ့ပြီ ဖြစ်သည်။

အဆုံးမှာတော့ မီးတောက်များဟာ ကျွင်းလုံခန်းကို
လုံးဝ လွှမ်းခြုံသွားတော့သည်။

ထိုမီးတောက်များက ကောင်းကင်ကို လောင်ကျွမ်းပြီး
ကမ္ဘာမြေကြီးကို ဖျက်ဆီးပစ်နိုင်သည်။

ထို့ကြောင့် ကျွင်းလုံခန်းအတွက်
မည်မျှအန္တရာယ်များမည်ကို တွေးကြည့်နိုင်ပေသည်။

"မကောင်းတော့ဘူး"

ကျွင်းဝူရှန့်၊ ကျွင်းမူလန်နှင့် အခြားသူများ
မျက်နှာအမူအရာ အနည်းငယ် ပြောင်းလဲသွားသည်။

ကျွင်းကျန်းထျန်းကဲ့သို့ မိသားစုအကြီးအကဲများလည်း
ကြောက်ရွံ့၏။

ကျွင်းလုံခန်းက သူတို့၏မျိုးရိုးမှမဟုတ်သော်လည်း
ကျွင်း မိသားစုဝင် ဖြစ်နေဆဲပင်။

ကျွင်းကျန်းကျန့်၊ ကျွင်းရွယ်ဟွမ်နှင့်
အခြားသူများလည်း မျက်နှာပျက်ကုန်သည်။

ထိုအချိန်တွင် တစ်စုံတစ်ယောက်က
အော်ဟစ်လိုက်၏။

"ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ"

ကျွင်းမိသားစုဝင်များလည်း
လိုက်ပါကြည့်လိုက်ကြသည်။

မီးတောက် မီးပြင်းဖိုကြီးထဲတွင် ကျွင်းလုံခန်း၏
ဘယ်ဘက်မျက်လုံးမှ အဖြူရောင် နတ်အလင်းတစ်ခု
စီးဆင်းနေသည်။ ၎င်းက သူ့ကို အကာအရံအဖြစ်
ဖုံးလွှမ်းထားကာ အနီရောင်မီးတောက်များ၏
လောင်ကျွမ်းမှုမှ တားဆီးထားကြောင်းကို
မြင်လိုက်ရ၏။

"နှစ်သွယ်မျက်လုံးက
တကယ်ကြောက်စရာကောင်းတာပဲ၊
ဘယ်ဘက်မျက်လုံးက အသက်အတွက်၊
ညာဘက်မျက်လုံးကတော့ သေခြင်းပဲ၊

သူမျက်လုံးတွေရဲ့ အဖွင့်အပိတ်က
သေခြင်းနဲ့ရှင်ခြင်းကို ဖြစ်စေနိုင်တယ်"

လူတချို့က အံ့အားသင့်စွာ ပြောလိုက်ကြသည်။

မင်းသမီးလုံကျိ၏
ပြင်းထန်သောဖိအားအောက်တွင်ပင် ကျွင်းလုံခန်းက
ခုခံနိုင်သည်။

လူတိုင်း၏ နှလုံးသားထဲတွင် သူက တော်လွန်းသည်။

"ငါ ကျွင်းလုံခန်း... ဘယ်တော့မှ ရှုံးနိမ့်တာကို ဝန်ခံမှာ
မဟုတ်ဘူး"

ကျွင်းလုံခန်းက ဒေါသတကြီးဖြင့်
အော်ဟစ်လိုက်သည်။

အဖြူရောင်အလင်းတန်းတစ်ခုနှင့်
အနက်ရောင်အလင်းတန်းတစ်ခုသည်
သူမျက်လုံးများမှ ထွက်ပေါ်လာခဲ့၏။

သေခြင်းရှင်ခြင်း၏ တာအိုများက
အချင်းချင်းတိုက်မိကာ
ကြောက်မက်ဖွယ်ရာအတက်အကျများ ပျံ့နှံ့သွား၍
မီးလျှံမီးဖိုကို တိုက်ရိုက်ဖြုန်းခဲ့ပစ်လိုက်သည်။

ကျွင်းလုံခန်းက နှစ်သွယ်မျက်လုံး၏ စစ်မှန်သော
အဓိပ္ပါယ်ကိုပြသကာ အပြင်သို့ ထွက်သွား၏။

မင်းသမီးလုံကျိ၏ မျက်နှာက တင်းမာသွားသည်။

နှစ်သွယ်မျက်လုံးများက အမှန်ပင်ထူးခြားကာ
သူမထင်ထားသည်ထက် ပို၍

ကိုင်တွယ်ရခက်ခဲသည်ဟု ဆိုရမည်။

"နဂါးကောရှင်ကုဒ်၊ ရွှေနဂါးအင်မော်တယ်ဒိုင်း"

မင်းသမီးလုံကျိုက အသန်မာဆုံး

ကာကွယ်ရေးနည်းလမ်းကို ထုတ်ဖော်ပြသခဲ့သည်။

ထိုအခါ ရွှေနဂါးတစ်ကောင်က လေထဲသို့ တက်လာပြီး

ရွှေနဂါးဒိုင်းအဖြစ်သို့ ပြောင်းလဲသွား၏။

"ဝုန်း"

နှစ်သွယ်မျက်လုံး၏ ကြောက်မက်ဖွယ်ရာ

အလင်းများက ၎င်းပေါ်သို့ ကျရောက်သွားသောအခါ

ရွှေနဂါးဒိုင်းက ပြင်းပြင်းထန်ထန်

တုန်ခါသွားတော့သည်။

မင်းသမီးလုံကျိုက သူမ၏ ကျောက်စိမ်းလက်ဖြင့်

တံဆိပ်တော်ကို ထုတ်ဖော်လိုက်သည်။ ထိုအခါ

အပြာရောင်ပိုးသား၏အပေါ်တွင် ဆံညှပ်ကဲ့သို့သော
အရာတစ်ခုက လေထဲကို ထွက်ပေါ်လာခဲ့၏။

ထို့နောက်တော့ ၎င်းမှာ အနက်ရောင်
ဓားရှည်တစ်လက်အသွင် ပြောင်းလဲသွားတော့သည်။

၎င်းက မင်းသမီးလုံကျို၏ ကိုယ်ပိုင်လက်နက်၊
ဘလက်ဂိုလ်းသန့်စင်ခြင်းဓား ဖြစ်သည်။

ဆမ်ဆာရာတာအိုရွှေနှင့် နတ်တံဆိပ်
ခရမ်းရောင်ရွှေကဲ့သို့ နဂါးသဏ္ဌာန်ရွှေနက်သည်
ဝိညာဉ်လက်နက်များ ဖန်တီးရာတွင် အကောင်းဆုံး
ပစ္စည်းတစ်ခု ဖြစ်သည်။

ကျွင်းရှောင်ယောက်၏ သားနို့စ်သူတော်စင်ဘုရင်
လက်အိတ်များပင်လျှင်

ခရမ်းရောင်ရွှေအနည်းငယ်နှင့်သာ
ရောစပ်ထားနိုင်သည်။

ဤမှုန့်တစ်ခုလုံးကိုတော့ နဂါးသဏ္ဌာန် ရွှေမည်းဖြင့်
ပြုလုပ်ထားခဲ့ခြင်း ဖြစ်သည်။

ယင်းကိုကြည့်လျှင် ဤမှုန်
မည်မျှအစွမ်းထက်ကြောင်း သိနိုင်သည်။

မားတစ်ချောင်း ထွက်လာသည်နှင့် ကမ္ဘာကြီးကို
လွှမ်းမိုးသွားသည်။

ကျွင်းလုံခန်းလည်း ခဏတာ မတုံ့ပြန်နိုင်တော့ဘဲ
ဘလက်ဂိုလ်းသန့်စင်ခြင်းမားချက်ဖြင့် လွင့်ပါသွား၏။

ကောင်းကင်မှ သွေးများစီးကျလာကာ
ကျွင်းလုံခန်း၏ပုံရိပ်က ပြင်းပြင်းထန်ထန်
နောက်ပြန်ဆုတ်သွားရတော့သည်။

ပြီးပြီ။

ဤအချိန်တွင် တောက်ရှန်တောင်တစ်ဝိုက်ရှိ
အင်အားစုများစွာနှင့် မရေတွက်နိုင်သော
သတ္တဝါများအားလုံး
နားလည်သဘောပေါက်သွားခဲ့သည်။

အဆုံးကို သတ်မှတ်ထားခဲ့ပြီ။

အခန်း (၂၈၁) ငါကလွဲရင် ဘယ်သူက ဘုရင်နဲ့
သခင်ဖြစ်ဝံ့မှာလဲ၊ တကယ့် ဇာတ်ဆောင်
ဒီကိုရောက်လာပြီ။

ကျွင်းလုံခန်းက ပြင်းပြင်းထန်ထန် ဆုတ်သွားကာ
သွေးများ စီးကျလာသည်။

နဂါးသဏ္ဌာန် ဘလက်ဂိုလ်းသန့်စင်ခြင်းဓားက
ၶင်းပတ်ပတ်လည်တွင် ရစ်ပတ်ထားသည့်
အစစ်အမှန်နဂါးများ ရှိနေသကဲ့သို့
အားကောင်းလွန်းသည်။

ၶင်းသည် မင်းသမီးလုံကျိ၏
ကိုယ်ပိုင်လက်နက်ဖြစ်ပြီး
ရှေးဟောင်းနဂါးပြာကေရာဇ်မှ ချန်ထားခဲ့သော
အရာတစ်ခုလည်းဖြစ်သည်။

ဂျင်းက ကောရာဇ်အဆင့်သို့
လုံးဝမရောက်သေးသော်လည်း... ထိပ်တန်း
အဓိပဓိလက်နက်ဖြစ်ကာ ကောရာဇ်တစ်ပိုင်းအဆင့်သို့
ချဉ်းကပ်လုနီးပါးဖြစ်နေပြီ ဖြစ်သည်။

ယခုတော့ မင်းသမီးလုံကျိမှ ရုတ်တရက်
ထုတ်ဖော်လာရာ ကျွင်းလုံခန်း ဒဏ်ရာအပြင်းအထန်
ရရှိသွားတော့သည်။

"သေစမ်း"

"အရှက်မရှိလိုက်တာ"

"ဒါလား ရှေးဟောင်းလူထူးဆန်း"

ကျွင်းမိသားစု၏ လူငယ်များက
အော်ဟစ်လိုက်ကြသည်။

ကျွင်းလုံခန်းနှင် မင်းသမီးလုံကျိုက
နတ်ဘုရားသိုင်းများဖြင့် အချင်းချင်း
ရင်ဆိုင်နေကြခြင်း ဖြစ်သည်။

သို့ရာတွင် မင်းသမီးလုံကျိုက ထိပ်တန်းအဆင့်
အဓိပဓိလက်နက်ကို ရုတ်တရက် ထုတ်ဖော်လိုက်၏။
ထိုအခြေအနေမျိုးတွင် မည်သူမဆို
အားနည်းချက်ရာသို့ ချက်ချင်း ကျရောက်သွားရမည်
ဖြစ်သည်။

သို့သော်လည်း ကျွင်းမိသားစုမှ
လူငယ်များနှင့်ယှဉ်လျှင်... အကြီးအကဲများက

အတော်ပင် တည်ငြိမ်နေပြီး လေးလေးနက်နက်
သက်ပြင်းချလိုက်သည်။

"ဒီကမ္ဘာကြီးမှာ တရားမျှတမှု ဘယ်လိုရှိနိုင်မှာလဲ"
ကျွင်းဝူရှန့်လည်း သက်ပြင်းချလိုက်လေသည်။

မင်းသမီးလုံကျိုက ကိုယ်တိုင်
အားကောင်းရုံသာမကဘဲ ခိုင်မာသော နောက်ခံလည်း
ရှိသည်။

သူမတွင် အဓိပဓိနည်းလမ်းများနှင့်
ထိပ်တန်းလက်နက် အမျိုးမျိုးတို့ပင်
ပြတ်လပ်မှုမရှိပေ။

ထိုအချိန်တွင် ကျွင်းလုံခန်း၏ရင်ဘတ်မှ နက်ရှိုင်းသော
ဒဏ်ရာကြီးတစ်ခု ပေါ်လာပြီး သွေးများ

စီးကျလာခဲ့သည်။

ကျွင်းလုံခန်း၏ မျက်နှာအမူအရာသည်
ဘာမှမထူးခြားသော်လည်း သူ့နှုတ်ခမ်းထောင့်မှ
သွေးများ စီးကျလာခဲ့၏။

သူ၏ ဘယ်ဘက်မျက်လုံးမှ အဖြူရောင် အလင်းများ
ထွက်ပေါ်လာကာ သူ့ခန္ဓာကိုယ်ပေါ်ရှိ ဒဏ်ရာများကို
ကုသရန် ကြိုးစားလိုက်သည်။

"နင် ရှုံးသွားပြီ"

မင်းသမီးလုံကျိုက လျစ်လျူရှုစွာ ပြောလိုက်သည်။

ကျွင်းမိသားစုဝင် လူငယ်များ၏
အော်ဟစ်ငေါက်ငမ်းသံကိုမူ သူမက

မျက်ကွယ်ပြုခဲ့၏။

ဤကမ္ဘာတွင် တရားမျှတမှုမရှိပေ။

အနာဂတ်တွင် ကောရာဇမင်းလမ်းကိုဖွင့်ခဲ့ပါက
တရားမျှတသောတိုက်ပွဲကို မည်သူက
အလေးထားပါမည်နည်း။

ရှေးဟောင်းလူထူးဆန်းတစ်ယောက်အနေဖြင့်
မင်းသမီးလုံကျိဟာ သဘာဝအတိုင်း မနုံအဘဲ
အမှန်တရားကို နားလည်ထားခဲ့သည်။

"ငါမရှုံးသေးဘူး"

ကျွင်းလုံခန်းက အံကြိတ်ကာ အော်ဟစ်လိုက်၏။

သူ့တွင် တိုက်ခိုက်နိုင်စွမ်း ရှိနေဆဲပင်။

ယခုကဲ့သို့ သူတင်းခံနေရခြင်းမှာ ကျွင်းမိသားစု၏
ဂုဏ်သတင်းကြောင့် ဖြစ်သည်။

ဟုတ်ပေသည်။ နောက်တစ်ခုလည်း ရှိသေးသည်။

ကျွင်းလုံခန်းဟာ ဟင်းလင်းပြင်တွင်း၌
သူ့ကိုစောင့်ကြည့်နေသော
လူတစ်ယောက်ရှိကြောင်းကို သိသည်။

အားကျိုး...

အားကျိုးက ကျွင်းမိသားစုနှင့် မလိုက်နိုင်သောကြောင့်
အမှောင်ထဲတွင်ပုန်းခိုကာ တိုက်ပွဲကို

စောင့်ကြည့်နေခဲ့ခြင်း ဖြစ်သည်။

ကျွင်းလင်းလုံက အားကျိုးရွှေ့တွင် အရှုံးမပေးလိုပေ။

"မဟုတ်ဘူး၊ ဆက်လုပ်တာက အဓိပ္ပါယ်မရှိတော့ဘူး"

မင်းသမီးလုံကျိုက ခေါင်းခါယမ်းလိုက်သည်။

သူမက ကျွင်းလုခန်းနှင့် တိုက်ခိုက်ရန် စိတ်ဝင်စားမှု မရှိတော့ပေ။

နှစ်သွယ်မျက်လုံးက အလွန်သန်မာကာ သူမသည်ပင် နည်းလမ်းများစွာကို အသုံးပြုခဲ့ရသည်။

သို့သော်လည်း ယခုမူ ကျွင်းလုံခန်းက သူမအပေါ်တွင် လုံးဝ ခြိမ်းခြောက်နိုင်စွမ်း မရှိတော့ပေ။

"မင်း..."

ကျွင်းလုံခန်း၏ မျက်လုံးများက အေးစက်သွားသည်။

"လုံခန်း၊ တော်လောက်ပါပြီ"

ကျွင်းမိသားစုဘက်တွင်
မျိုးနွယ်စုအကြီးအကဲတစ်ဦးက
သက်ပြင်းချလိုက်သည်။

ကျွင်းလုံခန်းတွင် အမှန်တကယ်
တိုက်ခိုက်နိုင်စွမ်းရှိသေးကြောင်း သူတို့မြင်နိုင်သည်။

သူရာတွင် ထိုသူဆိုလျှင်ပင် ဘာများထူးမှာလဲ။

ကျွင်းလုံခန်းက မင်းသမီးလုံကျိုကို အနိုင်ယူရန်

များစွာခက်ခဲသွားခဲ့ပြီ ဖြစ်သည်။

အလွန်ဆုံးမှ သရေတစ်ပွဲမျှသာဖြစ်နိုင်သော်လည်း
ကျွင်းလုံခန်းအနေဖြင့် ကြီးစွာသောတန်ကြေးကို
ပေးဆောင်ရပေမည်။

ယင်းကို ကျွင်းမိသားစုက လက်မခံပေ။

အကြောင်းမှာ နောက်ပိုင်းတွင်
အင်မော်တယ်နယ်မြေကြီး၌ ကိစ္စကြီးများ
ဖြစ်လာနိုင်ပြီး အခွင့်အလမ်းကြီးများလည်း
ရှိနေသောကြောင့်ပင် ဖြစ်သည်။

ၚင်းတို့က ကျွင်းလုံခန်းကို ဘာမျှမဖြစ်စေလိုပေ။

ကျွင်းမိသားစုမှ အကြီးအကဲများ၏စကားကို
ကြားရသောအခါ ကျွင်းလုံခန်း လက်သီးကို
ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။

တချိန်တည်းမှာပင် ဟင်းလင်းပြင်ထဲမှ
သက်ပြင်းချသံတစ်ချက်ကို ယောင်ဝါးဝါးဖြင့်
သူကြားလိုက်ရသည်။

ယင်းက အားကျိုး၏ သက်ပြင်းချသံ ဖြစ်ချေသည်။

ဤအရာက ကျွင်းလုံခန်းကို စိတ်ထဲမှ ပို၍ပင်
မသက်မသာဖြစ်စေခဲ့သည်။

ဤတိုက်ပွဲက ပြီးသွားခဲ့ပေပြီ။

မင်းသမီးလုံကျိ အနိုင်ရသည်။

ဤရလဒ်ကြောင့် လူအများစုကတော့ အထူးတလည်
မအံ့ဩကြတော့ပါ။

နောက်ဆုံးမှာတော့ မင်းသမီးလုံကျိဟာ
အတွေ့အကြုံအလွန်ကြွယ်ဝသော ရှေးခေတ်မှ
ပါရမီရှင်တစ်ဦးဖြစ်သည်။

သူမနှင့် ယှဉ်ပြိုင်နိုင်စွမ်း ရှိခြင်းကပင် ကျွင်းလုံခန်း၏
အရည်အချင်းကို ကိုယ်စားပြုရန် လုံလောက်ပြီး
ကျွင်းမိသားစုမှ ပထမစီကွမ်ဟူသော ဂုဏ်သတင်းနှင့်
ထိုက်တန်သည်။

"ဟင်း..."

ကျန်းစန်းယီလည်း သက်ပြင်းချလိုက်လေသည်။

ကျန်းမိသားစုအနေဖြင့် ကျွင်းမိသားစု ရှုံးနိမ့်တာကို
သဘာဝအတိုင်း မမြင်လိုပေ။

မြင့်မြတ်ဝိညာဉ်အကယ်ဒမီမှ အကြီးအကဲများနှင့်
အခြားသူများလည်း တိတ်ဆိတ်သွားကြသည်။

ဆန့်ကျင်ဘက်အနေဖြင့် ဘိုးဘွားနဂါးသိုက်၊
ဖီးနစ်ဝိညာဉ်တောင်တန်း၊ ချီလင်ရှေးဟောင်းဂူ၊
ကြွေလွင့်နတ်ဘုရားနန်းတော်နှင့် အခြားသူများမှာ
အလွန် စိတ်လှုပ်ရှားနေကြတော့သည်။

"ငါ့ဘိုးဘွားနဂါးသိုက်က ပြိုင်ဘက်ကင်းတယ်ကွ"

"ကျွင်းမိသားစုရဲ့ ပထမစီကွမ်ဆိုရင်တောင်
ဘာဖြစ်သေးလဲ၊ မင်းသမီးလုံကျိရှေ့မှာ ကျဆုံးနေဆဲ
မဟုတ်လား"

"ပထမစီကွမ်မပြောနဲ့ စီကွမ်စုညဆိုတဲ့
ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်
ရောက်လာရင်တောင် ရလဒ်က အတူတူပဲ"

"ကျွင်းမိသားစုရဲ့ ပြိုင်ဘက်ကင်းဆိုတဲ့
နတ်ဘုရားသားတော်လည်း ဒီလိုပဲ ဖြစ်ရမယ်"

ဘိုးဘွားနဂါးသိုက်ကဲ့သို့
ရှေးဟောင်းတော်ဝင်မိသားစုများက လှောင်ပြောင်
ပြောဆိုလိုက်ကြသည်။

ကျွင်းကျန်းထျန်းကဲ့သို့ မျိုးနွယ်စု

အကြီးအကဲများမှာတော့ မျက်နှာတစ်ခုလုံး
မည်းမှောင်နေကြတော့သည်။

ဤတိုက်ပွဲက ကျွင်းမိသားစု၏ ဂုဏ်သိက္ခာကို
အကြီးအကျယ် ထိခိုက်စေခဲ့သည်။

နောက်ဆုံးတွင် မျိုးဆက်သစ်လူငယ်များက
အင်အားစုကြီးများ၏ အနာဂတ် ဖြစ်သည်။

ဤကိစ္စနှင့် ပတ်သက်၍ ဘိုးဘွားနဂါးသိုက်မှာ
ကျွင်းမိသားစုကို လုံးဝ လွှမ်းမိုးခဲ့ချေပြီ။

"မင်းသမီးလုံကျိုက အရမ်းသန်မာပြီး
နှစ်သွယ်မျက်လုံးတောင် မယှဉ်နိုင်ပေမဲ့
ငါ့ရဲ့မိသားစုရဲ့ ဓားနတ်ဆိုးရဲ့ လူဝင်စားက
မကြောက်ဘူး"

ရဲ့မိသားစု အကြီးအကဲက ရေရွတ်လိုက်သည်။

"ငါ့အစ်ကိုက မင်းသမီးလုံကျိုကို မကြောက်ဘူး"
မြောက်ဘက်ပိုင်းမှ ဝမ့်မိသားစုဘက်တွင်လည်း
ဝမ့်ကန်းက ယုံကြည်မှုရှိနေခဲ့ပေသည်။

သူပြောသည့် အစ်ကိုဆိုသူမှာ သဘာဝအတိုင်း
ဝမ့်မိသားစုရဲ့ ကောင်္ဂယ် ဝမ့်ထန်ပင် ဖြစ်သည်။

ဤအခိုက်တွင် မင်းသမီးလုံကျိုက အထီးကျန်သော
ပြိုင်ဘက်ကင်းကဲ့သို့ အနေအထားမျိုးဖြင့် လေထဲကို
လှမ်းတမ်းလိုက်လေသည်။

ကျွင်းလုံခန်း၏ ရှုံးနိမ့်မှုက
မင်းသမီးလုံကျို၏ဂုဏ်သိက္ခာကို

ထိပ်ဆုံးသို့တွန်းပို့ပေးခဲ့ပြီ ဖြစ်သည်။

ရှေးဟောင်း တော်ဝင်မိသားစုမှ
သတ္တဝါများစွာကလည်း မင်းသမီးလုံကျိုကု
ရူးသွပ်သော လေးစားမှုများ ပြည့်နှက်နေသည့်
မျက်လုံးများဖြင့် ကြည့်ရှုနေခဲ့ကြလေသည်။

အထူးသဖြင့် ဘိုးဘွား နဂါး အသိုက် သတ္တဝါများ...

ယခင်က ဘိုးဘွားနဂါးသိုက်ကို ကျွင်းမိသားစုက
ဖိနှိပ်ခဲ့၍ မျက်နှာပျက်ခဲ့ကြရသည်။

ယခုမူ မင်းသမီးလုံကျိုက ဘိုးဘေးနဂါးသိုက်အတွက်
မျက်နှာပြန်ယူပေးခဲ့ပြီ။

"ဒီမင်းသမီး မွေးဖွားလာခဲ့မှတော့
အင်မော်တယ်နယ်မြေကြီးအတွက် တိုက်ခိုက်မယ်။
ပြိုင်ဘက်အားလုံးကို အလျားလိုက်တွန်းထုတ်ပြီး
ကေရာဇ်လမ်းကို သက်သေပြမယ်"

မင်းသမီးလုံကျိုက အောင်မြင်သောအသံဖြင့်
ပြောလိုက်သည်။

သူမက ရှေးဘုရင်မတစ်ပါးကဲ့သို့
ဘုန်းတန်ခိုးအာနုဘော်ကို ထုတ်ဖော်လျက်ရှိ၏။

တောက်ရှန်တောင်သို့ ရောက်နေကြသူအားလုံး
မင်းသမီလုံကျိ၏စကားကြောင့်
တုန်လှုပ်သွားကြသည်။

ဤသည်မှာ ရှေးဟောင်းလူထူးဆန်း၏
အရှိန်အဝါပဲလား။

ခေတ်ပြိုင်ပါရမီရှင်အများစု၏ စိတ်ထဲတွင်
စိတ်ပျက်အားငယ်သွားကြသည်။

ဤရွေးကောက်လှူခွန်း ရှိနေမှတော့ သူတို့ဟာ
အရှေ့ကို ဘယ်လိုလုပ်ပြီး ရောက်နိုင်တော့မည်နည်း။

သို့ဆိုလျှင် ထာဝစဉ် အရှုံးပေးရမှာလား။

"သေစမ်း"

ကျွင်းမိသားစုဘက်မှာတော့ လူတိုင်းက
ဒေါသထွက်သွားခဲ့ကြသည်။

မင်းသမီးလုံကျိ၏ စကားများက သူ့ဂုဏ်သိက္ခာကို
အားကောင်းစေရုံသာမကဘဲ ကျွင်းမိသားစုပါ

နှိမ့်ချမြင်သည့် မာနထောင်လွှားမှုမျိုးလည်း ရှိသည်။

မင်းသမီးလုံကျိုက စိတ်အားတက်ကြွပြီး
သူရဲကောင်းဆန်နေသည့်အချိန်...

လူတိုင်း၏နားထဲတွင် ထူးခြားမှုမရှိသော အသံတစ်ခု
ရုတ်တရက် ထွက်ပေါ်လာသည်။

"ဘယ်သူက ပြုင်ဘက်ကင်းလဲ၊ ဘယ်သူ့ကို
ပြုင်ဘက်ကင်းလို့ ခေါ်တာလဲ"

"ငါကလွဲရင် ဘယ်သူက ဘုရင်နဲ့ သခင်ဖြစ်ဝံ့မှာလဲ"

ဤလျစ်လျူရှုပြီး လွှမ်းမိုးချုပ်ကိုင်နိုင်စွမ်းရှိသော
အသံနှင့်အတူ...

ကောင်းကင်ကို ဖုံးအုပ်ထားသည့်
ရောမလက်ကြီးတစ်ဖက်က အဆုံးမဲ့ ကောင်းကင်ယံမှ
ကျဆင်းလာသည်ကို လူတိုင်း မြင်တွေ့ခဲ့ရသည်။

ဤသည်မှာ ဝိညာဉ်အားလုံးကို ဖယ်ရှား၍
အရာခပ်သိမ်းကို ဖျက်ဆီးလိုသော နတ်ဘုရားထံမှ
စီရင်ချက်တစ်ခု ဖြစ်ပုံရသည်။

“အဲဒါ...”

လူတိုင်း ထိတ်လန့်တုန်လှုပ်သွား၏။

နတ်ဘုရား၏လက်ကဲ့သို့ ကောင်းကင်ကို
ဖုံးလွှမ်းထားသည့် အဆုံးမဲ့လက်ဝါးကြီးဟာ
မင်းသမီးလုံကျိုကို ပြင်းပြင်းထန်ထန်
ဖိချလာတော့သည်။

"ဘယ်သူလဲ"

မင်းသမီးလုံကျိုက မျက်ခုံးပင့်ပြီး
ကျောက်စိမ်းကဲ့သို့လက်ကို မြှောက်လိုက်သည်။
သူ့ထံမှ နတ်ဘုရားစွမ်းအားများ ထွက်ပေါ်လာကာ
လက်ဝါးကြီးကို တွန်းလှန်လိုက်၏။

သို့သော်လည်း ထိပ်တိုက်တွေ့လိုက်သည်နှင့်
တပြိုင်နက် အလွန်ကြောက်စရာကောင်းသော
အင်အားများဟာ တလိမ့်လိမ့် တိုးဝင်လာတော့သည်။

မင်းသမီးလုံကျို၏ တည်ငြိမ်သော
မျက်နှာအမူအရာသည်လည်း နောက်ဆုံးတွင်
လုံးဝပြောင်းလဲသွားခဲ့သည်။

"ဝုန်း"

မင်းသမီးလုံကျိ၏ ခန္ဓာကိုယ်ကတုန်ခါသွားကာ အနောက်ကို ခြေလှမ်းရာချီ၍ ဆုတ်ခွာသွားရသည်။ သူ့ရင်ဘက်တွင် ချီနှင့် သွေးများက ဆူပွက်သွား၍ တကိုယ်လုံးလည်း အနည်းငယ် တုန်ရီသွား၏။

အနီးနားရှိ တောင်ထွတ်များလည်း ပြိုကျသွားကာ ကျောက်တုံးကြီးများ ပြုတ်ကျလာတော့သည်။

ဤမြင်ကွင်းက လူတိုင်းကို ထိတ်လန့်စေသည်။

မည်သူမျှ မတုံ့ပြန်နိုင်တော့ပါ။

တစ်ချက်တည်းဖြင့် မင်းသမီးလုံကျိကို နောက်ပြန်ဆုတ်သွားကာ ရှက်စရာအခြေအနေ ဖြစ်စေခဲ့သည်။

ဤမြင်ကွင်းက လူများကို
သတိပြန်မဝင်နိုင်တော့အောင်
အကျူးသက်ရောက်စေပေသည်။

လူတိုင်း၏ တုန်လှုပ်ခြောက်ခြားနေသော
မျက်လုံးများအောက်တွင် အဖြူရောင်ဝတ်
လူရိပ်တစ်ခုက ကောင်းကင်ထက်မှ
ထွက်ပေါ်လာသည်။

ၦင်းက ကမ္ဘာပေါ်မှ ပုရွက်ဆိတ်များကို
အပေါ်စီးမှကြည့်နေသော
ကောင်းကင်နတ်ဘုရားကဲ့သို့ပင်...

အခန်း (၂၈၂) ငါးသလဲတိုးမလေးကများ၊
ဘယ်သူက အရည်အချင်းတွေ ပေးထားခဲ့တာလဲ။

ဤပုံရိပ်သည် သေမျိုးတို့နှင့် ဝေးကွာလွန်းပြီး
မြင့်မြတ်လွန်းလှသည်။

အင်မော်တယ်အငွေ့အသက်များက ဝန်းရံနေပြီး
မသေမျိုးတို့ကမ္ဘာကဲ့သို့ အရှိန်အဝါမျိုးလည်း
ရှိပေသည်။

အကြည့်များ ဆုံသွားပြီးနောက်
အားလုံး၏မျက်လုံးတွင် မကြုံစဖူး
တုန်လှုပ်ခြင်းတစ်ခု ရှိလာကြ၏။

ကျွင်းမိသားစုဝင်တချို့ကတော့ ထိုအသံကို
ကြားရသည်နှင့် စိတ်လှုပ်ရှားသွားတော့သည်။

"ဒါ... ဖြစ်နိုင်မလား..."

"ဟုတ်တယ်... သူပြန်လာပြီ"

ကျွင်းမိသားစုမှ လူငယ်အားလုံး မျက်လုံးများ
အနည်းငယ်နီလာကာ ရင်တဒိတ်ဒိတ်ခုန်လာကြသည်။

မင်းသမီးလုံကျိုကို မည်သူက ချေမှုန်းနိုင်မည်နည်း။

ထိုသူသည်ကား တစ်ယောက်သာ ရှိသည်။

"နင်က..."

မင်းသမီးလုံကျို၏ ရင်အစုံက နိမ့်ချည်မြင့်ချည်
လှုပ်ရှားလာပြီး အလွန်လည်း

စိတ်မသက်မသာဖြစ်သွားသည်။

မင်းသမီးလုံကျိုခမျာ အောင်ပွဲခံပြီး
စကားလုံးနှစ်လုံးသာ ပြောခဲ့ရသေးသည်။

ရလဒ်အနေဖြင့် နောက်အခိုက်တွင်
တုန်လှုပ်ခြောက်ခြားစွာဖြင့် ထုံကျဉ်ခြင်းကို
ခံစားခဲ့ရသည်။

ဤအပြောင်းအလဲက လူတိုင်းကို စိတ်ရှုပ်ထွေးပြီး
လက်မခံနိုင် ဖြစ်စေနိုင်သည်။

"မင်းက ဒီနတ်ဘုရားသားတော်နဲ့ အမြဲတမ်း
တိုက်ခိုက်ချင်ခဲ့တာ မဟုတ်ဘူးလား၊ ဒါဆို မင်းဆန္ဒကို
ဖြည့်ဆည်းပေးမယ်"

အဖြူရောင် အခိုးအငွေ့များ

ပျောက်ကွယ်သွားသည်နှင့်အမျှ
အဖြူရောင်အဝတ်အစားများဝတ်ဆင်ထားသည့်
လူရိုပ်တစ်ခုသည် လူတိုင်း၏မျက်လုံးထဲတွင်
ပေါ်လာသည်။

မြင့်မြတ်သောကိုယ်ဟန်အနေအထား၊ ဖြူစင်သော
အသားရေနှင့် ချောမော်နှံ့ညားသော လူငယ်လေး...

"နတ်ဘုရားသားတော်၊ အဲဒါ
နတ်ဘုရားသားတော်ပဲ..."

ကျွင်းမိသားစုဘက်တွင် ကျွင်းမိသားစုမှ
လူငယ်အားလုံး အံ့အားသင့်စွာ
အော်ဟစ်လိုက်ကြသည်။ ၎င်းတို့အားလုံး
ဖော်မပြနိုင်အောင် စိတ်လှုပ်ရှားသွား၏။

၎င်းတို့သည် အစောပိုင်းက မည်မျှ ရင်ခံနေရသည်ကို

ဘုရားမှသာ သိတော့မည်။ ၎င်းတို့ကို
ရှေးဟောင်းတော်ဝင်မိသားစုများနှင့်
ကြွေလွင့်နတ်ဘုရားနန်းတော်ကဲ့သို့ ရန်ဘက်
အင်အားစုများ၏ လှောင်ပြောင်ခြင်းကို
ခံခဲ့ကြရသည်။

၎င်းတို့အနေဖြင့် ကျွင်းမိသားစုဖြစ်ပြီး
အရှက်ရနေခြင်းကို လက်မခံနိုင်ပေ။ ယခုမူ
သူတို့ကျောရိုးဖြစ်သည့် ကျွင်းမိသားစု၏
နတ်ဘုရားသားတော်၊ စီကွမ်သုညသည်
နောက်ဆုံးမှာတော့ ပြန်လည်ရောက်ရှိလာပြီဖြစ်သည်။

"သခင်လေး"

ကျွင်းကျန်းကျန်၊ ကျွင်းဝမ်ကျဲနှင့် အခြားသူများလည်း
စိတ်လှုပ်ရှားမှုများကို ပြသလာခဲ့ကြလေသည်။

ကျွင်းလင်းလုံနှင့် ကျွင်းရွယ်ဟွမ်လည်း
စိတ်လှုပ်ရှားပြီး တောင့်တလာကြသည်။

ကျွင်းတောက်လင်၊ ကျွင်းရှီယုနှင့် ကျွင်းလုံခန်း၏
နောက်လိုက်သူများပင် ပါသည်။

ယခုအချိန်တွင် ကျွင်းရောင်ယောက်
ရောက်ရှိလာသည်ကို မြင်လိုက်ရခြင်းက
ၶင်းတူမျက်လုံးထမှ မျှော်လင့်ချက်
အလင်းရောင်တစ်ခုကဲ့သို့ပင်။

ယခုအချိန်တွင် ဒီရေကိုတားမြစ်ရန်
အရည်အချင်းပြည့်မီသူက ကျွင်းရောင်ယောက်ပင်
ဖြစ်သည်။

"နောက်ဆုံးတော့ စီကွမ်သုည ငါတွေ့ပြီ"

ကျွင်းဝူရှန့်က ပြိုးလိုက်ပြီး တစ်ချိန်တည်းမှာပင်
အနည်းငယ် အံ့ဩသွားသည်။

ကျွင်းရှောင်ယောက်၏ မိသားစုတွင်းမှ
ဂုဏ်သိက္ခာသည် ဤအဆင့်သို့
ရောက်ရှိသွားပါသလား။

"ဒါက တကယ်ကို နှူးညံ့တယ်၊ လတ်ဆတ်ပြီး
အရသာရှိနိုင်တယ်"

ကျွင်းမူလန်ကလည်း ပြိုးလိုက်သည်။

ကျွင်းဝူရှန့်က ကျွင်းမူလန်ကို တစ်ချက်ကြည့်လိုက်၏။

နင်ဘာဖြစ်တာလဲ။

"ဟားဟားဟား၊ ငါ့မြေး ပြန်လာပြီ"

ကျွင်းကျန်းထျန်းက အားပါးတရပြုံးပြီး
ကောင်းကင်ကိုမော့ကြည့်ကာ
သက်ပြင်းကိုချလိုက်သည်။

ဒယ်အိုးဖင်ကဲ့သို့ မည်းမှောင်နေသော မျက်နှာများဖြင့်
အခြားမျိုးနွယ်စုကြီးများ၏ မျက်နှာများသည်လည်း
ဂန္ဓမာပန်းကဲ့သို့ အပြုံးများ
ပြန်လည်ထွက်ပေါ်လာတော့သည်။

ရှင်းရှင်းပြောရရင် ၎င်းတို့က ကျွင်းရှောင်ယောက်ကို
အလွန်ယုံကြည်မှုရှိသည်။

"ရှောင်ယောက်..."

ကျန်းမိသားစုဘက်မှာလည်း ကျန်းစန်းယီဟာ
မတွေ့ရတာကြာပြီဖြစ်သည့် သူတစ်ယောက်ကို

တွေ့လိုက်သောအခါ အနည်းငယ်တုန်လှုပ်သွားသည်။

ယခုအချိန်တွင် ကျွင်းရှောင်ယောက်၏ မာနကြီးသော
အမူအရာက အမှန်ပင် ဆွဲဆောင်မှုအပြည့် ရှိပေသည်။

ကျွင်းရှောင်ယောက် ရောက်ရှိလာသည်ကို
မြင်သောအခါ ဝူမင်ယွဲ့လည်း ရင်ခုန်သံမြန်လာပြီး
မျက်လုံးများတွင်လည်း စိတ်လှုပ်ရှားမှုများ
လှုစပ်လာသည်။

"ဟုတ်တယ်ဟ၊ ကျွင်းမိသားစုရဲ့
နတ်ဘုရားသားတော်... သူပြန်လာပြီလား"

"ဒါက စိတ်ဝင်စားစရာပဲ၊ နတ်ဘုရားသားတော်
ပြန်ရောက်လာပြီဆိုတော့ သူ့ကို ဘယ်သူမှ
တားလို့မရတော့ဘူး"

"ကျွင်းမိသားစုက နတ်ဘုရားသားတော်ရဲ့
အရှိန်အဝါကို ခင်ဗျား သတိထားမိလား"

"ဘယ်လိုဖြစ်နိုင်မှာလဲ၊ သူက တုန်ထျန်းနယ်ပယ်ကို
တကယ်ရောက်နေပြီလား"

ကျွင်းရှောင်ယောက်ကို မြင်ရသောအခါ
တောင်တစ်ခွင်ရှိ လူသူအားလုံး
ရုတ်ရုတ်သဲသဲဖြစ်သွားသည်။

မင်းသမီးလုံကျိ၏ မူလပြိုင်ဘက်ကလည်း
ကျွင်းရှောင်ယောက်သာ ဖြစ်သည်။

ကျွင်းရှောင်ယောက် ပြန်မလာနိုင်လို့သာ

ကျွင်းလုံခန်းက အစားဝင်ပေးခဲ့ခြင်း ဖြစ်ချေသည်။

ယခုအခါ ကျွင်းရှောင်ယောက် ပေါ်လာခြင်းနှင့်
သူ၏အရှိန်အဝါက မရေမတွက်နိုင်သော လူများကို
တုန်လှုပ်စေခဲ့သည်။

"တကယ်ပဲ တုန်ထျန်းဘုရင်လား၊ ဒါက
ဘယ်လိုဖြစ်နိုင်မှာလဲ"

"ဟုတ်တယ်၊ အချိန်က ဘယ်လောက်ကြာသေးလို့လဲ။
သူ အောက်ကမ္ဘာကိုသွားတော့
ပေါင်းစည်းခြင်းနယ်ပယ်ပဲ ရှိနေသေးတာ
မဟုတ်လား"

"ဒီအချိန်တိုလေးအတွင်းမှာ၊ ကျွင်းမိသားစုရဲ့
နတ်ဘုရားသားတော်က နယ်ပယ်ကြီးသုံးခုကို

တစ်ခုပြီးတစ်ခု ဖြတ်ကျော်သွားခဲ့ပြီ။ ဘုရား...
ဘုရား"

လူငယ်ပါရမီရှင်များ မပြောနှင့်၊
မျိုးဆက်ဟောင်းများပင်လျှင်
အလွန်အံ့အားသင့်သွားခဲ့ကြသည်။

ဤအောင်မြင်မှုအရှိန်က အနည်းငယ်
ကြောက်စရာကောင်းသည်။

"ကျွင်း... ရှောင်... ယောက်"

ကျွင်းရှောင်ယောက်၏ ထွက်ပေါ်လာခြင်းကို
မြင်ရသောအခါ ရှောင်ချန်း၏ မျက်လုံးများက
သွေးကဲ့သို့ နီရဲသွားခဲ့သည်။

သို့သော်လည်း ယခုအချိန်တွင် ကျွင်းရှောင်ယောက်၏

ခန္ဓာကိုယ်မှ ထွက်ပေါ်လာသော အရှိန်အဝါက
သူ့စိတ်ဝိညာဉ်ကို တုန်လှုပ်စေပေသည်။

ယခုအခါ ကျွင်းရှောင်ယောက်နှင့် သူ့ကြားမှာ
ဖြည့်စွတ်မရသော ကွာဟချက်တစ်ခု ရှိလာပုံရသည်။

ကျွင်းရှောင်ယောက်က သူ့ကိုသတ်လိုလျှင်
လက်တစ်ချောင်းပင် လှုပ်ရှားစရာလိုမည်ဟု
မထင်ပေ။

ထိုအချိန်တွင် ကျန်းလော့လီ၊ ရီယုနှင့် အခြားသူများ
ထပ်မံရောက်လာသည်။

ကျွင်းရှောင်ယောက်ဟာ အင်မော်တယ်နယ်မြေကြီးသို့
ပြန်ရောက်သည်နှင့်တပြိုင်နက် မင်းသမီးလုံကျိနှင့်
ကျွင်းလုံခန်း၏တိုက်ပွဲသတင်းကို ကြားလိုက်ရသည်။

ထို့ကြောင့် ၎င်းတို့ဟာ တည်နေရာရွှေ့ပြောင်းခြင်း
အစီရင်များဖြင့် ချက်ချင်း လိုက်လာကြခြင်း
ဖြစ်ချေသည်။

ဤအခိုက်တွင် အဓိကလူ ကျွင်းရှောင်ယောက်
ရောက်ရှိလာခြင်းက တိုက်ပွဲတစ်ခုလုံးကို
နောက်တစ်ဆင့်သို့ တွန်းပို့ခဲ့ကြောင်း ထင်ရှားသည်။

နောက်ဆုံးမှာတော့ မင်းသမီးလုံကျိ၏
ရည်မှန်းချက်မှာ ကျွင်းရှောင်ယောက်ပင်
မဟုတ်ပါလား။

ကျွင်းရှောင်ယောက်က ဒဏ်ရာရနေသော
ကျွင်းလုံခန်းကို တစ်ချက်ကြည့်ကာ ပြောလိုက်သည်။

"ဝမ်းကွဲအစ်ကို ပင်ပန်းသွားခဲ့ပြီ"

"ဝမ်းကွဲညီ..."

ကျွင်းလုံခန်းလည်း ပြုံးကာ
ခေါင်းခါယမ်းလိုက်လေသည်။
သူ့မျက်လုံးများတွင်ကား စိတ်မကောင်းမှု
အရိပ်အယောင်များ ရှိနေသည်။

ကျွင်းရှောင်ယောက်၏ နယ်ပယ်က သူ့ကို
သာလွန်သွားပြီဟုလည်း ခံစားနေခဲ့ရပေသည်။

'တကယ်ကို ဘီလူးတစ်ကောင်ပဲ၊ အားကျိုးရဲ့
ရွေးချယ်မှုကို ငါနားလည်ပါပြီ'
ကျွင်းလုံခန်းလည်း သူ့နှလုံးသားမှ
သက်ပြင်းချလိုက်သည်။

ဒီစွဲလမ်းမှုကိုလည်း စွန့်လွှတ်သင့်တယ်လို့

သူခံစားရတယ်။

တစ်ဖက်တွင် သူ့ကိုအလေးအထားလဲ
စကားပြောနေသော ကျွင်းရှောင်ယောက်ကိုကြည့်ကာ
မင်းသမီးလုံကျိ၏ မျက်နှာက အနည်းငယ်
အေးစက်သွားသည်။

"ကျွင်းမိသားစုရဲ့ ဂုဏ်သိက္ခာရှိတဲ့
နတဘုရားသားတော်ကလည်း
ခိုးဝင်တိုက်ခိုက်တာပဲလား"

မင်းသမီးလုံကျိက အေးစက်စက် ပြောလိုက်၏။

ထိုမှသာလျှင် ကျွင်းရှောင်ယောက်က
မင်းသမီးလုံကျိကို ဂရုမစိုက်သော အမူအရာဖြင့်
လှည့်ကြည့်လိုက်သည်။

"ငါးသလဲတိုးမလေးကများ၊ ကောင်လမ်းကို

တွန်းသွားဖို့ ပြောရအောင်... မင်းကိုဘယ်သူက အရည်အချင်းတွေပေးထားတာလဲ"

ကျွင်းရှောင်ယောက်၏ စကားဆုံးသည်နှင့် တောင်တစ်ခုလုံး တိတ်ဆိတ်သွားတယ်။

လူတိုင်း၏အမူအရာများသည်လည်း အေးခဲသွားပုံရ၏။

မင်းသမီးလုံကျို၏စကားက အနည်းငယ် စူးရှသည်။

သို့ရာတွင် ကျွင်းရှောင်ယောက်၏ စကားများကတော့ ဖြောင့်ကျက် ရှုတ်ချခြင်းသာ ဖြစ်တော့သည်။

"ငါ... ငါနားကြား မမှားဘူးမဟုတ်လား၊

ငါးသလဲတိုးမလေး... ဒါက မင်းသမီးလုံကျိုကို
ဖော်ပြစရာလား"

ပါရမီရှင်တစ်ဦးက အထစ်ထစ်ငေါ့ငေါ့ဖြင့်
ပြောလိုက်သည်။

"ဖြစ်နိုင်ပါတယ်"

လူတိုင်း အနည်းငယ် မှင်တက်သွားပြီး
ထိတ်လန့်သွားခဲ့ကြလေသည်။

မင်းသမီးလုံကျိသည် အလွန်လှပပြီး ပြေပြစ်ကာ
မြင့်မြတ်သော အသွင်မျိုး ရှိသည်။

လူသားကျင့်ကြံသူများပင်လျှင် မင်းသမီးလုံကျိ၏
ဆွဲဆောင်မှုကို ခံခဲ့ကြရပါသေးသည်။

ယခုမူ ကျွင်းရှောင်ယောက်က မင်းသမီးလုံကျိုကို ငါးသလဲတိုးမများနှင့် နှိုင်းယှဉ်ခဲ့၍ အံ့သြစရာ ကောင်းလှသည်။

ဘိုးဘွားနဂါးသိုက်ရှိ သတ္တဝါတစ်စုမှာလည်း ဒေါသတကြီး ဖြစ်သွားခဲ့ကြသည်။

"နင်ဘာပြောလိုက်တာလဲ"

မင်းသမီးလုံကျိ ကိုယ်တိုင်တောင် သူ့နားကို မယုံနိုင်ခဲ့ပေ။

သူမသည် အလွန်လှပပြီး ကျက်သရေရှိလှသူ ဖြစ်သည်။

ရှေးခေတ်မှ ယခုချိန်ထိ ကျော်ကြားလှသော ပါရမီရှင်များသည်ပင် သူမရှေ့တွင် ဒူးထောက်လိုစိတ်

ရှိခဲ့ကြပေသည်။

သို့သော်လည်း ယခုအခါ ထိုသို့သော ကဲ့ရဲ့
ရွဲတ်ချခြင်းကို ခံနေခဲ့ရပြီ ဖြစ်သည်။

"ဝုန်း"

မင်းသမီးလုံကျိ၏ နှလုံးသားက
မငြိမ်သက်နိုင်တော့ဘဲ အရှိန်အဝါများ
ပေါက်ကွဲထွက်ပေါ်လာသည်။

သူမအနေဖြင့်
ကျွင်းမိသားစု၏နတ်ဘုရားသားတော်ကို
သင်ခန်းစာကောင်းကောင်းပေးရန်
မစောင့်နိုင်တော့ပေ။

ထိုအချိန်တွင် ဖြူဖြူဖျော့ဖျော့ရော် အသားအရည်နှင့်

ခန့်ညားသော ရွှေရောင်ဝတ် လူငယ်တစ်ယောက်
ထွက်လာကာ ကျွင်းရှောင်ယောက်ကို အနည်းငယ်
ဦးညွှတ်လိုက်သည်။

"သခင်၊ ဝမ့်ချွမ်က နောက်ဆုံးတော့
တခြားရှေးဟောင်းလူထူးဆန်းတစ်ဦးကို မြင်နေရပြီမို့
အရင်လူပ်ရှားခွင့်ပြုနိုင်မလား"

ထိုလူငယ်က ဝမ့်ချွမ် ဖြစ်သည်။

"ကောင်းပြီ"

ကျွင်းရှောင်ယောက်က ပေါ့ပေါ့ပါးပါး
ခေါင်းညိတ်လိုက်၏။

မည်သို့ဆိုစေ၊ သူက မင်းသမီးလုံကျိုကို
မျက်လုံးထဲပင် မထည့်ပေ။

ရုတ်တရက် ထွက်လာသော ထိုလူငယ်ကို
မြင်ရသောအခါ လူအများက
သံသယဖြစ်သွားကြသည်။

ဘယ်လိုဖြစ်တာလဲ။

ကျွင်းရှောင်ယောက်က မင်းသမီးလုံကိုကြောက်ပြီး
သူ့လက်အောက်ငယ်သားများကို စေလွှတ်နေသလော။

"သူက ဘယ်သူလဲ"

"ကျွင်းရှောင်ယောကရဲ့ ဒုလက်အောက်ငယ်သားက
ဘာလဲ၊ သူက မင်းသမီးလုံကျိကို ရင်ဆိုင်ဝံ့တာလား"

တချို့ကလည်း ပြောဆိုလိုက်ကြသည်။

ထိုအချိန်တွင် အင်အားကြီးမားသော
အင်အားစုတစ်ခုမှ လူတစ်ယောက်သည်
ဝမ်ချမ်ကိုမြင်သောအခါ မျက်လုံးများ အနည်းငယ်
ပြူးကျယ်သွားသည်။

"ခက်တယ်...ဖြစ်နိုင်မလား...သူက"

"ဒီက စီနီယာက သူဘယ်သူလဲ သိလို့လား"

"သူက ဆမ်ဆာရာနတ်ဆိုးဂိုဏ်းရဲ့ အသန်မာဆုံး
မြင့်မြတ်သားတော်... ဝမ်ချမ် ဖြစ်ပုံရတယ်"

အခန်း (၂၈၃) ရှေးဟောင်းလူထူးဆန်းများ၏ တိုက်ပွဲ။

"ဘာ... ဆမ်ဆာရာနတ်ဆိုးဂိုဏ်းရဲ့ မြင့်မြတ်သားတော်၊ ဝမ့်ချမ်လား"

"ဆမ်ဆာရာနတ်ဆိုးဂိုဏ်း၊ ဒါက လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက တည်ရှိခဲ့တဲ့ အင်မော်တယ်ဂိုဏ်းပဲ။ ဒါပေမဲ့ သူတို့က အချိန်မြစ်နဲ့ သမိုင်းမှာ ပျောက်ကွယ်သွားခဲ့ပြီ မဟုတ်လား"

"မဟုတ်သေးဘူး၊ ဒါက ဘာအဓိပ္ပာယ်လဲ။ ဒီဝမ့်ချမ်က ရှေးဟောင်းလူထူးဆန်းလား"

သတင်း ပြန့်သွားသည်နှင့် အားလုံးမှာ အနည်းငယ် မှင်တက်သွားကြသည်။

ဆမ်ဆာရာနတ်ဆိုးဂိုဏ်းက အလွန်ပင်
နာမည်ကြီးသော အင်မော်တယ်ဂိုဏ်းဖြစ်ရာ
အတော်များများက ကြားဖူးကြပေသည်။

နောက်ပိုင်းတွင် ၎င်းက တားမြစ်နယ်မြေကို ရန်စခဲ့မိ၍
နောက်ဆုံးမှာ နှစ်များအတွင်း
ပျက်စီးပျောက်ကွယ်သွားခဲ့ရခြင်း ဖြစ်သည်။

ယခုလည်း ဝမ့်ချမ်ကို မှတ်မိခဲ့ကြသူများ ရှိပေသည်။

တကယ်လည်း ထိုခေတ်၏ ပါရမီရှင်များကြားတွင်
ထိပ်တန်းမှ ရပ်တည်ခဲ့သော
ဆမ်ဆာရာနတ်ဆိုးဂိုဏ်း၏ ပါရမီရှင်တစ်ဦး
ရှိခဲ့ဖူးသည်။

လူအတော်များများက ရှေ့မှ လူငယ်လေးကို အသန်မာဆုံး မြင့်မြတ်သားတော်နှင့် မည်သို့မျှ တွဲဟပ်မကြည့်နိုင်ပေ။

ဝမ့်ချမ်က ရှေ့ကို ခြေတစ်ချက်လှမ်းလိုက်သည်။ သူ့မျက်လုံးများတွင်လည်းဉာဏ အလင်းတစ်ခု လင်းလက်လာ၏။

ယခုအခါ သူလုပ်ဆောင်လိုရသည့် အကြောင်းရင်းက သူ၏ကြိုးစားမှုကို ပြသကာ ကျွင်းရှောင်ယောက်ထံမှ အမြင်ကောင်းရရန် ဖြစ်သည်။

အနည်းဆုံးတော့ အနာဂတ်တွင် ကျွင်းရှောင်ယောက်၏ လက်ထက်မှာ သူ့အဖို့ အနေအစား ပိုအဆင်ပြေလာလိမ့်မည်။

ကျွင်းရှောင်ယောက်က သူ့ကို ယုံကြည်လာလျှင်
ကျွင်းမိသားစုကလည်း သူ့ကို
ပြုစုပျိုးထောင်ပေးလာမည် ဖြစ်သည်။

ဤအကြောင်းကိုတွေးကြည့်ရလျှင် ဒုက္ခမဖြစ်ဘဲ
အကျိုးအမြတ်ပင် ရရှိလာခဲ့မည် ဖြစ်သည်။

ဝမ့်ချမ်၏ ခန္ဓာကိုယ်မှ တုန်ထျန်းနယ်ပယ်
အရှိန်အဝါများ ထွက်ပေါ်လာသည်။

တစ်ချိန်တည်းမှာပင် ပြန်လည်ဝင်စားခြင်း
စွမ်းအားကလည်း နယ်ပယ်လေးခုကို လွှမ်းခြုံသွား၏။

"အဲဒီစွမ်းအားက ပြန်လည်ဝင်စားခြင်း စွမ်းအားပဲ"

"ဒါက ဆမ်ဆာရာမြင့်မြတ် ခန္ဓာဟာ၊ ဒီလူငယ်က တကယ့်ကို ရှေးဟောင်း ဆမ်ဆာရာနတ်ဆိုးဂိုဏ်းရဲ့ ရှေးဟောင်းလူထူးဆန်းပဲ"

ဝမ့်ချမ်ထံမှ ဆမ်ဆာရာမြင့်မြတ်ခန္ဓာ
ထွက်ပေါ်လာသောအခါမှာတော့
သူ၏အထောက်အထားကို
လုံးဝအတည်ပြုခဲ့တော့သည်။

သူက ဆမ်ဆာရာနတ်ဆိုးဂိုဏ်း၏
ရှေးဟောင်းလူထူးဆန်းဆိုတာ သေချာနေခဲ့ပြီ။ သူက ဤခေတ်ရောက်မှ တံဆိပ်ကို ချိုးဖျက်ခဲ့ကြောင်း ထင်ရှားသည်။

ထို့နောက်တွင် လူတိုင်းက အလွန်ထိတ်လန့်စေသော အရာတစ်ခုကို တွေးလိုက်မိကြသည်။

ဝမ်းချမ်းက ကျင်းရောင်ယောက်ကို သခင်လေးဟု
ခေါ်ဆိုခဲ့၏။

"ကျင်းမိသားစုရဲ့ နတ်ဘုရားသားတော်က
ရှေးဟောင်းလူထူးဆန်းကို အနိုင်ယူခဲ့တာပဲလား"

"မဖြစ်နိုင်တာ၊ ရှေးဟောင်းလူထူးဆန်းတွေက
ဒီလောက်ထိ မာနကြီးတာ၊ ဘယ်လိုလုပ်ပြီး
တခြားသူတွေကို ဦးညွတ်မှာလဲ"

ယင်းကိုတွေးမိသောအခါ လူအများက
အံ့သြသွားခဲ့ကြသည်။

ခေတ်ပြိုင်ပါရမီရှင်များအတွက်
ရှေးဟောင်းလူထူးဆန်းကို ဖိနှိပ်ခဲ့လျှင်ပင်

သင့်မြတ်သေးသည် မဟုတ်ပါလား။

"သခင်လေး နတ်ဘုရားသားတော်က
ရှေးဟောင်းလူထူးဆန်းကိုတောင် အမှန်တကယ်
ဦးညွတ်စေခဲ့တာပဲ"

ကျွင်းမိသားစုမှ လူငယ်များလည်း
ထိုစကားကိုကြားသောအခါ စိတ်လှုပ်ရှားမှုဖြင့်
သွေးများပင် ဆူပွက်လာခဲ့ကြသည်။

ရှေးဟောင်းလူထူးဆန်းကို မည်သူကများ
အနိုင်ယူနိုင်သနည်း။

ကျွင်းရှောင်ယောက်သာ လုပ်နိုင်သည်။

"ဘာ၊ နင်က သူ့ကို အညံ့ခံခဲ့တာလား"

မင်းသမီးလုံကျိုလည်း အံ့အားသင့်မှု
အရိပ်အမြွက်များကို ဖုံးကွယ် မရတော့ပါ။

သူက အင်မော်တယ်နယ်မြေကြီးတွင် တံဆိပ်ကို
ချိုးဖြတ်လာသည့် ပထမဆုံး ရှေးဟောင်းလူထူးဆန်း
ဖြစ်သည်။

အခြားရှေးဟောင်း လူထူးဆန်းများ သို့မဟုတ်
ကောရာဇ အမျိုးအနွယ်များ မရှိလျှင်...
မင်းသမီးလုံကျို၏ပြိုင်ဘက်က ရှာတွေ့နိုင်ရန်
ခက်ခဲသည်။

ယခုမူ၊ သူမကဲ့သို့ မရေမတွက်နိုင်သော ခေတ်များမှ
နှုံးထလာခဲ့သည့် ရှေးဟောင်းလူထူးဆန်းတစ်ယောက်
ရှိလာခဲ့ချေပြီ။

အရေးကြီးဆုံးအချက်က
ဤရှေးဟောင်းလူထူးဆန်းဟာ ကျွင်းရှောင်ယောက်ကို
အညံ့ခံရန် အမှန်တကယ် ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။

ဤသည်က ရိုးရှင်းစွာပင် စိတ်ကူးယဉ်မရတော့ဘဲ
မင်းသမီးလုံကျိုကို အမြင်ကျယ်သွားစေခဲ့သည်။

ဝမ့်ချမ်က အေးစက်စက်ဖြင့် နှာခေါင်းရှုံ့ပြီး
ပြောလိုက်သည်။

"သခင်လေးရဲ့ခွန်အားက မင်း စိတ်ကူးကြည့်လို့တောင်
မရဘူး၊ တကယ်ကို ရေတွင်းအောက်ခြေက
ဖားအုပ်စုပဲ"

ဝမ့်ချမ်၏အမြင်တွင်...

ကျွင်းရှောင်ယောက်ကမှ ရှေးဟောင်းလူထူးဆန်း

ဖြစ်သည်။

အခြားရှေးဟောင်းလူထူးဆန်းများကို မဆိုထားဘိ၊
မဟာကောရာဇ်၏ သားမြေးများ
အသက်ရှင်နေသေးလျှင်ပင်
ကျွင်းရှောင်ယောက်၏ပြိုင်ဘက် မဖြစ်တန်ရာပေ။

ကျွင်းရှောင်ယောက်၏ခွန်အားက သာမာန်ရှေးဟောင်း
လူထူးဆန်းများ ကုငတွယနှုငသည့်အရာ
မဟုတ်တော့ပါချေ။

"ရှက်စရာကောင်းလိုက်တာ"

မင်းသမီးလုံကျိ၏ မျက်လုံးများက
အေးစက်သွားသည်။

သူမနှင့် ဝမ့်ချမ်က တူညီသော အင်အားစုများမှ

မဟုတ်ပေ။

သို့သော်လည်း အနည်းဆုံးတော့ သူတို့အားလုံးဟာ
ရှေးဟောင်းလူထူးဆန်းများ ဖြစ်သည်။

ဝမ်ချမ်၏ လူပ်ရှားမှုက ကမ္ဘာ့အမြင်တွင်
ရှေးဟောင်းလူထူးဆန်းများ၏
အဆင့်အတန်းမြင့်မားမှုကို သံသယဝင်စေခဲ့သည်။

"အပိုတွေမပြောနဲ့၊ သခင်လေးနဲ့ ယှဉ်ချင်ရင် ငါ့ကို
အရင်မေးရမယ်"

ဝမ်ချမ်က ဆမ်ဆာရာစွမ်းအားများဖြင့်
စတင်တိုက်ခိုက်လိုက်သည်။

ဤမတိုင်မီက ဝမ်ချမ်ဟာ အနည်းငယ်

အားနည်းသည်ဟု ခံစားခဲ့ရသည်။

အကြောင်းကလည်း သူ၏ပြိုင်ဘက်မှာ
ကျွင်းရှောင်ယောက် ဖြစ်နေသောကြောင့်သာ
ဖြစ်ချေသည်။

သို့ရာတွင် ကျွင်းရှောင်ယောက်အပြင်
အခြားပါရမီရှင်များကိုဆိုလျှင်တော့ ဝမ့်ချမ်ဟာ
မည်သူ့ထက်မှ အားမနည်းပေ။

သူက ဆမ်ဆာရာမြင့်မြတ်ခန္ဓာနှင့် အစွမ်းထက်သော
ရှေးဟောင်းလူထူးဆန်း ဖြစ်သည်။

မင်းသမီးလုံကျိကိုပင် ထိပ်တိုက် ရင်ဆိုင်ဝံ့ပေသည်။

ဝမ့်ချမ်၏ လူပ်ရှားမှုကိုမြင်တော့
မင်းသမီးလုံကျိလည်း လူပ်ရှားလာသည်။

သူမက တိုက်ပွဲကို
သေသေသပ်သပ်ဖြေရှင်းလိုသောကြောင့်
နဂါးသဏ္ဌာန် ဘလက်ဂိုးလ်ဓားကို
တိုက်ရိုက်ထုတ်ဖော်လိုက်၏။

အကယ်၍ ကျွင်းရှောင်ယောက်၏ ငယ်သားနှင့်ပင်
အချိန်ကြာကြာ တိုက်ခိုက်နေရပါက
မည်သို့ဖြစ်မည်နည်း။

ယင်းကိုမြင်သောအခါ ဝမ့်ချမ်လည်း
အန္တရာယ်တစ်ခုကို ခံစားလိုက်ရသည်။

သူက တံဆိပ်ကို ချိုးဖြတ်လာတာ

မကြာသေးသောကြာင့် တံခါးပိတ်ကျင့်ကြံပြီး
အထွတ်အထိပ်ကို လုံးလုံးလျားလျား
ပြန်ရောက်သွားသည့် မင်းသမီးလုံကျိန့် မတူပေ။

ဝမ့်ချမ်လည်း မင်းသမီးလုံကျိ၏ ဘလက်ဂိုလ်းစားကို
မြင်သောအခါ လမ်းကြောင်းခြောက်သွယ် ဆမ်ဆာရာ
ချပ်ပြားအသေးကို ထုတ်ဖော်လိုက်သည်။

ပေါက်ကွဲသံများ ထွက်ပေါ်လာကာ
ရှေးဟောင်းလူထူးဆန်းနှစ်ယောက်
တိုက်ခိုက်လိုက်၏။

ဤမြင်ကွင်းကြောင့် လူတော်တော်များများ
အံ့အားသင့်သွားရပြန်သည်။

ဤတိုက်ပွဲက ကျွင်းရှောင်ယောက်နှင့်

မင်းသမီးလုံကျိ၏ တိုက်ပွဲဖြစ်သော်လည်း...
မင်းသမီးလုံကျိနှင့် တကယ်တမ်းတိုက်ခိုက်နေသူမှာ
ကျွင်းရှောင်ယောက်၏ လက်အောက်ငယ်သားတစ်ဦး
ဖြစ်နေသည်။

ယခင်က အလွန်ကျေနပ်ပြီး မာနထောင်လွှားခဲ့သည့်
ရှေးဟောင်းတော်ဝင်မိသားစုများလည်း
အလွန်ရှက်ရွံ့ကာ ဘာမျှမပြောနိုင်တော့ပေ။

ကျွင်းရှောင်ယောက်က
ရှေးဟောင်းလူထူးဆန်းကိုအနိုင်ယူကာ
တိုက်ခိုက်ရန်အတွက် ဤနေရာကို ရောက်လာမည်ဟု
မည်သူမျှ မထင်ထားခဲ့ပါချေ။

"ဝုန်း ဝုန်း ဝုန်း"

တိုက်ခိုက်သံများက မိုးထစ်ချုန်းသကဲ့သို့

ထွက်ပေါ်နေသည်။

ကြောက်မက်ဖွယ်ရာ တုန်ခါမှုလှိုင်းများကလည်း
ပတ်ဝန်းကျင်ကို ပျံ့နှံ့သွား၏။

ဝမ်ချမ်နှင့် မင်းသမီးလုံကျိတို့လည်း အပြင်းအထန်
တိုက်ခိုက်နေကြတော့သည်။

ဤမြင်ကွင်းကြောင့် ကျွင်းမိသားစု၏
စီကွမ်များလည်း တိတ်ဆိတ်သွားကြသည်။

ကျွင်းရှောင်ယောက်က မျိုးဆက်သစ်လူငယ်များနှင့်
တဖြည်းဖြည်းဝေးကွာလာခဲ့ပြီ။

သူ၏ လက်အောက်ငယ်သားများပင်

ထိပ်တန်းပါရမီရှင်များနှင့် ယှဉ်ပြိုင်ရန် လုံလောက်သည်။

သို့သော်လည်း ဤတိုက်ပွဲတွင် ဝမ့်ချမ်က အားနည်းချက်ရှိလာသည်။

အမှန်တော့ သူ၏ ဆမ်ဆာရာမြင့်မြတ်ခန္ဓာက အားနည်းခြင်းမဟုတ်ပေ။ သူက တံဆိပ်ကိုချိုးဖြတ်ပြီးနောက် မလေ့ကျင့်ရသေးသဖြင့် အင်မော်တယ်နယ်မြေကြီး၏ အရှိန်အဝါနှင့် လိုက်လျောညီထွေမရှိသေးခြင်း ဖြစ်သည်။

ထို့အပြင် မင်းသမီးလုံကျိတွင် နည်းလမ်းများစွာရှိပြီး သူမ၏ သွေးမျိုးဆက်ကလည်း အလွန်အားကောင်းသောကြောင့် ဝမ့်ချမ်ဟာ ဖိနှိပ်ခံခဲ့ရသည်။

"ဝုန်း"

ပေါက်ကွဲသံတစ်ချက် ထပ်မံ ထွက်ပေါ်လာခဲ့၏။
ဝမ့်ချမ်လည်း လမ်းကြောင်းခြောက်သွယ် ဆမ်ဆာရာ
ချပ်ပြားအသေးနှင့်အတူ
ပြန်လည်ဆုတ်ခွာသွားရတော့သည်။

သူ၏ ရင်ဘတ်ကလည်း သွေးများဖြင့်
နီရဲသွားခဲ့သည်။

"နဂါးမျိုးနွယ်က မျှော်လင့်ထားသလိုပဲ"

ဝမ့်ချမ်၏ မျက်နှာအမူအရာက
အနည်းငယ်လေးနက်သွားသည်။

အကယ်၍ သူ၏
ဆမ်ဆာရာမြင့်မြတ်ခန္ဓာကြောင့်သာမဟုတ်လျှင်
မင်းသမီးလုံကျိ၏ ရုပ်ခန္ဓာကြီခိုင်မှုကို ခံနိုင်လိမ့်မည်
မဟတ်ပေ။

မင်းသမီးလုံကျိကို ချောမောပြီး သွယ်လျသော
ခန္ဓာကိုယ်ကြောင့် လျှော့တွက်၍မရပေ၊ သူမ၏
ရုပ်ခန္ဓာစွမ်းအားက
အလွန်ကြောက်စရာကောင်းသည်။

နောက်ဆုံးမှာတော့ သူမတွင် အသေးအဖွဲမဟုတ်သည့်
ရှေးကေရာဇ် သွေးမျိုးဆက် ရှိသည်။

"လုံလောက်ပါပြီ၊ ဝမ့်ချမ် ပြန်လာခဲ့တော့"

တိုက်ပွဲအခြေအနေကို စောင့်ကြည့်နေသည့်
ကျင်းရှောင်ယောက်က ပြောလိုက်သည်။

ဝမ်းချမ်၏ မျက်နှာက အနည်းငယ် ရှက်ရွံ့မှုများ ဖြစ်နေသည်။ သူသည် အောက်ကမ္ဘာတွင် မွေးဖွားလာချိန်မှစ၍ အကြိမ်ကြိမ် ရှုံးနိမ့်ခဲ့ရသည်။

ကျွင်းရှောင်ယောက်ကို ရှုံးနိမ့်သည်က အရေးမကြီးပါ။ နောက်ဆုံးတွင် ကျွင်းရှောင်ယောက်ကဲ့သို့ ဘီလူးတစ်ကောင်ကို ရှုံးနိမ့်ရခြင်းက ပုံမှန်သာ ဖြစ်သည်။

သို့သော်လည်း ယခုအခါ မင်းသမီး လုံကျိုကို ထပ်မံ ရှုံးနိမ့်ခဲ့ချေပြီ။

ဤအရာက ဝမ်းချမ်ကို အနည်းငယ်ရှက်ရွံ့သွားစေသည်။

"မင်းကို စိတ်ပျက်စေမိပြီ"

ဝမ်းချမ်းက ပြန်ဆုတ်လာကာ ခေါင်းငုံ့လိုက်သည်။

"မင်းရဲ့ အရှိန်အဝါက အထွတ်အထိပ်ကိုမှ
မရောက်သေးတာ၊ ယာယီ ရှုံးနိမ့်ရတာက ပုံမှန်ပါပဲ"

ကျွင်းရှောင်ယောက်က ပေါ့ပေါ့ပါးပါး
ပြောလိုက်သည်။

ပြောဆိုပြီးသောအခါတွင် သူက ခြေတစ်ချက်လှမ်းပြီး
မင်းသမီးလုံကျိုကို ရင်ဆိုင်လိုက်သည်။

"နောက်ဆုံးတော့ နောက်ဆုံးတိုက်ပွဲ ရောက်လာပြီ"

သူတို့နှစ်ယောက် ထိပ်တိုက်တွေ့တာကိုမြင်ပြီးနောက်
အားလုံးက စိတ်လှုပ်ရှားစွာ
စောင့်ကြည့်လိုက်ကြသည်။

"ကျွင်းရှောင်ယောက်၊ ဒီတစ်ခါ မင်းကို
ရှုံးနိမ့်ခြင်းရဲ့အရသာ မြည်းစမ်းခွင့်ပေးမယ်"
ရှောင်ချန်း၏မျက်နှာက သုန်မှုန်သွားသည်။

မင်းသမီးလုံကျိုကလည်း အေးစက်စက်
မျက်လုံးများဖြင့် ကျွင်းရှောင်ယောက်ကို
ကြည့်လိုက်၏။

ကျွင်းရှောင်ယောက်၏ မထီမဲ့မြင်ပြုခဲ့သော စကားက
သူမ နှလုံးသားထဲတွင် သတ်ဖြတ်လိုစိတ်များကို
ဖြစ်လာစေခဲ့သည်။

"ကျွင်းရှောင်ယောက်၊ ဒီမင်းသမီးကို
စော်ကားတဲ့အတွက် ပေးဆပ်ရမဲ့တန်ကြေးကို
သိရစေမယ်"

မင်းသမီးလုံကျိ၏အသံက အေးစက်သွားသည်။

သူမသည် ရှေးဘုရင်မကဲ့သို့ အရှိန်အဝါမျိုးရှိပြီး အေးစက်ကာ လွှမ်းမိုးနိုင်စွမ်း ရှိ၏။

ကျွင်းရှောင်ယောက်က အားပါးတရ ရယ်မောကာ ပြောလိုက်သည်။

"ဒီနတ်ဘုရားသားတော်ရှေ့မှာ
သာမန်ထက်သာလွန်ဟန်ဆောင်ပြီး ဝံကြွားရအောင်
ဘယ်သူက သတ္တိတွေ ပေးထားခဲ့တာလဲ"

"မင်းမပြောနဲ့ ကောင်းကင်ပေါ်က ဗုဒ္ဓဆိုရင်တောင်
ဒီနတ်ဘုရားသားတော်ရှေ့မှာ ဦးညွှတ်ပြီး
အမှုတော်ထမ်းရမယ်"

အခန်း (၂၈၄) ကျွင်းရှောင်ယောက်နှင့်
မင်းသမီးလုံကျိ၊ ပြိုင်ဘက်ကင်းမြဲဖြစ်သော။

ကျွင်းရှောင်ယောက်၏ စကားများက အလွန်ပင်
လွှမ်းမိုးနိုင်စွမ်းရှိရာ အားလုံးအံ့အားသင့်ပြီး
အသက်ပြင်းပြင်းရှူလိုက်ကြသည်။

စကားနောက်တရားပါဟူသော ဆိုရိုးစကားအတိုင်း
စကားတိုင်းကို လက်လွတ်စပယ် ပြော၍မရပေ။

အချို့သောစကားဟူသည့် အကြောင်းများကြောင့်
ကြီးစွာသော အကျိုးကို ခံယူရတတ်သည်။

ကျွင်းရှောင်ယောက်၏ ယခုစကားများတွင်လည်း
ကောင်းကင်ဘုံရှိ နတ်ဘုရားများနှင့် ဗုဒ္ဓရုပ်များပင်
ဦးညွတ်ပြီး သူ့ရှေ့တွင် ဦးညွတ်ရမည်ဟု ပါလေသည်။

ဤသည်မှာ လွန်စွာ ဆိုးရွားသော
မှတ်ချက်တစ်ခုဖြစ်၍ ကောင်းကင်ဘုံ၏
အပြစ်ပေးခံရနိုင်သည်။

သို့ရာတွင် ကျွင်းရှောင်ယောက်က
ကြောက်နေမှာလား။

လုံးဝမကြောက်ဘူး။

ယင်းက အမှန်တကယ်ဖြစ်၍ ကျွင်းရှောင်ယောက်ဟာ

ထိုစကားမျိုးကိုပြောဆိုရန် ယုံကြည်မှုရှိသည်။

ကျွင်းရှောင်ယောက်က စကားဆုံးသည်နှင့်
သူ့လက်ကိုဆန့်ထုတ်ကာ
ရှေးဟောင်းမြစ်တစ်စင်းကဲ့သို့ စွမ်းအားများကို
ထုတ်ဖော်လိုက်သည်။

သူသည် အလွန်အမင်း လွှမ်းမိုးနိုင်စွမ်းရှိပြီး
မဆိုင်းမတွဘဲ တိုက်ရိုက် တိုက်ခိုက်၏။

သူ၏ အရှိန်အဝါက ကမ္ဘာကြီးကို တုန်လှုပ်စေပြီး
ဟင်းလင်းပြင်ကို တုန်ခါသွားစေခဲ့သည်။

တုန်ထျန်းနယ်ပယ် ကြီးမားသော ပြီးပြည့်စုံခြင်း၏
အရှိန်အဝါကလည်း အထိန်းအကွပ်မဲ့စွာ
ပေါက်ကွဲထွက်ပေါ်လာသည်။

"ဒါက တုန်ထျန်းနယ်ပယ် ကြီးမားတဲ့ ပြီးပြည့်စုံမှုပဲ"
ကျွင်းရှောင်ယောက်၏ နယ်ပယ်ကို မြင်ရသောအခါ
လူတိုင်းက လှုပ်လှုပ်ရှားရှား ဖြစ်သွားကြပြန်သည်။

ကျွင်းရှောင်ယောက်က အောက်ကမ္ဘာကိုသွားသည့်
ဤအချိန်တိုလေးအတွင်း နယ်ပယ်သုံးခုကို
အမှန်တကယ် ဖြတ်ကျော်သွားပေပြီ။

သူ၏ လက်ရှိ ကျင့်ကြံခြင်းအခြေခံသည်
မင်းသမီးလုံကျိကဲ့သို့ ရှေးဟောင်းလူထူးဆန်းနှင့်ပင်
ယှဉ်နိုင်ပြီး ကျင့်ကြံမှုအရှိန်ကလည်း
မွန်းစတားဆန်နေခဲ့ပြီ ဖြစ်သည်။

ကျွင်းရှောင်ယောက် တိုက်ခိုက်ခြင်းကို
မြင်ရသောအခါ မင်းသမီးလုံကျိ၏မျက်နှာက

အနည်းငယ် တင်းမာသွားသည်။

အမှန်အတိုင်းပြောရလျှင် ကျွင်းရှောင်ယောက်၏
ကျင့်ကြံခြင်းအခြေခံက သူမကို အမှန်တကယ်
အံ့သြသွားစေခဲ့ပေသည်။

မင်းသမီးလုံကျိုက သူမသည်
ပျက်ဆီးခြင်းကောင်းကင် အင်မော်တယ်နယ်မြေကြီးမှ
မျိုးဆက်သစ်လူငယ်များ၏ ခွန်အားအတွက်
စံသတ်မှတ်ချက်တစ်ခုဟု ထင်ခဲ့သည်။

ရလဒ်အနေဖြင့် ကျွင်းရှောင်ယောက်ဟာ
အချိန်တိုအတွင်း၌ သူမနှင့် တူညီသောအဆင့်ကို
ရောက်နေခဲ့ပေပြီ။

ယင်းကြောင့် မင်းသမီးလုံကျို၏ နှလုံးသားထဲတွင်

အကျပ်အတည်းကို ပြင်းထန်စွာ ခံစားရစေသည်။

မင်းသမီးလျုံကျိုကလည်း လေဆန့်မိုးကြိုးနဂါးကို
အသုံးပြုကာ ပြန်လည် တိုက်ခိုက်လိုက်သည်။

စွမ်းအင်များက နဂါးခြေသည်းတစ်ချောင်းအဖြစ်သို့
ပြောင်းလဲသွားကာ ကျွင်းရှောင်ယောက်၏
လက်ဝါးကြီးနှင့် ထိပ်တိုက် တွေ့သွားခဲ့သည်။

"ဝုန်း"

တခဏချင်းမှာပဲ မိုးနှင့်မြေက တုန်ခါသွားကာ
လေပြင်းများပင် တဖူးဖူး တိုက်ခတ်သွား၏။

ယခင်က မင်းသမီးလုံကျိသည် ကျွင်းလုံခန်းနှင့်
ဝမ့်ချမ်တို့ကို ဆက်တိုက် ဖိနှိပ်နိုင်ခဲ့သည်။

မင်းသမီးလုံကျိတွင် ရှေးခေတ်ကရာဇ်
သွေးမျိုးဆက်ရှိသောကြောင့် သူမ၏ ခန္ဓာက
ကြည်လင်သန့်စင်ကာ ကျက်သရေရှိပြီး
နူးညံ့သော်လည်း ကြောက်မက်ဖွယ် ကြံခိုင်မှုနှင့်
ခွန်အားရှိသည်။

ရှေးကတည်း နဂါးများနှင့် ခန္ဓာကိုယ်ကြံခိုင်မှုခြင်း
နှိုင်းယှဉ်နိုင်သော သက်ရှိသတ္တဝါ များစွာ မရှိပါချေ။

ယခုမူကား...

နှစ်ဖက် လက်သီးနှင့် လက်ဝါးများ
အပြန်အလှန်ရင်ဆိုင်မိသောအခါ
ကျွင်းရှောင်ယောက်၏အင်အားက မင်းသမီးလုံကျိကို
မျက်နှာအမူအရာ ပြောင်းသွားစေခဲ့သည်။

"ဝုန်း"

ကြောက်မက်ဖွယ်ရာ အင်အားများက
ပေါက်ကွဲသွား၏။ မင်းသမီးလုံကျိုလည်း
အနောက်ဘက်ကို သိသိသာသာ
ဆုတ်ခွာသွားရတော့သည်။ သူမ၏ နှူးညံ့သော
လက်ကလည်း ကြီးမားသော အင်အားတစ်ခုဖြင့်
ဖိနှိပ်ခြင်းခံရသလို တုန်ခါသွားခဲ့သည်။

ဤမြင်ကွင်းက အရပ်ရပ်ကို တုန်လှုပ်စေပြီး အားလုံး
အသက်ပြင်းပြင်းရှူလိုက်ကြရသည်။

"မင်းသမီးလုံကျိုက တကယ်ပဲ အားနည်းတဲ့ဘက်ကို
ကျသွားခဲ့ပြီလား"

"ကျွင်းမိသားစုက နတ်ဘုရားသားတော်ရဲ့

ခန္ဓာကိုယ်ကြီခိုင်မှုက ဘယ်လောက်တောင်
သန်မာလိုက်သလဲ"

အာမေဋိတ်သံများစွာ ထွက်ပေါ်လာပြီး
မျိုးဆက်ဟောင်းများပင်လျှင် မျက်တောင်မခတ်တမ်း
စိုက်ကြည့်နေခဲ့ကြလေသည်။

ကျွင်းရှောင်ယောက်၏ ခန္ဓာကိုယ်ကြီခိုင်မှုက
အလွန်သန်မာပုံရပြီး ဟင်းလင်းပြင်ကိုပင်
ဖြိုခွဲနိုင်သည်။

မင်းသမီးလုံကျိုက အသက်ပြင်းပြင်းရှူလိုက်ရာ
ရင်အစုံက နိမ့်ချည်မြင့်ချည်လှုပ်ရှားလာသည်။

သူမ၏ လက်ကလည်း အဆစ်လွဲလုနီးပါး ဖြစ်သကဲ့သို့
အနည်းငယ် တုန်ရီလျက်ရှိ၏။

"ဒီကျွင်းရှောင်ယောက်..."

မင်းသမီးလုံကျိ၏ မျက်နှာက
အမူအရာပြောင်းသွားပြီး ပထမအကြိမ်
ဤပြိုင်ဘက်ကို လေးလေးနက်နက် ရင်ဆိုင်တော့မည်
ဖြစ်သည်။

ကျွင်းရှောင်ယောက်၏ မျက်လုံးများကတော့
လျစ်လျူရှုကာ ခြေတစ်လှမ်းမှ နောက်ပြန်မဆုတ်ပေ။

သူက မင်းသမီးလုံကျိ၏ မြူခိုးများဖုံးလွှမ်းနေသော
မျက်နှာကို လျစ်လျူရှုစွာကြည့်ပြီး ပြောလိုက်သည်။

"ဒီနတ်ဘုရားသားတော်က လျှို့ဝှက်ထားတာကို
မကြိုက်ဘူး၊ ဒါကြောင့်
လျှို့ဝှက်ဆန်းကြယ်ဟန်ဆောင်တာကို ရပ်လိုက်"

ကျွင်းရှောင်ယောက်က ထပ်မံလှုပ်ရှားပြီး
လွတ်လပ်မှု၏အတောင်ပံများကို ခတ်လိုက်သည်။

နတ်အလင်းများနှင့် နှင်းဖြူအတောင်ပံများဖြင့်
ကျွင်းရှောင်ယောက်ထံမှ ကောင်းကင်ထက်မှ
နတ်ဘုရင်တစ်ပါးကဲ့သို့ အရှိန်အဝါများ
လွှင့်ပျံလာသည်။

သူတောင်ပံများကို လှုပ်ခါလိုက်ရာ
အရှိန်အဟုန်ပြင်းပြင်း ထိုးတက်သွား၏။

သူသည် မည်သူမျှ မယှဉ်သာသော ခွန်အားမျိုးဖြင့်
လက်သီးချက်ကို မင်းသမီးလုံကျိထံသို့
ပြင်းပြင်းထန်ထန် ထုတ်ဖော်လိုက်သည်။

မင်းသမီးလုံကျိကလည်း ရှေးကရာဇ်သွေးကို

အသုံးပြုကာ ကျောက်စိမ်းကဲ့သို့လက်ကို
ဆန့်ထုတ်လိုက်၏။

နဂါးဟိန်းသံတစ်ခု ထွက်ပေါ်လာသည်။

မင်းသမီးလုံကျိသည် ဘိုးဘွားနဂါး၏
ကောင်းချီးပေးခံရခြင်းသူဖြစ်ကြောင်းကို
ကိုယ်စားပြုသော ဘိုးဘွားနဂါးသဏ္ဌာန်က မှုန်ဝါးဝါး
ထွက်ပေါ်လာသည်။

ယင်းကိုမြင်တော့ ကျွင်းရှောင်ယောက်မျက်လုံးထဲတွင်
မထီမဲ့မြင်ပြုသော အကြည့်များ ပေါ်လာခဲ့၏။

သူက အနှိုင်းမဲ့နတ်ဆင်ခွန်အားကို အကြွင်းမဲ့
ထုတ်ဖော်လိုက်သည်။

တစ်ချိန်တည်းမှာပင် ခန္ဓာကိုယ်တွင်းရှိ
နဂါးဆင်မှုန်တစ်သိန်းက ပေါက်ကွဲထွက်လာခဲ့၏။။

ယင်းက တစ်ဆယ်ဘီလီယံ ဂျင်ခွန်အား ဖြစ်သည်။

သို့ဆိုလျှင် ဤသဘောတရားကား အဘယ်နည်း။

ယင်းက စိတ်ကူးယဉ်လို့ မရနိုင်ပါ၊ ထိုသည်မှာ
လူသားများ ထိန်းချုပ်နိုင်သည့် စွမ်းအားတစ်ခုလို
မဟုတ်တော့ပါချေ။

သူ၏ လက်သီးချက်ကြောင့်
သူ့ရှေ့ရှိဟင်းလင်းပြင်သည် တဆတ်ဆတ်
တုန်ခါလာသည်။

လှိုင်းများကို မြင်ရသောအခါ မင်းသမီးလုံကျိ၏
မျက်လုံးများက အံ့သြသွားသည့် အကြည့်များကို
လှုစဟ်လာသည်။

"ဝုန်း"

ပေါက်ကွဲသံကျယ်ကြီး ထွက်ပေါ်လာခဲ့သည်။
ရှေးဟောင်း ကြယ်နှစ်စင်း တိုက်မိသွားသလို
သနမာသော အင်အားလှိုင်းများက ပတ်ဝန်းကျင်ကို
ဖြာထွက်သွား၏။

ဤလေလှိုင်းကြောင့် ပတ်ဝန်းကျင်မှတောင်တွေ
ပြိုကျကာ ကျောက်တုံးကြီးများလည်း
လှုမ့်ဆင်းသွားခဲ့ရသည်။

ကျွင်းရှောင်ယောက် အပြင်းအထန်

ပေါက်ကွဲထွက်လာသောအခါ မင်းသမီးလုံကျိုလည်း လုံးဝမခံနိုင်ပေ။

သူမ၏ နှူးညံ့သော ခန္ဓာကိုယ်က ပြင်းထန်စွာ ဆုတ်ခွာသွားရသည်။ သူ့ခန္ဓာကိုယ်တွင်းရှိ နဂါးစွမ်းအင်များလည်း တုန်ခါသွားကာ စွန့်လွှတ်ချင်စိတ် ဖြစ်သွားမိ၏။

တစ်ချိန်တည်းမှာပင် လေလှိုင်းများက မင်းသမီးလုံကျို၏ မျက်နှာကိုပင် ဖုံးလွှမ်းသွားရာ လျှို့ဝှက်ဆန်းကြယ်သော အခိုးအငွေ့များလည်း တုန်လှုပ်သွားတော့သည်။

နောကဆုံးတွင် အံ့မခန်း လှုပ်သော မျက်နှာလေးက ကမ္ဘာရွှေ့တွင် ထွက်ပေါ်လာခဲ့သည်။

သူမက မျက်ခုံးများက လခြမ်းကွေးကဲ့သို့ဖြစ်ကာ
မျက်လုံးများကလည်း သစ်ရွက်ဖျားမှ
ဆောင်းဦးနှင်းရေစက်ကဲ့သို့
ကြည်လင်တောက်ပနေသည်။ သူမ၏
နှုတ်ခမ်းလေးကလည်း အရည်ရွှမ်းသော
ပန်းသီးတစ်လုံးကဲ့သို့ ဆွဲကိုက်ချင်စရာ
ဖြစ်နေလေသည်။

လူအများလည်း အံ့အားသင့်သွားခဲ့ကြသည်။
မင်းသမီးလုံကျို၏ မျက်နှာက သေချာပေါက်
လှပနေမှန်း သိထားသော်လည်း ဤမျှ
ရင်သပ်ရှုမောဖွယ် ဖြစ်လိမ့်မည်လို့
မမျှော်လင့်ထားခဲ့ပေ။

"နှင်..."

မင်းသမီးလုံကျိ၏ မျက်နှာပေါ်တွင် ဒေါသများက
ပြည့်နှက်သွားသည်။

ကမ္ဘာ့အမြင်တွင် သူမက မြင့်မြတ်ပြီး
လျှို့ဝှက်ဆန်းကြယ်ကာ စွဲလမ်းစေနိုင်ရန်
ဤအနေအထားကို အမြဲထိန်းသိမ်းထားသည်။

ရလဒ်အနေဖြင့် ယခုအခါ ကျွင်းရှောင်ယောက်၏
ဖျက်ဆီးခံလိုက်ရပေပြီ။

ကျွင်းရှောင်ယောက်၏ လှုပ်ရှားမှုသည် သူမအတွက်
အလွန်အမင်း စော်ကားလိုက်ခြင်းပင် ဖြစ်သည်။

မင်းသမီးလုံကျိ ဒေါသအမျက်
ချောင်းချောင်းထွက်ကာ နဂါးကောင်ဇ
အဓိပတိပညာကို ထပ်မံထုတ်ဖော်လိုက်သည်။

ကြောက်မက်ဖွယ်ကောင်းသော မိုးကြိုးများက
ပျုံနှံသွားကာ မိုးကြိုးနဂါးအဖြစ်သို့
ပြောင်းလဲသွား၏။

မိုးကြိုးနဂါးက လေထဲမှပျုံသန်းကာ
ကျွင်းရှောင်ယောက်၏ ဦးခေါင်းကို
ဦးတည်တိုက်ခိုက်လိုက်သည်။

ကျွင်းရှောင်ယောက်က ကောရှင်၏တံဆိပ်တော်ကို
ထုတ်ဖော်လိုက်သောအခါ သူ့နောက်တွင်
ကောရှင်မင်းအရိပ်တစ်ခု ပေါ်လာခဲ့၏။

ကျွင်းရှောင်ယောက်၏ လက်ရှိ ခွန်အားဖြင့်၊
သူပြုလုပ်သည့် လှုပ်ရှားမှုတိုင်းတွင်
တစ်ဆယ်ဘီလီယံ ဂျင်အင်အားများ ပါဝင်လျက်

ရှိသည်။

လူသိအများဆုံး သိုင်းပညာများသည်ပင် သူ့လက်ထဲ၌
မယုံနိုင်စရာ စွမ်းအားမျိုးကို ထုတ်လွှတ်နိုင်စွမ်း ရှိ၏။

ယခုကဲ့သို့ အစွမ်းထက်
နတ်ဘုရားစွမ်းရည်ဆိုလျှင်တော့
အထူးပြောနေစရာပင် မလိုတော့ပေ။

ထိုမိုးကြိုးနဂါးသည် ကျွင်းရှောင်ယောက်၏
တိုက်ခိုက်မှုအောက်တွင် တိုက်ရိုက်
ဖြိုခွဲခံလိုက်ရသည်။

ထို့နောက် ကျွင်းရှောင်ယောက်သည်
မင်းသမီးလုံကျိုကို ထပ်မံ တိုက်ခိုက်လိုက်၏။

မင်းသမီးလုံကျိုကလည်း ရွှေနဂါးအင်မော်တယ်ဒိုင်းကို ထုတ်ဖော်လိုက်သည်။

ထိုအခါ ရွှေနဂါးအရိပ်တစ်ခု ပေါ်လာပြီး လေထဲတွင် ရစ်ခွေသွားကာ ဒိုင်းတစ်ခုအသွင် ပြောင်းလဲသွား၏။ ၎င်းက ကျွင်းရှောင်ယောက်၏ ထိုးစစ်ကို တွန်းလှန်နေသော ရွှေရောင်နဂါးဒိုင်းအဖြစ်သို့ ပြောင်းလဲသွားခဲ့ခြင်း ဖြစ်သည်။

ကျွင်းရှောင်ယောက်၏ တံဆိပ်တစ်ခုက ကျဆင်းလာရာ ရွှေနဂါးဒိုင်းတစ်ခုလုံး ပြင်းထန်စွာ တုန်ခါသွားခဲ့သည်။

"ချိုးဖြတ်စမ်း"

ကျွင်းရှောင်ယောက်၏ မျက်လုံးများက

အေးစက်သွားသည်။

သူ၏ စွမ်းအားသည် တုပြိုင်ဖက် မရှိဘဲ၊ သူ၏ ထိုးစစ်ကို ဟန့်တားနိုင်သည့် အရာလည်း မရှိပေ။

သူ၏ အေးစက်စက် အော်သံနှင်အတူ...

"ခပ်"

ရွှေနဂါးဒိုင်းက အက်ကြောင်းများဖြင့် လွှမ်းခြုံသွားပြီး နောက်ဆုံးတွင် လုံးဝ အက်ကွဲသွားတော့သည်။

"ဖွဲး"

မင်းသမီးလုံကျိ၏ ချီနှင့်သွေးက ခန္ဓာကိုယ်ထဲတွင် ကမောက်ကမဖြစ်၍ တိုယ်လုံး တုန်ခါသွားရသည်။ ဒဏ်ရာအပြင်းအထန် ရသွားဟန်ဖြင့်

သူ့မျက်နှာကလည်း ဖြူဖျော့သွား၏။

ကျွင်းရှောင်ယောက်၏ နှိပ်ကွပ် ရိုက်နှက်ခြင်းကို ခံခဲ့ရသော မင်းသမီးလုံကျိုကို ကြည့်ရင်း ပရိသတ်များ တိတ်ဆိတ်သွားခဲ့သည်။

ယခင်က အလွန်အစွမ်းထက်သည့် မင်းသမီးလုံကျိုကို ကျွင်းရှောင်ယောက်လက်ထဲတွင် ဤမျှ ဖနှိပ်ခရမည်ဟု ဘယ်သူကမျှ ထင်ထားခဲ့မှာလဲ။

"ဒါက အရမ်းသန်မာတာပဲ၊ သူက ဘယ်လိုလုပ်ပြီး ဒီလောက်တောင် အားကောင်းနိုင်တာလဲ"

ကျွင်းဝူရှန့်၊ ကျွင်းမူလန်နှင့် တခြားသူများအားလုံး အံ့အားသင့်သွားခဲ့ကြသည်။

ကျွင်းရှောင်ယောက်၏အသက်သည်

ကျွင်းမိသားစုတွင် အငယ်ဆုံးဖြစ်သည်။ သို့ရာတွင် သူ့ခွန်အားကတော့ ကျွင်းမိသားစု၏ စီကွမ်အားလုံးကို ကျော်လွန်သွားခဲ့ပြီ။

ကျွင်းကျန်းထျန်းကဲ့သို့
မျိုးနွယ်စုအကြီးအကဲများလည်း
အလွန်ကျေနပ်သွားကြသည်။

ကျွင်းရှောင်ယောကက အောကကမ္ဘာသို့ ခရီးစဉ်တွင်
အမှန်တကယ် ကြီးမားသောပြောင်းလဲမှုများအား
ကြုံတွေ့ခဲ့ရပုံရှိသည်။

"ဒီနတ်ဘုရားသားတော်က မင်း ငါးသလဲတိုးမလေးကို
အများကြီး မျှော်လင့်ထားတာ၊ အခုတော့
စိတ်ပျက်စရာတစ်ခုပဲ"

ကျွင်းရှောင်ယောက်က လက်နှစ်ဖက်ကို နောက်ပစ်ပြီး

လေထဲသို့ ခြေလှမ်းလိုက်သည်။

သူ့ပုံရိပ်က ဘယ်တော့မှ နောက်ပြန်မဆုတ်ဘဲ
ပြိုင်ဘက်ကင်းသော လွှမ်းမိုးမှုအရှိန်အဝါမျိုးကို
သယ်ဆောင်ထား၏။

မင်းသမီးလုံကျိုက ခေတ်အဆက်ဆက်၏
ဘုရင်မဖြစ်လျှင်...

ကျွင်းရှောင်ယောက်က အရာအားလုံးကို
စိုးမိုးထားသည့် ကေရာဇ် ဖြစ်သည်။

ဤနှစ်ခုကြားမှ ကွာဟမှုက မိုးနှင့်မြေပမာ နှိုင်းယှဉ်၍
မရနိုင်ပါခေချ။

အခန်း (၂၈၅) ပန်ကောရာဇဓာနီကို ထုတ်ယူခြင်း၊
ကောရာဇဓလက်နက်တစ်ခု၏ အင်အား။

ကျွင်းရှောင်ယောက်၏ တဲ့တိုးဆန်သော ရှုတ်ချမှုနှင့်
လှောင်ပြောင်မှုကို နားထောင်ရင်း မင်းသမီးလုံကျိ၏
လှပသော မျက်နှာဟာ ဒေါသနှင့် နီရဲသွားခဲ့သည်။

ဤမတိုင်ခင်အထိ သူမသည် အလွန်အေးဆေးနေပြီး
ရှေးရေကန်ကြီးထဲမှ ရေများကဲ့သို့ လှိုင်းလုံးများမရှိဘဲ
သူမ၏ စိတ်ကိုလည်း မည်သူမျှ
မလှုပ်ရှားစေနိုင်ခဲ့ပေ။

ယခုမူ ကျွင်းရှောင်ယောက်က
ဆက်တိုက်နှောင့်ယှက်နေပြီး စိတ်တည်ငြိမ်ရန်

ခက်ခဲစေခဲ့သည်။

မင်းသမီးလုံကျိုက မည်မျှပင်တည်ငြိမ်နေစေကာမူ
မိန်းကလေးတစ်ဦးဖြစ်နေသေးရာ ထိုကဲ့သို့သော
စော်ကားမှုမျိုးကို လုံးဝမခံနိုင်ပေ။

"ဟမ့်၊ ဘာတွေဂုဏ်ယူသနေတာလဲ၊ ဒီမင်းသမီးရဲ့
စွမ်းရည်တွေကို အပြည့်အဝ မထုတ်ရသေးဘူး"
မင်းသမီးလုံကျိ ခပ်တိုးတိုး အော်ဟစ်ကာ
ကြီးကျယ်ခမ်းနားသည့် လူပ်ရှားမှုကို
ထပ်မံထုတ်ဖော်လိုက်သည်။

ကြောက်မက်ဖွယ်ကောင်းသော
အစစ်အမှန်နဂါးသဏ္ဌာန်တစ်ခု ထပ်မံပေါ်လာပြီး
အရာအားလုံးကို ဝါးမြိုနိုင်လောက်သော
အစွမ်းထက်အင်အားဖြင့် ၎င်းပါးစပ်ကြီးကို

ဟလိုက်၏။

ဤသည်မှာ မင်းသမီးလုံကျို၏ နဂါးကောရာဇကုဒ်မှ
ကြောက်မက်ကောင်းသော
ကောင်းကင်ဝါးမျိုးနဂါးသိုင်း ဖြစ်သည်။

နဂါးက တစ်ချက်ဟိန်းဟောက်ပြီး ပါးစပ်ကိုဟကာ
စုပ်ယူလိုက်၏။ ချက်ချင်းပင် ကောင်းကင်ယံမှ
တိုမ်တိုက်များပါ သူ့ပါးစပ်အတွင်းသို့
စီးဝင်သွားတော့သည်။

အသက်ရွယ်ကြီးရင့်သူများလည်း
ၛင်းတို့တပည့်များကို ထိခိုက်မည်စိုးသောကြောင့်
စွမ်းအင်များကို ထုတ်ဖော်ကာရုံလိုက်ကြသည်။

"ငါနဲ့ ဝါးမျိုခြင်းစွမ်းအားခြင်း ယှဉ်ချင်တာလား"

ကျွင်းရှောင်ယောက်က လှောင်ပြောင်သရော်ဟန်ဖြင့် ပြုံးလိုက်သည်။

သူ့လက်ကို ဆန့်ထုတ်လိုက်သည်နှင့် ရေဝဲတစ်ခုသည် ချက်ချင်း ထွက်ပေါ်လာခဲ့၏။

၎င်းက ဝါးမျိုခြင်း ဖင်းဂေါ့ကျမ်းဖြစ်သည်။

"ဒါက... ဝါးမျိုခြင်းဖင်းဂေါ့ကျမ်းပဲ"

ကျွင်းရှောင်ယောက်၏ လှုပ်ရှားမှုကို မြင်ရသောအခါ လူအများစုက မျက်လုံးပြူးသွားခဲ့ကြသည်။

"ဟုတ်တယ်၊ အဲဒါက တကယ်ကို
ဝါးမျိုခြင်းဖင်းဂေါ့ကျမ်းပဲ။ ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က ဝါးမျိုခြင်း ဖင်းဂေါ့ကျမ်းကို

တကယ်ပဲ အမွေဆက်ခံခဲ့တာလား"

အကြီးအကဲတချို့ကလည်း မယုံကြည်နိုင်စွာဖြင့်
ပြောဆိုလိုက်ကြသည်။

ကောင်းကင်ဝါးမျို့ နတ်ဆိုးဘိုးဘေးသည် တစ်ချိန်က
အင်မော်တယ်နယ်မြေကြီး၌ ဖရိုဖရဲဖြစ်စေခဲ့၍
ဝါးမျို့ခြင်း ဖင်းဂေါ့ကျမ်း နတ်ဆိုးစွမ်းရည်ကို
သဘာဝအတိုင်း ကောင်းစွာသိကြသည်။

ကျွင်းရှောင်ယောက်ကာ ဝါးမျို့ခြင်း ဖင်းဂေါ့ကျမ်း၏
အမွေကို အမှန်တကယ် ရရှိလိမ့်မည်ဟု
မမျှော်လင့်ခဲ့ကြပေ။

"ကြောက်စရာကောင်းလွန်းတယ်၊ ကျွင်းမိသားစုရဲ့
နတ်ဘုရားသားတော်က ဝါးမျို့ခြင်းဖင်းဂေါ့ကျမ်းကို
အမှန်တကယ် ရထားခဲ့ပြီဟော့။ အနာဂတ်မှာ

သူ့ပြိုင်ဘက်တွေ ပိုပြီးတော့ သတိထားသင့်တယ်"

"ဟုတ်တယ်၊ ကျွင်းမိသားစုက နတ်ဘုရားသားတော်ရဲ့ ရက်စက်တဲ့ စရိုက်လက္ခဏာနဲ့ ရန်သူကိုသာ ဝါးမျိုခြင်းဖင်းဂေါ့ကျမ်းနဲ့ ရင်ဆိုင်လိုက်ရင် အလောင်းတောင် ကျန်ပါ့ဦးမလား"

ကျွင်းရှောင်ယောက်က သူ့ရန်သူများအပေါ်တွင် ရက်စက်ကြမ်းကြုတ်စွာ ဆက်ဆံမှုကြောင့် ကျော်ကြားသည်။

ထို့ကြောင့် အများစုမှာ တိတ်တဆိတ် ကြောက်လန့်လာကြတော့သည်။

အကယ်၍ အခြားလူများသာ ဝါးမျိုခြင်းဖင်းဂေါ့ကျမ်းကို ရရှိပါက

အင်အားများစွာမှ ချက်ချင်းတိုက်ခိုက်ကာ
ဖျက်ဆီးပစ်လိုက်မည် ဖြစ်သည်။

သို့ရာတွင် ဝါးမျိုခြင်း ဖင်းဂေါ့ကျမ်းကို ရရှိထားသူက
ကျွင်းရှောင်ယောက် ဖြစ်နေချိန်မှာတော့ မည်သူမျှ
အထွန့်မတက်ဝံ့တော့ပေ။

မင်းသမီးလျို၏ ကောင်းကင်ဝါးမျိုု နဂါးကြီး၏
ဝါးမျိုခြင်းစွမ်းအားသည်
အလွန်အစွမ်းထက်သော်လည်း၊ နောက်ဆုံးတွင်
ကေရာဇ်စွမ်းရည်တစ်ခုမျှသာ ဖြစ်သည်။

ဝါးမျိုခြင်းဖင်းဂေါ့ကျမ်းမူကား ဝါးမျိုခြင်းစွမ်းရည်ကို
အဓိကထားသော အဓိပဓိကျမ်းတစ်ခု ဖြစ်၏။
ထို့ကြောင့် ၎င်း၏ဝါးမျိုခြင်းစွမ်းရည်သည်
နဂါးကြီးထက်ပင် ပို၍

ကြောက်စရာကောင်းနေတော့သည်။

လူတိုင်း၏အာရုံစူးစိုက်မှုအောက်တွင်
ကျွင်းရှောင်ယောက် ဖန်တီးထားသော ရေဝဲကြီးက
နဂါးကြီတစ်ကောင်လုံးကို တိုက်ရိုက်ဝါးမျိုကာ
ဘယ်တုန်းကမှ မရှိခဲ့သလိုမျိုး ပြန်လည်
ပျောက်ကွယ်သွားတော့သည်။

ကျွင်းရှောင်ယောက်က သူမ၏ တိုက်ခိုက်မှုကို
ထပ်မံချေဖျက်သွားသောအခါ
မင်းသမီးလုံကျို၏မျက်နှာက လေးနက်လာသည်။

ယခင်က သူမသည် ကျွင်းလုံခန်း၊ ဝမ့်ချမ်တို့နှင့်
ဆက်ဆံသောအခါ ဆက်တိုက် ဖိနှိပ်ပြီး
အသာစီးရခဲ့သည်။

ယခုမူ သူမအား ကျွင်းရှောင်ယောက်က
တစ်ဖန်ဖိနှိပ်နေခဲ့ပြီ။

ရုပ်ခန္ဓာ သို့မဟုတ် နတ်ဘုရားစွမ်းရည် မည်မျှပင်
ရှိစေကာမူ ကျွင်းရှောင်ယောက်က
ချုပ်နှောင်ထားနိုင်ပုံရသည်။

"ဒီမင်းသမီးက မယုံဘူး"

မင်းသမီးလုံကျိ၏ အပြောရောင်ပိုးသားက
တဖျပ်ဖျပ်ခတ်နေကာ သူမ၏မျက်လုံးများကလည်း
ရွှေရောင်ပြောင်းသွားပုံရသည်။

ယင်းကိုကြည့်လျှင် မင်းသမီးလုံကျိက သူ့စွမ်းရည်ကို
လွန်ကဲစွာ ထုတ်ဖော်ခဲ့ကြောင်း ထင်ရှားသည်။

သူမက ရှေးဟောင်းလူထူးဆန်းဖြစ်သလို ကောရာဇ

သွေးမျိုးဆက်နှင့် နဂါးမင်းသမီးတစ်ဦးလည်း
ဖြစ်သည်။

သူမ၏ ပါရမီက အခြားသူအများစုထက်
သာလွန်သောကြောင့် ကျွင်းရှောင်ယောက်၏ ဤကဲ့သို့
ဖိနှိပ်ချုပ်ချယ်ခြင်းကို မလိုလားသည်မှာ သဘာဝပင်။

"နဂါးကျောဇ်ကုဒ်၊
ကောင်းကင်နဂါးဟိန်းဟောက်ခြင်း"

မင်းသမီးလုံကျိုက ဟိန်းဟောက်လိုက်သည်တွင်
နေနှင့်လကို ဖုံးအုပ်ထားနိုင်သော
ရှေးကြယ်တစ်စင်းကဲ့သို့ ဧရာမနဂါးဦးခေါင်းကြီး
ပေါ်လာသည်။

နဂါးဦးခေါင်းက ပါးစပ်ကိုဖွင့်လိုက်ရာ
ကြောက်မက်ဖွယ် ကမ္ဘာဖျက် အလင်းလှိုင်းလုံးကြီးက

ပတ်ဝန်းကျင်အား လွှမ်းခြုံသွား၏။

ဤတိုက်ခိုက်မှုကြောင့် တောက်ရှန်တောင်တစ်ခုလုံးပင်
ပျက်ဆီးနိုင်ရာ အကြီးအကဲများလည်း
လေးထောင့်လှောင်အိမ်တစ်ခုသဖွယ်
အတားအဆီးများကို ထုတ်ဖော်လိုက်ကြတော့သည်။

မင်းသမီးလုံကျိ၏ ဤလှုပ်ရှားမှုသည် ကမ္ဘာကြီးကို
ဖျက်ဆီးနိုင်သကဲ့သို့
အလွန်ကြောက်စရာကောင်းလှသည်။

လှိုင်းလုံးများ ဖြတ်သွားသောအခါ တောင်ထိပ်များ
ပေါက်ကွဲပြီး သစ်ပင်များလည်း ပြာမှုန် ဖြစ်သွား၏။

ဤတိုက်ခိုက်မှုသာ ထိမှန်ပါက အားနည်းသော
ကျင့်ကြိသူများဆိုလျှင် တခါတည်း

သေသွားနိုင်လောက်သည်။

တုန်ထျန်းနယ်ပယ်မှ ပါရမီရှင်များပင်လျှင်
ဒဏ်ရာအပြင်းအထန် ရကြပေလိမ့်မည်။

ကျွင်းရှောင်ယောက်က လေထဲတွင်ရပ်နေကာ
တစ်ဖက်ကို နောက်ပစ်ပြီး လက်တစ်ဖက်တည်းဖြင့်
လက်သီးချက် ထုတ်ဖော်လိုက်သည်။

တစ်ချိန်တည်းမှာပင် ကမ္ဘာခြောက်ခု
ထွက်လာသလိုမျိုး၊ ပြန်လည်ဝင်စားခြင်း
စွမ်းအားကလည်း ပေါက်ကွဲကာ ထွက်လာခဲ့၏။

ဤပြန်လည်ဝင်စားခြင်း လမ်းကြောင်းခြောက်ခုက
ကျွင်းရှောင်ယောက်၏ လက်သီးချက်မှ
ပေါက်ကွဲထွက်နေသော ကမ္ဘာငယ်ခြောက်ခု

ဖြစ်ပုံရသည်။

ယင်းက အဓိပဓိလက်သီးသိုင်း၊
လမ်းကြောင်းခြောက်သွယ်
ဆမ်ဆာရာလက်သီးသိုင်းပင် ဖြစ်တော့သည်။

လက်သီးတစ်ချက် ထုတ်ဖော်သည်နှင့်
ဟင်းလင်းပြင်က ဆူပွက်သွားရသည်။

လက်သီးချက်က ကြောက်မက်ဖွယ်ကောင်းသော
အလင်းလှိုင်းကို တိုက်ရိုက် ဖျက်ဆီးသွား၏။
ဤလက်သီး၏ ကြောက်မက်ဖွယ်စွမ်းအားက
ရုပ်တန့်ကြရန် မဖြစ်နိုင်ပေ။

မင်းသမီးလုံကျိ၏ မျက်နှာအမူအရာက သိသိသာသာ
ပြောင်းလဲသွားခဲ့သည်။ ထိုကြောက်စရာကောင်းသော

ပြန်လည်ဝင်စားခြင်းလက်သီးသည် သူမကို
အလွန်အန္တရာယ်များသည်ဟု ခံစားရစေခဲ့၏။

"ချွမ်"

ဓားဆွဲထုတ်သံ ထွက်ပေါ်လာသည်။

မင်းသမီးလုံကျိုက နဂါးသဏ္ဌာန် ဘလက်ဂိုလ်းဓားကို
တစ်ဖန် ထုတ်ဖော်လိုက်၏။

တစ်ဖက်တွင် ကျွင်းရှောင်ယောက်၏
လမ်းကြောင်းခြောက်သွယ်
ဆမ်ဆာရာလက်သီးသိုင်း၏
ကြောက်စရာကောင်းသော စွမ်းအားကြောင့် လူတိုင်း
မျက်လုံးများ တောက်ပနေသလို...

တစ်ဖက်မှာလည်း ယခင်ကကဲ့သို့

ဖြစ်သွားမည်လောဟု သိချင်နေကြသည်။

ကျွင်းရှောင်ယောက်လည်း
ဘလက်ဂိုလ်းဓားအောက်တွင်
အရှုံးပေးရတော့မည်လော။

အားကြီးသော နဂါးစွမ်းအင်များဖြင့် နဂါးသဏ္ဌာန်
ဘလက်ဂိုလ်းဓားကို မြင်သောအခါ
ကျွင်းရှောင်ယောက်၏ နှူတ်ခမ်းများက
လှောင်ပြောင်သရော်ဟန်ဖြင့် တွန့်ကွေးသွားခဲ့သည်။

"ဓားတစ်ချောင်းနဲ့ ကစားပွဲကို လှန်နိုင်မယ်လို့
ထင်နေခဲ့ရင်... အခု မင်းကို အမြင်ကျယ်စေမယ်"

ကျွင်းရှောင်ယောက်က သူ့လက်ကိုမြှောက်ပြီး
လေထဲကို ဖမ်းဆုပ်လိုက်သည်။

သူ့အမှုအရာကြောင့် အားလုံးက တအံ့တသြ
ဖြစ်သွားကြချိန်...

ဟင်းလင်းပြင်က အမှန်တကယ် ကွဲအက်သွားခဲ့သည်။
ရှေးကေရာဇ် အရှိန်အဝါများ ပြည့်နှက်နေသော
ရှေးဟောင်းဓားတစ်ချောင်းသည်
အက်ကြောင်းအတွင်းမှ အမှန်တကယ် ထွက်လာခဲ့၏။

ဂျင်းဓားအလင်းက ကောင်းကင်ကိုးပါးနှင့်
ကမ္ဘာဆယ်ခုတို့တွင် လင်းလက်နိုင်ပုံသည်။

"ဝုန်း"

ရှေးဟောင်းဓား ထွက်လာသည်နှင့် တပြိုင်နက်
ဟင်းလင်းပြင်သည် ပြိုကျသွား၏။

ဂင်းသည်ကား ကေရာဇ်လက်နက်၊ ပန်ကေရာဇ်ဓားပင်
ဖြစ်တော့သည်။

တုန်လှုပ်ခြောက်ခြားသည်။

စာမဖွဲ့နိုင်အောင် ထိတ်လန့်ကုန်သည်။

ပန်ကေရာဇ်ဓား ထွက်ပေါ်လာခြင်းသည်
ရောက်ရှိလာသူတိုင်းကို အံ့အားသင့်စေပြီး
အသိစိတ်များ ထုံကျင်ကာ ခန္ဓာကိုယ်များလည်း
တုန်လှုပ်သွားတော့သည်။

"အဲဒီစွမ်းအား... ဒါ ကေရာဇ်လက်နက်ပဲ"

"အဲဒါက ပန်ကောင်ဏားပဲ၊
ပန်ဝူနတ်ဘုရားမင်းဆက်ရဲ့ ကောင်လက်နက်တစ်ခု၊
ဒါက ကျွင်းရှောင်ယောက်ရဲ့ လက်ထဲကို
ဘယ်လိုရောက်နေတာလဲ"

"ဘုရားရေ၊ ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က
ကောင်လက်နက်ကို တကယ်ကြီးပိုင်ဆိုင်ထားတယ်။
ဒါက ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ"

တုန်လှုပ်ချောက်ချားနေသော အသံများက ကမ္ဘာအနှံ့
ပဲ့တင်ထပ်သွားသည်။

အားလုံး တုန်လှုပ်ကာ အာခေါင်များ
ခြောက်ကပ်သွား၏။

ယင်းက ကောင်လက်နက်ပင်တည်း။

အင်မော်တယ် အင်အားစုတိုင်းအတွက်၊
ကောရုဇ်လက်နက်မှာ အစောင့်အရှောက်များကဲ့သို့
ဖြစ်သော်လည်း ယခုအခါ ကျွင်းရှောင်ယောက်မှ
အလွယ်တကူ ထုတ်ဖော်လာခဲ့ပြီ ဖြစ်သည်။

ယင်းက လူတိုင်းကို
တုန်လှုပ်ချောက်ချားသွားစေသည်။

"ပန်ကောရုဇ်များ"

ပန်ဝူဘုရားမင်းဆက်မှ လူစုဖက်တွင်လည်း
ပန်ဝူဘုရားမင်းဆက်၏ ကျင့်ကြံသူများမှာ
မျက်နှာများ အေးခဲပြီး အသက်ရှူပင်
ရပ်သွားကြသည်။

'သခင်က ပန်ကောရုဇ်ရဲ့ များသုံးချောင်းကို

အမှန်တကယ် စုဆောင်းထားနိုင်ခဲ့တာပဲ'

ဝူမင်ယွဲ့လည်း စိတ်ထဲမှ ရေရွတ်ကာ
ကျွင်းရှောင်ယောက်ကိုလည်း ပို၍ပင်
သဘောကျသွားမိ၏။

ယခုအခါ အမျိုးမျိုးသော ရှေးဟောင်းမိသားစုများ၊
အင်မော်တယ် အင်အားစုများနှင့်
ရှေးဟောင်းတော်ဝင်မိသားစုများအားလုံး
အုံအားသင့်ကာ တုန်လှုပ်ချောက်ချားသွားတော့သည်။

ကျွင်းမိသားစုဝင်များပင် အုံအားသင့်ပြီး ခဏချင်း
မတုံ့ပြန်နိုင် ဖြစ်ကုန်သည်။

"ရှောင်ယောက်မှာ ကောင်လက်နက်တစ်ခု
ရှိတာလား"

ကျွင်းကျန်းထျန်းလည်း ရုတ်တရက်

အသိစိတ်ပျောက်သွားကာ ရေရွတ်လိုက်မိသည်။

ကောရာဇ်လက်နက်များသည် ကျွင်းမိသားစု၏
ရတနာအိမ်၌ပင် အနည်းငယ်မျှသာ ရှိသည်။

ယခုတော့ ကျွင်းရှောင်ယောက်ဟာ
ကောရာဇ်လက်နက်တစ်ခုကို အမှန်တကယ်
ရှာတွေ့ခဲ့သလော။

ကျွင်းကျန်းထျန်းသည် သူ့မြေးကို
အလွန်ယုံကြည်မှုရှိသော်လည်း ငယ်ငယ်ရွယ်ရွယ်နှင့်
ကျွင်းမိသားစုကို
အံ့အားသင့်စရာကြီးကြီးမားမားပေးစွမ်းနိုင်သည့်
စွမ်းရည်မျိုးရှိလိမ့်မည်ဟု တစ်ခါမှ မတွေးခဲ့ဖူးပေ။

"ဟားဟားဟား၊ ငါ့ရဲ့ ကျွင်းမိသားစုက

နတ်ဘုရားသားတော်ဆိုတာ
မျှော်လင့်ထားတဲ့အတိုင်းပါပဲလား"

အခြား ကျွင်းမိသားစု၏ အကြီးအကဲများလည်း အားပါးတရ ရယ်မောလိုက်ကြသည်။

"ငါတော့ သေချာသွားပြီ၊ နင်ကော ဘယ်လိုလဲ"

တတိယစီကွမ် ကျွင်းမူလန်က ဆွံ့အနေပြီးမှ ပြောလိုက်သည်။

"ငါကောပဲ"

ဒုတိယစီကွမ် ကျွင်းဝူရှန့်ကလည်း တုံ့ဆိုင်းစွာဖြင့် ပြန်ဖြေလေသည်။

"ဝမ်းကွဲညီရှောင်ယောက်၊ ငါက မင်းလောက်မတော်ပါဘူး..."

ကျွင်းလုံခန်းလည်း အံ့ဩသွားကာ သူ့ရင်ထဲမှ
တိုက်ခိုက်လိုစိတ်များအားလုံး လုံးဝ
ငြိမ်သက်သွားခဲ့သည်။

ကေရာဇ်လက်နက်ပင် ထွက်ပေါ်လာမှတော့ သူက
မည်သို့ နှိုင်းယှဉ်ပါမည်နည်း။

အခြားသူများက ထိတ်လန့်ခြင်း၊ အံ့ဩခြင်း
သူမဟုတ် မယုံနိုင်မှုများကိုသာ ခံနေရသောလည်း...
တိုက်ပွဲအလယ်မှ မင်းသမီးလုံကျိမှာ မျက်နှာတစ်ခုလုံး
သွေးဆုတ် ဖြူရော်သွားတော့သည်။

သူမ၏ တစ်ကိုယ်လုံးလည်း မတည်မငြိမ်
ဖြစ်သွားသည်။

ကေရာဇ်လက်နက် ထွက်ပေါ်လာမှတော့ သူ့ကို

မည်သို့ယှဉ်နိုင်ပါမည်နည်း။

ကောရာဇ်လက်နက်အရှေ့တွင် မင်းသမီးလုံကျိုက
ငါးသလဲတိုးမလေးမျှပင် မကောင်းနိုင်တော့ပေ။

အခန်း (၂၈၅) ပြီးပါပြီ။